
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ

အခုတော့တက္ကသိုလ်ပေါ့ . . . .
ဆရာဇော်ဂျီ မိန့်ဆိုဖူးတာသတိရမိတယ် သူငယ်ချင်းတို့ . . .

တက္က(ကြံစည်ခြင်း)၊ သီလ(အလေ့အကျင့်)
ဒီနှစ်ခု ပေါင်းစပ်ထားသောအရပ်သည် တက္ကသိုလ်မြည်ပါ၏။

ငါတို့ ဘာတွေကြံစည်နေကြသနည်း။
ငါတို့ ဘာတွေလေ့ကျင့်နေကြသနည်း။

အစလည်းစဉ်းစားပါ ၊အဆုံးလည်းစဉ်းစားပါ သူငယ်ချင်းတို့
စာမေးပွဲအောင်ဖို့မလို၊ ပညာတတ်ဖို့သာလိုပါ၏။
စာမေးပွဲအောင်ဖို့မသင်၊ တတ်အောင်သင်ဖို့သာလိုပါ၏။

တက္ကသိုလ်ဟူသော ဆိုင်းဘုတ်က အိမ်ရှေ့တွင်လည်းတင်လို့ရ၏။
ဇရပ်ရှေ့တွင်လည်း တင်လို့ရ၏။
ဆိုင်းဘုတ်တင်တိုင်းကား တက္ကသိုလ်မဖြစ်၊

ဆိုင်းဘုတ်မတင်သော်ငြား
စဉ်းစားကြံစည်ခြင်း အလေ့အကျင့်ရှိသောအရပ်တိုင်းသည်
ကား . . . .
တက္ကသိုလ်မြည်ပါ၏။

ဆရာဇော်ဂျီကို ကန်တော့မိပါ၏။

သိုးဆောင်း

# သိုးဆောင်း

ရွှေသမီးစာပေ

အမှတ်၊ ၁၉၂ (၃၉)လမ်း ကျောက်တံတား ၊ရန်ကုန်မြို့။
ဖုန်း ၊ ၀၁ ၂၄၂၂၁၉ ၊ ၀၉ ၅၁၀[illegible]၀။

www.burmeseclassic.com

www.burmeseclassic.com

သားသား စီစဉ်၍

ရွှေ သ မီး စာ ပေ မှ
တင်ဆက်သည်။

အကြိမ်
ပထမအကြိမ်

ထုတ်ဝေသူ
ဦးတင်ကိုကို (ရွှေသမီးစာပေ)
အမှတ်-၁၂၅၊ ၃၉ လမ်း ကျောက်တံတား ရန်ကုန်။

ပုံနှိပ်သူ
ရွှေပြည်ဟိန်း ၊(၀၉၉၅၈)
၂၁၄အမှတ်(၂)မိုလ်တာထောင်ဈေးလမ်း၊
ရန်ကုန်။

စာအုပ်ချုပ်
ရွှေသမီး
အဆင့်မြင့်စာအုပ်ချုပ်လုပ်ငန်း

ပုံနှိပ်ခြင်း
၂၀၁၄ ခုနှစ် ၊ဇန်နဝါရီလ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး ၂၀၀၀ ကျပ်

ထောင်း ၈၉၅.၈၃

( မြကျွန်းညီမှဟုတ်သော်လည်း ) သူဝေး ။ ရန်ကုန်၊
ရွှေသမီးစာပေ၊ ၂၀၁၄
-စာ၊ ၁၂၅၊ ၁၉.၅ စင်တီ။ (၁) မြကျွန်းညီမှဟုတ်သော်လည်း

# မြကျွန်းညီမှဟုတ်သော်လည်း

www.burmeseclassic.com

www.burmeseclassic.com

မြကျွန်းသို့ဖတုတ်ဝေသော်လည်း

တကယ်တော့ ဘိုစွန်မှာ သူ့ထက်အသက် ဆယ့်ငါးနှစ်ကျော် လောက်ပင် ကြီးပါသည်။ သို့သော် တစ်ဝိုင်းတည်း ထိုင်သောက်လျှင် ယမကာဖွား သက်တူရွယ်တူများပင် မဟုတ်ပါလား။ ဒီတော့ အခေါ် အဝေါ် အသုံးအနှုန်းကအစ ခင်ဗျားနှင့် ကျွန်တော်ပင် ဖြစ်၏။

• • •

ထိုနေ့က ကျောင်းရှေ့တွင် အန်ဖတ်ပုံတို့အလယ်၌ မူးပြီး အိပ်ပျော်နေသူကျောင်းသားတစ်ယောက်ကို ထူးထူးခြားခြား မြင်ရပါသည်။

ကျောင်းဖွင့်ရက် ပထမနေ့မှာ –

လန်းစွင့်တက်ကြွနေသော ကျောင်းသား/သူတို့ အလယ်မှာ –

အမိတက္ကသိုလ်၏ ရင်ငွေ့တော်အောက်မှာ . . . .

တက်လူကတော့ တက္ကသိုလ်သမိုင်းတွင် နေ့သစ်တစ်ရက် စိုက်ထူနိုင်ခဲ့လေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## သိန်းဌေး
(ရွှေဘိုဆောင်)

ခေါင်းတွေ တဆစ်ဆစ်ကိုက်နေသည်ကြောင့် ပထမချိန်ပြီးသည်နှင့် သိန်းဌေးအခန်းပြင် ထွက်ခဲ့ပါသည်။ ညက လမ်းထိပ်လက်ဖက်ရည်ဆိုင်တွင် ဘောလုံးပွဲကြည့်ကာ မနက်လေးနာရီမှ အဆောင်ပြန်ရောက်သည်။ အဆောင်တွင်လည်း ကောင်းကောင်း အိပ်မပျော်ခဲ့။

အကြောင်းက သုံးပွဲလောင်းတာ သုံးပွဲလုံး ငွမ်းသွားခဲ့သည် မဟုတ်ပါလား။ မနက်ကျောင်းလာတော့ ဝင်ရှင်းပေးခဲ့ရသော ရှုံးကြေးကပင် နည်းနည်းနောနောမဟုတ်။ ယခုတော့ အိတ်ကပ်တွင်း ငါးရာသာ ကျန်ပါတော့သည်။ အချိန်စောသေးသည်မို့ ဗိုက်မဆာသေး။

ဆာလည်း ကျောင်းပြင်ထွက်၍သာ အထမ်းသည်ထံတွင် အသုပ်စားရတော့မည်။ ငါးရာနှင့်က ကျောင်းကန်တင်းများတွင် ကပ်လို့ရမည် မဟုတ်။ လောလောဆယ်တော့ အရမ်းအိပ်ချင်နေသည်။ ထို့ကြောင့် ခြေလှမ်းများက အိပ်လို့ရမည့်နေရာတစ်ခုဆီ ဦးတည်ကာထားသည်။

သမိုင်းဆောင်အနီးမှ ရေကန်၊ ထိုရေကန်ပတ်လည်မှာ သစ်ပင်ကြီးများ အုပ်အုပ်ဆိုင်းဆိုင်းရှိသည့်အပြင် လူသူလည်း အရောက်အပေါက်နည်းသည်။ အရင်နှစ်တွေကတော့ ကျိတ်ဝိုင်းများပေါသော အရပ်ဖြစ်၏။ ယခုတော့ ကျောင်းဖွင့်စပင် ရှိသေးတာမို့ ဝိုင်းမဖွဲ့လောက်သေး။



ရေကန်အနီးရောက်တော့ ချုံပုတ်တစ်ခုအကွယ်တွင် ကျောင်းသားတစ်ယောက် ထိုင်နေသည်ကို မြင်ရပါ၏။ သူ့လိုအိပ်စက်ရန် နေရာယူနေခြင်းတော့ မဟုတ်။ ထန်းရည်ကို မရေသန့်ဘူးနှင့်ထည့်ကာ မိုက်နှင့် စုပ်သောက်နေခြင်း၊ ခိုးသောက်နေသော အမူအရာမျိုးလည်းမဟုတ်။ လူသူကင်းလွတ်ရာ အရပ်မှာမို့ အေးအေးလူလူ စည်းစိမ်ခံနေသော အမူအရာမျိုး။

ပထမတော့ ကိုယ့်လမ်းကိုယ်သွားဖို့ စဉ်းစားမိသော်လည်း ခေါင်းတွင်းဝင်လာသော အကြံတစ်ခုနောက်မှာ . . . ဒါဟာ ငွေလိုနေသော သူ့အဖွက် ခွင်ကောင်းတစ်ခု ဖြစ်သွားနိုင်သည်မဟုတ်ပါလား။ သစ်ပင်ကွယ်တွင်ရပ်ကာ ထန်းရည်ကုန်အောင် ခဏစောင့်ကြည့်နေလိုက်သည်။

ထန်းရည် ကုန်သွားစဉ်မှာတော့ . . .

အကွယ်မှထွက်လာသော သူ့ခြေသံကြားစဉ် သကောင့်သားမှာ ထန်းရည်ဘူးကို ခပ်ဝေးဝေးလွှင့်ပစ်၏။ ဒါပေမဲ့ သူလိုကိုယ်လို ကျောင်းသားတစ်ဦးဖြစ်ကြောင်း သိတော့ . . .

"ခင်ဗျားကလည်း လန့်လိုက်တာဗျာ"

မလုံသလို အမူအရာဖြင့် နောက်လှည့်ပြောရာ . . .

"လုပ်စမ်းပါဦးဗျ . . . ထန်းရည်ကျန်သေးရင်"

သိန်းဌေး ခပ်တည်တည်ပြောပြီး ဘေးမှာ ဝင်ထိုင်လိုက်သည်။

"မရှိတော့ဘူးဗျ . . . ကုန်လို့ လွှင့်ပစ်လိုက်တာ ခင်ဗျား အမြင်ပဲ"

"သောက်နေတာ ကြာပြီလား"

"ကြာပြီ . . . ကျောင်းရောက်တည်းကပဲ"

သိန်းဌေး လေးစားစွာ ပခုံးတွန့်မိလိုက်သည်။ တကယ့် ကိုကြီးကျော် နွှယ်ဖွားတွေပါလား။ မျက်နှာကို တစ်ချက်ရှိုးတော့ နည်းနည်းအရှိန်တက်နေသလို နီစစဖြစ်နေသည်။

"ခင်ဗျားကြည့်ရတာ ထန်းရည် တော်တော်ကြိုက်မယ့်ပုံပဲ"

www.burmeseclassic.com

"ဟာ . . . အညာသားလေဗျာ။ ထန်းရည်ကြိုက်တာကတော့ လာမယှဉ်နဲ့"

အညာသားဆိုပါလား။ ဒီလိုဆို ခွင်တည့်လေပြီ။

"ဟုတ်တယ်ဗျ . . . ကျွန်တော့်သူငယ်ချင်းတွေထဲမှာလည်း အညာသားတွေရှိတယ်။ ထန်းရည်ကို တအားကြိုက်တာ။ ပြီးတော့ ရေလည်း တော်တော်ကြောက်ကြတယ်။ ခင်ဗျားတို့အညာသားတွေ ရေကြောက်တာ ထုံးစံလား"

"ဘာလဲဗျ . . . ရေကြောက်တာ"

လျှာမလေးတလေးနဲ့ ပြန်မေးလာတော့ . . .

"သြော် . . . ဒီလိုဗျာ။ မြစ်ရေ၊ ချောင်းရေကို ကြောက်တတ်တယ်လို့ ပြောတာ။ ရေထဲ မဆင်းရဲဘူးပေါ့ဗျာ"

"ခင်ဗျား ဘယ်သူပြောလဲ"

"ပြောတာမဟုတ်ဘူး။ လက်တွေ့ပဲ။ ကျွန်တော်တွေ့ဖူးသမျှ အညာသားတွေအကုန်လုံး ရေကြောက်ကြတယ်"

အမည်မသိ အညာသားကြီးမှာ ထူအမ်းအမ်းမျက်နှာနှင့် ခေါင်းကို ဘယ်ညာယမ်းသည်။

"ပေါက်ကရတွေပါဗျာ . . . ဘယ်အညာသားမှ ရေမကြောက်ဘူး။ ကျွန်တော်ဆို ဧရာဝတီမြစ်ကမ်းဘေးမှာနေတာ ရေကြောက်ဖို့မပြောနဲ့ ဧရာဝတီမြစ် ဟိုဘက်ကမ်း၊ ဒီဘက်ကမ်းလောက်ကတော့ အသာလေးပဲ"

သိန်းဌေး ဖျတ်ခနဲ ထိုလူ့လက်မောင်းကို လှမ်းကိုင်ကြည့်လိုက်သည်။ ပြီး ခပ်မဲ့မဲ့ပြုံးရင်း . . .

"မဖြစ်နိုင်ဘူး ထင်တယ်နော်။ ခင်ဗျားလက်မောင်း ကိုင်ကြည့်ရတာ ပျော့ဖတ်ဖတ်နဲ့ ဧရာဝတီဟိုဘက်ကမ်း ဒီဘက်ကမ်းတော့ မဖြစ်နိုင်လောက်ဘူး"

ထန်းရည်ရှိန်နှင့် မခံချင်မှုပေါင်းကာ မျက်နှာကြီး နီတက်လာသည်။



"ကျွန်တော့်အထင်တော့ ခင်ဗျား . . . ဒီရေကန်၊ ဟိုဘက် ဒီဘက်တောင် ရောက်မယ်မထင်ဘူး"

"ဘာလို့ မရောက်ရမှာလဲဗျ"

"မဟုတ်ဘူးနော် . . . စဉ်းစားဦး။ ဒါက ရေသေ၊ ရေရှင်လို မဟုတ်ဘူး၊ မကူးတတ်ရင် ပွဲသိမ်းသွားမယ်"

"ဘာပွဲမှမသိမ်းဘူး။ ဒီလောက်ကတော့ လက်ကြီးတုပ်ပြီး ကူးတောင်ရောက်တယ်"

"ဟုတ်ပါ့မလား . . . ဒါဆို ခင်ဗျားနဲ့ ကျွန်တော် လောင်းမလား"

"လောင်းမယ်၊ ဘယ်လောက်ကြေးလဲ"

"ငါးရာကြေး"

သူကောင်းသားမှာ လွယ်အိတ်တွင်း မွှေနှောက်ရှာဖွေပြီး ငါးရာတန်တစ်ရွက် ထွက်လာသည်။ သိန်းဌေး အိတ်ထဲမှ ငါးရာတန်တစ်ရွက်ကို ခပ်သွက်သွက် ထုတ်လိုက်၏။ ပိုက်ဆံနှစ်ရွက်ကို ခဲနှင့် မြေမှာဖိပြီး ကြောလိုက်။ လက်စွမ်းပြချင်နေသူ အညာသားမှာ ရေကန်ထဲ ဒိုင်ဗင်ထိုးဆင်းသွားတော့၏။

ပြီးလေပြီ။ ဟိုဘက်ကမ်းရောက်တာမရောက်တာ ကိုယ်နှင့်ဆိုင်တော့။ ကိုယ်နှင့်ဆိုင်တာက ကျောက်ခဲဖိထားသော ပိုက်ဆံတစ်ထောင်၊ အိတ်တွင်းထည့်ကာ လှည့်ပြန်မည်ပြင်ဆင်မှာပဲ . . .

"အာ . . . ဝု . . . ဝု . . . ဗွမ်း . . . ဗွမ်း . . ."

ထူးဆန်းသော အသံများကြောင့် နောက်လှည့်ကြည့်စဉ် . . .

"ဟာ . . ."

မျက်လုံးပြူးသွားရသည်။ ဧရာဝတီ ဟိုဘက်ကမ်း၊ ဒီဘက်ကမ်း ကူးနိုင်သည်ဆိုသော ညောင်ဦးဖီးလက်သစ် ကမ်းမှ ဆယ်ပေအကွာလောက်တွင် ရေနစ်နေပြီ။

"အာ . . . ဝု . . . အာ . . . ဝု . . ."



www.burmeseclassic.com

www.burmeseclassic.com

ကန်ထဲတွင် မြုပ်လိုက်၊ ပေါ်လိုက်နှင့် မပဋာရေလူးသွားစဉ်မှာ တော့ . . .

"ကယ်ကြပါဦးဗျို့ . . . ဒီမှာ ကျောင်းသားတစ်ယောက် ရေနစ်နေလို့ ကယ်ကြပါဦး"

သံကုန်ဟစ်အော်တော့ ခဏချင်းပဲ လူတွေ ဝိုင်းလာသည်။ ရေကန်တွင် လက်ညှိုးထိုးပြရင်း . . .

"ဟိုမှာ . . . ဟိုမှာ . . . လုပ်ကြပါဦး၊ သေပြီလားမသိဘူး"

ရေကူးတတ်သူများ၊ ကန်တွင်းခုန်ဆင်းကာ ကယ်ဖို့ကြိုးစားသည်။ နီးစပ်ရာ ဆရာ/မများလည်း ရောက်လာသည်။

လက်ကြိုးတုပ်ပြီး ကူးမည်ဆိုသော ညောင်ဦးဖီးလက်သစ်မှာ တော့ . . .

• • •

"ကဲ . . . ပြောစမ်း၊ မင်းတို့ ဘာဆင်းလုပ်ကြတာလဲ"

ကျောင်းအုပ်ကြီးအော်သံက အခန်းတွင်းမှာ ဟိန်းထွက်သွား၏။ တစ်ခန်းလုံး ငြိမ်သက်တိတ်ဆိတ်ပြီး ကျောက်ရုပ်တွေအလား တောင့်မတ်ကာ နေပါသည်။ သိန်းဌေးမှာ မတ်တတ်ရပ် လက်ပိုက်နေပြီး အညာသားကတော့ ခုံတစ်လုံးမှာ မှေ့တော့တော့ထိုင်နေ၏။

ဆရာတစ်ဦး၏ အဝတ်အစားနှင့် လဲဝတ်ထားသည်မို့ ပုံစံက ကပိုကရို၊ ရေမွှမ်းထားသည်ကြောင့် မျက်လုံးများ နီရဲကာ သုတ်ထားသော ဆံပင်က ရေမပြောင်၍ တစ်ချောင်းချင်း ထောင်လျက်ရှိနေသည်။ ဆရာအချို့လည်း အခန်းတွင်းမှာ၊ ကျောင်းအုပ်ကြီး ဒေါပွနေသည်မို့ သူတို့လည်း မလှုပ်ရဲ။

ဖြေရှင်းသံ ထွက်မလာတော့ . . .



"ဒါမင်းတို့ အပျော်အပျက် ရေဆင်းကူးရအောင် တူးထားတဲ့ ရေကန် မဟုတ်ဘူးကွ၊ နားလည်လား။ မတော်လို့ သေသွားရင် ငါတို့ အကုန်လုံးထောင်ထဲ ရောက်သွားလိမ့်မယ်။ မင်းတို့ကွာ . . . တောက်"

တောက်ခတ်သံကြောင့် ညောင်ဦးဖီးလက်သစ်မှာ တုန်သွားသည်။ သေချာပေါက် ကျောင်းထုတ်ခံရပြီဟူသော အသိနဲ့ မျက်နှာပါ ညိုးကျသွား၏။

"ကဲ . . . ပြောကြလေကွာ၊ မင်းတို့ ဘာဆင်းလုပ်ကြတာလဲ"

သိန်းဌေး သက်ပြင်းကို ချလိုက်ပါသည်။ မဖြစ်တော့။ တစ်ဖက်က မလှုပ်တော့ သူပင် ဦးဆောင်ဖြေရှင်းရတော့မည်။ ခေါင်းဆောင်စိတ်ဟူသည် တာဝန်ယူတတ်ခြင်းက စတင်လာသည်မဟုတ်ပါလား။

"အမှန်အတိုင်းပြောရရင်တော့ ကျွန်တော်တို့ ရေဆင်းကူးတာ မဟုတ်ပါဘူး"

ကျောင်းအုပ်ကြီး မျက်လုံးပြူးကာ ဆရာအားလုံးမှာ ခေါင်းမော့သွား၏။ ချက်ချင်းပင် သိန်းဌေးပုံစံက နတ်ဝင်သလို ဆေးတို့ခံလိုက်ရသလို ဖြစ်သွားကာ . . .

"ကျွန်တော် အဆောင်ကထွက်လာကတည်းက ကိုယ့်ကိုယ်ကိုယ် သတိထားမိတယ်။ ဘာလဲဆိုတော့ ကျွန်တော်ဟာ ပုံမှန်မဟုတ်ဘူး။ အာရုံထွေပြားပြီး ရင်တွေတုန်နေတယ်။ ပြီးတော့ ကျွန်တော့်ကိုယ်ထဲမှာ ကျွန်တော်မဟုတ်တဲ့ အခြားတစ်ယောက် ဝင်နေသလိုပဲ"

"ဟေ့ကောင် . . . မင်းဘာတွေ ပြောနေတာလဲ"

ကျောင်းအုပ်ကြီးက နားမလည်စွာ ထမေးတော့ သိန်းဌေး မသိဆောင်ဆောင်နေလိုက်၏။ အတွေးထဲမှာ မျောနေသလို စိတ်ကူးထဲမှာ ဝင်စားနေသလို။ ကိုယ်တိုင်ကြုံတွေ့ခဲ့ရသော သမိုင်းရာဇဝင်တစ်ခုကို ပြောပြနေသလို . . .

"ကျွန်တော့်နားထဲမှာ နာမည်ခေါ်သံတစ်ခုကို ကြားနေတယ်။ ကျွန်တော်နာမည်ကို ခေါ်နေတာ၊ ဟိုးအဝေးကြီးက လှမ်းခေါ်နေသလို



www.burmeseclassic.com

www.burmeseclassic.com

မျိုး ဆွဲဆွဲငင်ငင်နဲ့။ အတန်းထဲမှာထိုင်ပြီး စာသင်နေတယ်ဆိုတာတောင် မေ့သွားရပါတယ်။ သုံးခါလောက် ခေါ်သံကြားပြီးတော့ ကျွန်တော် မနေနိုင်တော့ဘူး။ စာသင်ခန်းပြတင်းပေါက်ကနေ အပြင်ကို ခေါင်းထွက်ကြည့်လိုက်တယ်။ အဲ့ဒီမှာ အဘွားကြီးတစ်ယောက် အဆောင်ဝင်ပေါက် သံဘာဂျာတံခါးကိုကိုင်ပြီး ကျွန်တော့်ကို လက်ယပ်ခေါ်နေတယ်။ ဆံပင်တွေ ဆွတ်ဆွတ်ဖြူပြီး တစ်ခါင်းလုံးလည်း ပန်းတွေဝေလို့။ ကျွန်တော့်ကိုကြည့်ပြီး လက်ယပ်ခေါ်နေတာ။ ကျွန်တော် မနေနိုင်တော့ဘူး။ ထိုင်ရာက ထပြီး အခန်းပြင် ထွက်သွားလိုက်တယ်"

စကားကိုရပ်တော့ အားလုံးက သူ့ကို မမြင်ဖူးသော လူတစ်ယောက်လို တအံ့တဩ ကြည့်နေသည်။ ညောင်ဦးဖီးလက်သစ်ပင် သူ့ကို အကြောင်သားငေးလို့ . . .

"အပြင်ရောက်တော့ အဲ့ဒီအဘွားကြီးက ကျွန်တော့်ခေါင်းကို ပုတ်ပြီး တစ်နေရာခေါ်သွားတယ်။ သူ ဘယ်သူလဲဆိုတာ ကျွန်တော် မသိဘူး။ ဒါပေမဲ့ ကျွန်တော့်စိတ်က အဲ့ဒီအဘွားကြီးနောက်ကို အလိုလိုလိုက်ချင်နေတယ်။ မလိုက်ရ မနေနိုင်အောင်လည်း စိတ်တစ်ခုခုက ကျွန်တော့်ကို ဦးဆောင်နေတယ်ထင်မိတယ်။ လမ်းတစ်လျှောက်လုံးလည်း ကျွန်တော် ဘာကိုမှမသိတော့ဘူး။ တစ်နေရာရောက်တော့ အဘွားကြီးက လက်ညှိုးထိုးပြတယ်။

ကြည့်လိုက်တော့ . . . အမယ်လေးဗျာ . . . လှလိုက်တာ။ ကျွန်တော် တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးအောင်လှတဲ့ လမ်းမကြီး၊ ရှေ့မှာလည်း ဝတ်ကောင်းစားလှတွေဝတ်ပြီး လူတွေသွားနေကြတယ်။ ကျွန်တော့်ကိုလည်း သူတို့က လက်ယပ်ခေါ်နေတယ်။ စိတ်ထဲမှာ သူတို့နောက် လိုက်ချင်စိတ်တွေ ထိန်းမရတော့ဘူး။ လမ်းမကြီးပေါ် ခြေချလိုက်တယ်ဆိုရင်ပဲ ဇက်ပိုးကိုတစ်ယောက်ယောက် ပိတ်အုပ်လိုက်သလို



ကျွန်တော် လည်ထွက်သွားပါတယ်။ မြေပေါ်မှောက်ကျပြီး သတိရတဲ့အချိန်မှာ ရေကန်စပ်ကို ရောက်နေပြီ။ အဲ့ဒီမှာ ရေနစ်နေတဲ့သူ့ကို တွေ့တာပါပဲ"

"ဟာ . . ."

"ဟယ် . . ."

"ဘုရား . . . ဘုရား . . ."

ဆရာတွေ ပါးစပ်ဟောင်းလောင်းပွင့်သွားစဉ် ရွှေညာသားကို မျက်လုံးတစ်ဖက် ဖမ်းမှိတ်ပြလိုက်သည်။ ထိုစဉ်မှာပဲ . . .

"ဟုတ်ပါတယ် . . . ကျွန်တော်လည်း သူ့အတိုင်းပါပဲ။ စာသင်နေတုန်းမှာ နာမည်ခေါ်သံကြားလို့ တွက်ကြည့်တော့ တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေတဲ့ မိန်းမကြီးတစ်ယောက်ကို တွေ့ရတယ်။ သူကပဲ ဦးဆောင်ခေါ်သွားပြီး လမ်းမကြီးတစ်ခုကို ညွှန်ပြပါတယ်။ သူ ပြောသလိုပါပဲ။ တစ်သက်နဲ့တစ်ကိုယ် မမြင်ဖူးလောက်အောင် လှတဲ့ လမ်းမကြီးပါ။ ဝတ်ကောင်းစားလှတွေနဲ့ လူတွေအများကြီးလည်း သွားနေပါတယ်။ ကျွန်တာ ဘာမှမသိတော့ဘူး။ သူတို့နောက် လိုက်ချင်တဲ့စိတ်ပြင်းပြပြီး ပြေးဆင်းသွားတာပါ။ ကျွန်တော်သိနေတာတစ်ခုကတော့ စိတ်ထဲမှာ တအားပျော်နေတယ်ဆိုတာပါပဲ"

ကျောင်းအုပ်ကြီးအသံ ထွက်မလာတော့၊ နားထောင်နေသော ဆရာများလည်း မျက်စိမျက်နှာတွေ ပျက်ကုန်သည်။ ဒီလိုဆိုတော့လည်း မခေပါလားဟုပင် ရွှေညာသားကို သိန်းဌွေး ချီးကျူးမိလိုက်သည်။

"မင်းတို့ တကယ်ပြောနေတာလား"

ကျောင်းအုပ်ကြီး အမေးစကားဆုံးစဉ် သိန်းဌွေး ခေါင်းကိုငုံ့ချပစ်လိုက်၏။ ထိုနောက်မှာ ဝမ်းနည်း ပက်လက်ထွက်လာသော လေသံမျိုးဖြင့် . . .

"အသက်နဲ့ရင်းထားရပါတယ် . . . ဆရာကြီးရဲ့"

www.burmeseclassic.com

ရွှေညာသားက Tempo ကို တစ်ဆစ်ချိုးကာ တရှုတ်ရှုတ်ငိုသည်။ လက်မတင်လေး အသက်ပြန်ရှင်ခွင့်ရသည့်ပုံစံမျိုး တရှုတ်ရှုတ်ငိုနေရာမှ သူ့ဘက်လှည့်လာပြီး . . .

“သူငယ်ချင်းရာ . . . မင်းကို အရမ်းကျေးဇူးတင်ပါတယ်ကွာ၊ ငါ့မှာ မင်းပေးတဲ့အသက်ပဲ ရှိပါတော့တယ်”

ရွှေညာသား၏ အိုက်တင်နောက်မှာ ကျောင်းအုပ်ကြီးမျက်နှာကို လှမ်းရှိုးမိပါလိုက်ပါသည်။ အခြေအနေတစ်ရပ်ကို ဆင်ခြင်မိသွားပြီး ချိန်မှာ သိန်းဌေးလျို့ဝှက်စွာ ပြုံးမိလိုက်တော့၏။

သေချာပေပြီ။ သူတို့ ကျောင်းထုတ်ခံရမည် မဟုတ်တော့။

• • •

ထိုသတင်းမှာ နောက်တစ်နေ့မနက်မှစပြီး တစ်ကျောင်းလုံးကို တုန်လှုပ်သွားစေခဲ့ပါသည်။ သမိုင်းဆောင်ဘေးရေကန်နှင့် ပတ်သက်၍လည်း ထင်ကြေးအမျိုးမျိုးတွေ ထွက်ကုန်သည်။

ရေကန်တွင် ဥစ္စာစောင့်ရှိသည်ဆိုတာမျိုး၊ ကန်အောက်တွင် သိုက်နန်းရှိရာ ရေကန်တူးစဉ်က သိုက်နန်းနှင့် မလွတ်ဘဲ ရှိခဲ့သည်ဆိုတာမျိုး၊ ကျောင်းအုပ်ကြီးကို အိပ်မက်ပေးကာ ယခုဥစ္စာစောင့်မှာ လူလဲချင်နေသည်ဆိုတာမျိုး သတင်းစုံအောင် ထွက်သွားသည်။

ကျောင်းသူ/သားများမှာလည်း ထိုအနီးဝန်းကျင်ကို အလိုလိုရှောင်ကုန်ကြပါသည်။ နောက်ဆုံး နတ်ဆရာတစ်ယောက်ပင့်ကာ ကန်တော့ပွဲပေးရသည့်အဆင့်ထိပင် ဖြစ်သွား၏။

သိန်းဌေးတို့ မချက်ကတော့ တစ်ကျောင်းလုံး တုန်လှုပ်ခဲ့ချေပြီ။

ᨏ ᨏ ᨏ

ထိုကိစ္စတွေ လွန်မြောက်ပြီး၍
တစ်ခုသော အင်္ဂါနေ့မနက်ခင်းဘွင် . . .

www.burmeseclassic.com

www.burmeseclassic.com

# I

ဝန်ထမ်းကြိုပို့ ကားပေါ်က ဆင်းဆင်းချင်းမှာပင် ကျောင်းတွင်း၌ တစ်ခုခုဖြစ်နေပြီဆိုတာ ဦးသက်ဆွေ ရိပ်မိလိုက်သည်။ အမှန်က ကျောင်းထဲမှာမဟုတ်။ သူကိုယ်တိုင်က တစ်ခုခုဖြစ်နေတာပါ။ ဘာဖြစ်မှန်းလည်း သူမသိ။ မြင်တွေ့သမျှ ကျောင်းသား/သူတွေအားလုံးက သူ့ကိုကြည့်ကာ ပြုံးစိစိ လုပ်နေသည်။

လှူကွယ်ရာရောက်တော့ ပုဆိုးပြင်ဝတ်ကာ ကိုယ့်ကိုယ်ကိုယ် တစ်ပတ်ပတ်ကြည့်လိုက်၏။ အားလုံး အဆင်ပြေပါသည်။ ဒါဆို ဘာကြောင့် ကျောင်းသားတွေ သူ့ကိုကြည့်ပြီး ပြုံးစိစိ ဖြစ်နေရပါသနည်း။ ပိုသေချာစေရန် နီးစပ်ရာ Toilet တွင်းဝင်ကာ မှန်ကြည့်လိုက်သည်။

ဘာတစ်ခုမှ အမှားယွင်းရှိမနေပါ။ ပါဠိဆရာဦးသက်ဆွေမှ ဦးသက်ဆွေအစစ်၊ ဒီလိုဆိုတော့ ကိုယ့်ကိုယ်ကိုယ် စိတ်ချစွာဖြင့် စာသင်ခန်းများကိုဖြတ်ကာ ဆရာများ နားနေဆောင်သို့ ဝင်သည်။

စားပွဲမှာ ထိုင်ပြီးမကြာမီ ထုံးစံအတိုင်း ကန်တင်းမှ လက်ဖက်ရည်နှင့် ပေါင်မုန့်ကြက်ဥကြော် ရောက်လာ၏။ စားနေတုန်းမှာပဲ အတန်းဝင်ရန် ခေါင်းလောင်းသံထွက်လာသည်။ ဒီတော့ စားသောက်ခြင်းကို လက်စသတ်၍ ဝင်ရမည့် အခန်းရှိရာသို့ ထွက်ခဲ့ပါတော့သည်။



မတ်တပ်ရပ် နှုတ်ဆက်ပြီးချိန်မှာ အပိုးမသေသော မျက်နှာများကို ခန်းလုံးပြည့် မြင်ရ၏။ သူ ရပ်နေတာတောင် ရှေ့ဆုံးတန်းမှ ကျောင်းသူတစ်ဦး ဘာကို သဘောကျသည်မသိ။ 'ခစ်' ခနဲ ထရယ်သည်။ 'ဒိုင်း' ခနဲ လှမ်းကြည့်တော့ ချက်ချင်း မျက်နှာပိုးသတ်ကာ ငြိမ်သွား၏။

တစ်ခန်းလုံးကို ခါးထောက်၍ ခပ်ကြာကြာ ရပ်ကြည့်နေလိုက်သည်။ ပြက်ချော်ချော်မျက်နှာပိုးတွေ အကုန်သေသွားတော့မှ စာသင်သည်။ သူပဲ ရပ်တည်ထားလို့လား မသိ။ စာသင်ချိန်တစ်ဝက်ကျိုးသည်အထိ မည်သူမှ ဖောက်မလာဘဲ။

စလာသည်က အတန်းချိန်ပြည့်ဖို့ ဆယ်မိနစ်အလိုလောက်မှာဖြစ်သည်။ ကျောင်းသားသုံးဦး စာအုပ်တစ်အုပ်ကို ခေါင်းချင်းဆိုင်ကာ ဖတ်နေ၏။ သင်နေသောစာကို ဂရုမထားသည့်အပြင် တစ်ချက်တစ်ချက် ရယ်သံများပင် ထွက်လာနေကာ . . .

"ဟို နောက်ဆုံးတန်းကသုံးကောင် မသင်ချင် ထွက်သွားလို့ရတယ်။ တခြားကျောင်းသားတွေကို အနှောင့်အယှက်မပေးနဲ့"

စကားဆုံးတော့ သုံးကောင်လုံး မတ်တပ်ထရပ်ပြီး စပ်ဖြီးဖြီး မျက်နှာနှင့် တစ်ယောက်က . . .

"ကျွန်တော်တို့လည်း သွားတော့မလို့ပါ ဆရာ။ သူများတွေ ဆောင် ပိုက်ဆံစုနေကြပြီဆိုတော့ ကျွန်တော်တို့လည်း လက်ဖွဲ့ငွေ ထွက်ရှာကြတော့ မလို့ပါ"

တစ်ခန်းလုံး 'ဝါး' ခနဲ ထရယ်သည်။ အာခေါင်လုံ့ရူးမည့် သုံးဆောင်ကတော့ အခန်းတွင်းမှ ခပ်သုတ်သုတ် ထွက်သွား၏။ ဘာတစ်ခုမှ နားမလည်လိုက်သော ဦးသက်ဆွေ ဒေါပွသွားရကာ . . .

"ဘုန်း . . . ဘာဖြစ်နေကြတာလဲ . . . တိတ်စမ်း"

စားပွဲကို ခပ်ကြမ်းကြမ်း ရိုက်ပစ်လိုက်တော့ ပါးစပ်တွေ ပိတ်သွားသည်။ ဦးသက်ဆွေ ဘယ်လိုမှ သည်းမခံနိုင်တော့၊ ကျောင်းရောက်



www.burmeseclassic.com

www.burmeseclassic.com

တည်းက သူ့ကိုကြည့်ပြီး အသားလွတ် ရယ်နေကြသည့် ကိစ္စသည်ကား . . .

"ကဲ . . . ဘာတွေ ဒီလောက်ရယ်နေကြတာလဲ ပြောစမ်း"

" . . . . . . . . . . "

"ပြောကြလေ . . ."

ခုံကို နောက်တစ်ကြိမ် ထပ်ရိုက်ရင်း တစ်ခန်းလုံးကို ဘီလူးကြည့် ကြည့်ပစ်လိုက်သည်။ ပြင်းထန်သော တုံ့ပြန်မှုနောက်မှာ အားလုံးက ဆိတ်ဆိတ်ငြိမ်လျက်။

ဘာသံမှ ဆက်ထွက်မလာတော့။

ဒီတော့မှ ဒေါသကိုလျှော့ကာ . . .

"စာဆက်သင်မယ်"

ထိုစဉ်မှာပဲ ရုံးဝန်ထမ်းလေးတစ်ဦး အခန်းရှေ့ အပြေးအလွှားရောက်လာကာ . . . .

"ဆရာ . . . ကျောင်းအုပ်ကြီး ခေါ်နေတယ်"

• • •

စာအုပ်လေးတစ်အုပ် စားပွဲပေါ် ပြုတ်ကျလာ၏။

"ဒါက ဘယ်လိုဖြစ်တာလဲ"

ကျောင်းအုပ်ကြီး၏စကားနှင့် အပြုအမူကြောင့် ဦးသက်ဆွေ အံ့ဩသွားရသည်။ ကျောင်းအုပ်ကြီးမှာ မျက်နှာတစ်ပြင်လုံး ရဲဗလောင်းခတ်နေပြီး ဒေါသကို မနည်းချုပ်တည်းထားရဟန်များ ပေါ်နေရကာ ..

"ဘာဖြစ်လို့လဲ . . . ဆရာကြီး"

"သိချင် ပထမဆုံးမျက်နှာကို ဖတ်ကြည့်လိုက်"

စာအုပ်ကို ယူကြည့်တော့ မျက်နှာဖုံးတွင် 'ကြီးလေးကြီး' ဟူသော နာမည်ကို တွေ့ရသည်။ ကျောင်းသားတွေ အပျော်အပျက် စု



ထုတ်ထားသော ကဗျာစာအုပ်ပုံစံမျိုးပင်။ အမိန့်တော်ချွေသည့်အတိုင်း ကဗျာကရာ အတွင်းစာမျက်နှာကို လှန်ကြည့်လိုက်တော့ . . .

ပထမဆုံး စာမျက်နှာတွင် ပေါ်လာသည်က . . .

**ဆရာနှင့် သမီး**

ပန်းလေးကို ချိုး
သူ့ခေါင်းမှာထိုး
ဆရာသက်ဆွေနဲ့
မေမြတ်နိုး

ကျောင်းရှေ့မှာတွေ့
မြို့ထဲမှာ ဒိတ်
ပက်ပင်းတွေ့တော့ ခပ်ဆိတ်ဆိတ်

မပြောလည်း သိ
ပြောလည်း သိ
တပည့်များလှန်တော့ ပြန်ဆုံ၏

နားလည်ပါတယ်
နောက်ကွယ်မှာရယ်
လက်ဖွဲ့ပေးဖို့ စုနေတယ်။

ဘုကြီး



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . ."

ဦးသက်ဆွေ ဒူးညွတ်ကျမသွားအောင် အနိုင်နိုင် ထိန်းလိုက်ရသည်။ ရုက်စိတ်ကြောင့် တစ်ကိုယ်လုံးလည်း မွှန်ထူသွားရကာ . . .

"ဒါ . . . ဒါ . . . သက်သက်မဲ့ . . ."

"ငြင်းဦးမလို့လား"

ဖြတ်ပြောလိုက်သော ကျောင်းအုပ်ကြီး စကားကြောင့် ဦးသက်ဆွေ ဘာဆက်ပြောရမှန်းပင် မသိတော့ပါ။ ကျောင်းအုပ်ကြီးကိုတော့ ငြင်းမရနိုင်တော့။ လူရှင်းသော စားသောက်ဆိုင်တစ်ဆိုင်တွင် သူတို့နှင့် ကျောင်းအုပ်ကြီး ပက်ပင်းဆုံထားဖူးသည် မဟုတ်ပါလား။

"ဟိုကောင်မလေးပဲလား"

ဦးသက်ဆွေ အံကိုကြိတ်လိုက်ရင်း . . .

"ဟုတ် . . . ဟုတ်ပါတယ်"

"ကျုပ်က အပြင်က အောက်မေ့နေတာ"

ဦးသက်ဆွေ ရုက်စိတ်ဖြင့် မွှန်ထူကာ ခေါင်းကို မဖော်တမ်း ငုံ့နေလိုက်သည်။

"ဘယ်အတန်း . . . ဘယ်မေဂျာကလဲ"

"ကျွန်တော့်မေဂျာကပါပဲ"

တုန်တုန်ယင်ယင်ဖြင့် ပြန်ဖြေသော ဦးသက်ဆွေစကားကို ကျောင်းအုပ်ကြီးက မကြားယောင်ပြုပြီး . . .

"အခု ခင်ဗျား ဘာဆက်လုပ်ဖို့ စဉ်းစားထားလဲ။ ဒီစာအုပ်က တစ်ကျောင်းလုံး ပျံ့သွားပြီ"

ဦးသက်ဆွေ မဖြေနိုင်တော့။ ဘာလုပ်ရမှန်းပင် မသိတော့ပါ။ မဟာအရက်တော် ကွဲပေပြီ။ ဖြစ်နိုင်လျှင် ဒီအခန်းထဲကပင် မထွက်ချင်တော့။ အခုချိန်ဆို မြတ်နိုးလေးလည်း . . .

"ခင်ဗျားတို့ အကြောင်းသိတွေထဲကပဲ ထုက်တာနေမှာ။ ကြီးလေးကြီးဆိုတာ ဘယ်သူတွေလဲ ခင်ဗျားသိလား"



ဦးသက်ဆွေ အံကို တစ်ချက်ဖိကြိတ်ရင်း . . .

"မသိပါဘူး။ ဒါပေမဲ့ အမြန်ဆုံး သိအောင် ကြိုးစားမှာပါ။ သိရင်တော့လား"

ကျောင်းအုပ်ကြီး သက်ပြင်းချပါ၏။ ဒေါသအရှိန်လည်း အနည်းငယ် လျော့သွားသလို ရှိသည်။

"ကျန်တာတွေ ဆက်ဖတ်ကြည့်ပါဦး"

ပြတ်ထွက်လုမတတ် နှုတ်ခမ်းကို ကိုက်ကာ နောက်တစ်ရွက် ထပ်လှန်တော့ . . .

**တို့ကျောင်း**

ဆယ်တန်းအောင်လာ တို့ကျောင်းမှာ
ပညာသင်ကြားကြ။
လယ်ကွင်းအလယ် ဝက်ယူမွှယ်
တင့်တယ်လှပေစွ။
ကျောင်းသားကျောင်းသူ ချစ်ကြည်ဖြူ
ကျူရှင် အမြဲယူရ။
ကျောင်းပြီးအထုပ်ထမ်း ရှာကိုတန်း
ကြက်မွေး ဝက်မွေးကြ၊
ကျောင်းပြီးအိမ်ပေါင် မပြခဲ့အောင်
အပြတ်ရောင်းလိုက်ကြ။

**အောင်ကြီး**



www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်ပုဒ် ဆက်ကြည့်ရာ . . .

## ညောင်မိန်း

ပိုက်ဆံရေနေသည့်၊
ရန်ပုံငွေ တော်တော်များ၏၊
ရယ်ရယ်မောမော၊
ပေါ့ပေါ့ပါးပါး
တော်တော်မောသလား။

ကျောင်းကြီး

ဒီတစ်ခါတော့ ဦးသက်ဆွေ မျက်မှောင်ကြုတ်သွားရကာ နားလည်ရခက်သော မျက်နှာဖြင့် . . .

"ကဗျာခေါင်းစဉ် 'ညောင်မိန်း' ဆိုတာက . . ."

မျက်ထောက်ကြီးနီကာ ထအော်သည်။

"ညောင်မိန်းဆိုတာ ငါ ငြိမ်းမောင်ကို ပြောတာပေါ့ကွ"

* * *



ကဗျာမှာ စုစုပေါင်း (၉) ပုဒ်ပါ၏။

ကြိုလေးကြီးလည်း ချက်ချင်း နာမည်ကြီးသွားသည်။

ထိုနေ့မှာပင် ကျောင်းမှ သတင်းတစ်ပုဒ် ထုတ်ပြန်လာပါသည်။

**"ကြိုးလေးကြီးကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရန်"**

ဘယ်လိုပဲဖြစ်ဖြစ် လွတ်လပ်၍ အချုပ်အချယ်ကင်းရှင်းသော တက္ကသိုလ်နေ့ရက်တစ်ခုသည်က သမိုင်းတစ်ခေတ်ဆန်းသစ်လာချေပြီ။



www.burmeseclassic.com

www.burmeseclassic.com

## II

တက်လူတစ်ယောက် အဝတ်စား ဖိုသီဖတ်သီဖြင့် ခေါင်းငိုက်စိုက်ကျကာ အဆောင်သို့ ပြန်လာခဲ့သည်။ ခပ်လှမ်းလှမ်း ကားမှတ်တိုင်တွင် ကျောင်းသားအချို့ အိမ်ပြန်ရန် ကားစောင့်နေကြ၏။ သူကတော့ အဆောင်နေကျောင်းသားတစ်ဦးမို့ အေးဆေးစွာပင် လျှောက်လာခဲ့ပါသည်။

ညနေ လေးနာရီကျော်ပြီဖြစ်သော်လည်း နေမှာ ပူကောင်းတုန်းပင် ရှိသေး၏။ သစ်ပင်ငယ်အချို့သာ ဖြစ်ထွန်းသေးသော အရပ်ပေမို့ နေပြင်းပြင်းအောက်မှာ ကျောင်းတက်ရသော ဒုက္ခက မသေးလှ။ လမ်းထိပ်လက်ဖက်ရည်ဆိုင်ကို ဖြတ်တော့ . . .

"ဟေ့ကောင် . . . တက်လူ . . ."

အသံကြားရာ လှည့်ကြည့်တော့ ဆိုင်တွင်းမှာ အဖွဲ့စုံနေသည်။ မျိုးအောင်၊ နိုင်ဦးနှင့် သိန်းဌေး၊ လွယ်အိတ်ကိုယ်စီ လွယ်ထားသေးသည်ကိုထောက်တော့ ဒီကောင်တွေလည်း အဆောင်ပြန်ရသေးဟန်မတူ။ တက်လူ ဆိုင်တွင်းသို့ဝင်ကာ ခုံတွင် ဝင်ထိုင်တော့ . . .

"ဘာသောက်မလဲ"



နိုင်ဦး အမေးကို ခေါင်းခါပြရင်း . . .

"စောသေးတယ် . . . ငါးနာရီမထိုးသေးဘူး"

နိုင်ဦးတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် ကြည့်မိသွားသည်။ သစ္စာတော့ရှိသား။ တက်လူမှာ ကျောင်းဖွင့်စနေ့တွင် အစွမ်းကုန် ကျော်ကြားသွားပြီးနောက်ပိုင်း အရက်ကို မိုးလင်းမိုးချုပ်မသောက်တော့။ Full time မှ part time ကို ပြောင်းလိုက်သည်။ ညနေ ငါးနာရီကျော်မှသာ ယမကာကို စတင်သည်။ ကျန်အချိန်များတွင် လုံးဝမထိတော့။

"လက်ဖက်ရည်ကို ပြောတာပါကွ"

သိန်းဌေးက ရယ်ကျဲကျဲ ဝင်ပြောရာ . . .

"မကြိုက်ဘဲ အားနာပြီး သောက်လာရတာ နှစ်ပေါင်း နှစ်ဆယ်ကျော်ရှိနေပြီ။ အခုတော့ ကိုယ့်ကိုယ်ကိုယ် နားလည်သွားပြီ။ စိတ်မပါရင် ဘာမှမလုပ်တော့ဘူး"

"အားပါး . . . မိုက်လှချည်လား"

"နောက်ရေးမယ့် ကဗျာလား"

ပိုင်းဝန်းထောပနာပြုသံတွေ တစ်ယောက်တစ်ပေါက် ထွက်လာ၏။ တက်လူကတော့ အဆီပြန်နေသော မျက်နှာကို တစ်ချက်ပွတ်ရင်း ခပ်မိန့်မိန့် ပြုံးကာ . . .

"တကယ် အမြင်မှန် ရသွားပြီ။ စိတ်မပါရင် ဘာမှမလုပ်တော့ဘူး"

"စိတ်ပါရင်ရော"

"စိတ်ပါရင်တော့ သိကြားမင်း ဆင်းတားလည်း လုပ်မှာပဲ"

တစ်ချိန်လုံးငြိမ်နေသော မျိုးအောင်က လက်မ ဝင်ထောင်၍ -

"ပွတ်တယ် . . . ဒါကြောင့်မလို့ ဒီကောင့်စာသားတွေ ပေါက်နေတာ"



www.burmeseclassic.com

www.burmeseclassic.com

အနည်းငယ်ကျယ်သွားသည်မို့ သိန်းဒွေးက ပတ်ဝန်းကျင်ကို တစ်ချက်ရှိုးရင်း . . .

"တိုးတိုး . . ."

လေးယောက်လုံး တိုင်ပင်မထားဘဲ ကိုယ်ရှိန် တန့်သွားမိကြသည်။ အနည်းငယ် ငြိမ်သွားတော့ နိုင်ဦးက အဆိုတစ်ခု တင်သွားလာ၏။

"ဒီည . . . ငါ့အဆောင်က ကောင်တွေ သရဖီကို သီချင်းသွား ဆိုကြမလို့တဲ့။ မင်းတို့ လိုက်မလား"

"ဘယ်အချိန်လဲ"

"၈ နာရီလောက်ပေါ့"

"ဒီည အဓိဋ္ဌာန်ပုတီးစိပ်ဖို့ ရှိတယ်"

"ဘောလုံးပွဲ ကြည့်ရမှာ"

မျိုးအောင်နှင့် သိန်းဒွေးတို့ဆီမှ ကန့်ကွက်သံတွေ ထွက်လာသည်။ တက်လူဘက်ကို မျက်နှာမူရင်း . . .

"တက်လူရော . . ."

"အခြေနေအရပဲ ရေချိန်မကျော်သေးရင်တော့ လိုက်ခဲ့မယ်"

တက်လူ လိုက်မည်ဆို၍ နိုင်ဦး အနည်းငယ်တော့ အားတက်သွားရ၏။ ထိုစဉ်မှာပဲ ဆိုင်ပိုင်ရှင်ဦးပြောင်ကြီး အကျီကျွတ်ဖြင့် အနား ရောက်လာကာ . . .

"သရဖီကို သွားမယ်ဆိုတာ ဘယ်သူတွေလဲ"

"ကျွန်တော်တို့ . . . ဦးပြောင်ကြီးလိုက်မလို့လား"

ဦးပြောင်ကြီးက ကောင်တာတွင်ထိုင်နေသော မိန်းမဖြစ်သူကို တစ်ချက်လှမ်းကြည့်သည်။ ပြီးတော့ . . .

"အလုပ်ပြီးရင်တော့ လိုက်လို့ရတယ်ကွ။ ဒါပေမဲ့ (၈) နာရီဆိုတော့ မင်းတို့ဟာက မစောလွန်းဘူးလား"



"ဟာ . . . အတော်ပဲလေ။ (၈) နာရီဆို အဆောင်မှာ လူစုံပြီပဲ"

နိုင်ဦးစကားကြောင့် ဦးပြောင်ကြီးမှာ နှုတ်ခမ်းကို မဲ့ရင်း . . .

"ဘယ်က လူစုံရမှာလဲ . . . အဆောင်ပိတ်တာ (၇) နာရီ။ ရေချိုးမှာနဲ့ ထမင်းစားမှာနဲ့။ ကိုရီးယားကားကြည့်မှာနဲ့ အနည်းဆုံး (၉) နာရီလောက်မှ လူစုံမှာ။ (၈) နာရီသွားရင်တော့ မင်းတို့ကို အားပေးမယ့် ပရိသတ်နည်းနေလိမ့်မယ်"

"ဦးပြောင်ကြီးက ဘယ်လိုလုပ်သိလဲ"

"ဟ . . . ငါ့ဆိုင်မှာ သရဖီ၊ ပိတောက်၊ နှင်းဆီ၊ ဇီဇဝါ အဆောင်တကာ့အဆောင် လှည့်ပြီး သီချင်းဆိုနေတဲ့ အဖွဲ့တွေ ထိုင်နေကျလေကွာ။ ဒီလောက်တော့ သိတာပေါ့"

ဦးပြောင်ကြီးအဆိုကြောင့် နိုင်ဦး အနည်းငယ် ငြိမ်သွားပါသည်။ နိုင်ဦးကို ကြည့်ရတာ သူကိုယ်တိုင်လည်း ကောင်းကောင်း သိပုံမပေါ်။ ဒါပေမဲ့ ဦးပြောင်ကြီးကို ခပ်တည်တည် လှမ်းကြည့်ပြီး . . .

"ဦးပြောင်ကြီး တကယ်လိုက်မှာလား"

"၉ နာရီလောက်ဆို လိုက်မယ်ကွာ"

"ဟုတ်ပြီဗျာ . . . အဲဒါဆိုလည်း အဆောင်ကကောင်တွေကို ကိုးနာရီလောက် ကျွန်တော် ဆွဲထားလိုက်မယ်။ ဦးပြောင်ကြီးဘက်က သေချာတယ်နော်"

"အိုကေ"

ဦးပြောင်ကြီးက လက်မထောင်ပြသည်။ သို့သော်လည်း နိုင်ဦး စိတ်မချ။ ကောင်တာကို တစ်ချက်လှမ်းကြည့်ပြီး . . .

"ဦးပြောင်ကြီး မိန်းမကရော လွှတ်ပါ့မလား"

ထိုမေးခွန်းကို ဦးပြောင်ကြီးက လက်တွေ့ ဖြေရှင်းပါ၏။



www.burmeseclassic.com

www.burmeseclassic.com

"မိန်းမရေ . . . ငါ ဒီည ဒီကောင်တွေနဲ့ လိုက်ပြီး လက်စွမ်းပြလိုက်ဦးမယ်"

ယောက်ျားကို ချစ်တာလား၊ တားမရနိုင်လို့ပဲလား မပြောတတ်။ ယောက်ျားဖြစ်သူကို ကောင်တာမှ ခပ်ပြုံးပြုံး လှမ်းကြည့်ကာ . . .

"သိပ်မိုးမချုပ်စေနဲ့နော်"



# III

သားသမီးယုံ စုံလုံးကန်းဟူသော စကားကိုတော့ ကြားဖူး၏။ ထခု ဦးပြောင်ကြီးကို ယုံလိုက်မိရာမှာတော့ တစ်ယောက်တည်း စုံလုံးထန်ရုံမဟုတ် လူပေါင်းများစွာ စုံလုံးကန်းရချေပြီ။ အကြောင်းကား ဦးပြောင်ကြီး၏ ပြောစကားကိုယုံပြီး နိုင်ဦး အပါအဝင် မနေဖြူဆောင်သားများ သရဖီသို့ ည (၉) နာရီကျော်မှ ထွက်ခဲ့ကြသည်။

အဆောင်ရှေ့ရောက်စဉ်မှာတော့ ရည်ရွယ်ချက်တစ်လျှော်ကြီးနှင့်မြုပ်လေတော့သည်။ အကြောင်းက သူတို့လို ဆို/ အော်အဖွဲ့များ သရဖီဆောင်ရှေ့တွင် ကြိုတင်ရောက်နှင့်နေသည်မဟုတ်ပါလား။ တစ်ဖွဲ့ပင်မဟုတ်၊ နှစ်ဖွဲ့တောင်၊ အဆောင်ပေါ်တွင်လည်း အားပေးသူများ စုံစုံညီညီနေသည်။

အကုန်လုံးက ဦးပြောင်ကြီးမျက်နှာကို ဝိုင်းကြည့်စဉ် မှုံမှုံရှုံရှုံနှင့် ပါလာသော တက်လူက . . .

"ဟေ့ကောင်တွေ . . . ဘယ်လိုလုပ်ကြမလဲ။ ဟိုမှာ နှစ်ဖွဲ့တောင် ရှိနေတယ်။ ချကြမလား"

"ကျွတ် . . . မှုံးရင် ငြိမ်ငြိမ်နေ၊ ဟေ့ကောင် . . . ပြဿနာမရှာနဲ့"



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဦး ဝင်ဟန့်တော့ တက်လူက 'ဟက်'ခနဲ ရယ်သည်။ 'မင်းက ငကျွတ်ပဲ' ဟူသည့် အထာမျိုး၊ ဦးပြောင်ကြီးကတော့ . . .

"အရင်က မရှိပါဘူးကွာ။ ဒီနေ့မှ ဘယ်လိုဖြစ်တယ် မသိဘူး။ ဒါပေမဲ့ မပူပါနဲ့ ငါတစ်ယောက်ပါနေတဲ့ ဥစ္စာ။ မင်းတို့အဖွဲ့ မျက်နှာမငယ်စေရပါဘူး"

နောက်ပြီး သူ့ခါးကို တဘုန်းဘုန်း ပုတ်ပြ၏။ ခါးကြားတွင် ဘာကြီးထိုးလာသည်မသိ။ အင်္ကျီအောက်မှာ ဖုဖောင်းနေသည်။

"ခင်ဗျားခါးကြားက ဘာကြီးလဲဗျ။ ထုတ်ဗျာ . . . ဟိုကောင်တွေကို သွားချမယ်"

တက်လူက အာလေးလျှာလေးဖြင့် ဝင်ပြောပြန်သည်။

"ဟဲ . . . ဟဲ . . . လက်နက်ပုန်းပါကွ။ ဒါမျိုး အခြေအနေကြုံလာရင် ကိုယ့်ဘက်ကအရေးမနိမ့်ရအောင် ယူလာတာ။ အခုတော့ အချိန်မတန်သေးဘူး။ အချိန်တန်တော့ ထုတ်တာပေါ့"

ကိုယ့်အဖွဲ့သားများကို ဝေ့ကြည့်တော့ တက်ညီလက်ညီ ဖြစ်နေကြသော အဖွဲ့များကို ကြည့်ပြီး စိတ်ဓာတ်ကျသလို ဖြစ်နေသည်။ သူတို့က သုံးဖွဲ့မြောက်။ ဒီတော့ အဆောင်သူလေးများ၏ အားပေးမှုကို ရရန် မျှော်လင့်ချက်မှိန်မှိန်သာ ကျန်တော့၏။

ပွဲတိုးခွင့်မရမှာ စိုးရိမ်နေသော သူ့အဖွဲ့ကိုကြည့်ပြီး နိုင်ဦး လက်ကာပြလိုက်သည်။ ထို့နောက် သဘောတူညီမှုတစ်ခု ရလိုရငြား နီးစပ်ရာအဖွဲ့ဆီ လျှောက်သွားလိုက်ပါသည်။ အနီးရောက်တော့ အခြားသူများမဟုတ်ဘဲ သူနဲ့မေဂျာတူ သူငယ်ချင်းများဖြစ်နေသည်ကို တွေ့ရသည်။

အေးအေးသက်သာ ဆွေးနွေးတော့ အဖွဲ့ခေါင်းဆောင်နှင့် သဘောတူညီမှု ရလိုက်သည်။ အဆင်ပြေသွားတော့ သူ့အဖွဲ့ကို လက်ယပ်ခေါ်ကာ . . .

"ဒီကဘော်ဒါတွေက ကျွန်တော်တို့ကို အလှည့်ပေးတယ်ဗျ။ ဟိုအဖွဲ့ပြီးရင် ကျွန်တော်တို့ ဆိုရမယ်"



ဦးပြောင်ကြီးက . . .

"ဘယ်သူတွေလဲလို့ . . . ငါ့ဘော်ဒါတွေပဲ"

ဦးပြောင်ကြီးနဲ့ပင် သိနေပါသေးသည်။ ဒါဆို ပြီးပြီပေါ့။ လူငယ်တွေသဘာဝ အချင်းချင်း လက်ဆွဲနှုတ်ဆက်ကြ၏။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ ညီညွတ်မှုရသွားပြီးချိန်မှာ နိုင်ဦးတို့သည်လည်း နေရာယူပြီး ဖြစ်သွားကြလေပြီ။ လမ်းမီးတိုင်များအောက်မှာ လက်ဦးသူတွေ နေရာယူပြီးသားမို့ သူတို့အဖွဲ့က အလယ်မှာ နေရာယူသည်။

နှစ်ဖွဲ့အလယ်မှာမို့ အနည်းငယ်တော့ မှောင်ရိပ်ကျနေ၏။ ဒါပေမဲ့ အဆောင်ရှေ့တည့်တည့်၊ လက်ရှိဖျော်ဖြေမှုကို လေ့လာတော့ Rock သီချင်းတစ်ပုဒ်ကို လူ့အင်အားကောင်းကောင်းဖြင့် ဝိုင်းအော်နေသည်ကို တွေ့ရသည်။ ထိုစဉ်မှာပဲ ဦးပြောင်ကြီး၏ အခန်းကဏ္ဍမှာ စတင်လာသည်။

"ဟော့ကောင်တွေ . . . ငါတို့ ဘာသီချင်းဆိုမှာလဲ။ သူတို့ပြီးသွားမှ ကိုယ်တွေ မစနိုင်ရင် အရှက်ကွဲမယ်နော်"

"Rockပဲ လုပ်မယ်ဗျာ။ သူတို့လည်း Rockဆိုနေတာပဲ"

ဆံပင်ရှည်နှင့် ဘောင်းဘီဖင်ကြပ်ဝတ်ထားသော တစ်ယောက်က ဝင်ပြောသည်။ ရေချိန်ကိုက်နေသော တက်လူကတော့ . . .

"ကလို့ကောင်းမယ့်သီချင်း လုပ်ကွာ။ ဟိုကောင်တွေဆီမှာ အထာသမားမပါဘူး။ ငါ ထွက်ကမယ်"

"Rapဆိုရင်ရော"

"မင်း ကြီးတော်ကြီး Rap ရမှာလား။ ဒီမှာ ဘယ်သူမှ Rap မဆိုဘူး"

"ကျွန်တော် ရတယ်လေ . . . "

"မင်းတစ်ယောက်တည်းဆိုလို့ ဟိုက ဘာအသံကြားမှာလဲ။ ဆိုနေတဲ့အုပ်ကိုလည်း ကြည့်ဦး၊ တစ်ဖြုံနှစ်ဖြုံ ဝိုင်းအော်နေကြတာ။



www.burmeseclassic.com

www.burmeseclassic.com

မင်းတစ်ယောက်တည်း Rap ရွတ်မယ်ဆိုရင်တော့ အနုပညာအသင်းက အော်လံငှားလာမှ ရမယ်"

နိုင်ဦးစကားမှာ ဟုတ်နေသည်မို့ Rap သမား ငြိမ်သွားသည်။ သူတို့ပြောနေသမျှကို နားထောင်ပြီး ဦးပြောင်ကြီးက စုတ်တစ်ချက် သပ်ကာ . . .

"ကျွတ် . . . အဲဒီမှာ စမှားတာပဲ။ သူလို ငါလို သီချင်းဆိုလို့ မင်းတို့လို ဘယ်သူက အမှတ်ပိုပေးမှာလဲ။ ဒီမှာ ငါ့အတွေ့အကြုံကို ပြောပြမယ်။ အခုလိုမျိုး သူတင်ကိုယ်တင်ဖြစ်လာပြီဆို ကိုယ့်ဘက်က သူများမထင်မှတ်ထားတာ လုပ်ပြနိုင်ဖို့ပဲ။ မဟုတ်ရင် မင်းတို့ ငုပ်သွားမယ်။ ဒီပုတ်ထဲက ဒီပဲပဲဖြစ်နေရင် မင်းတို့ အမှတ်ရမှာမဟုတ်တော့ဘူး"

အလွတ်ကြီးဝင်လာသော ဦးပြောင်ကြီးစကားကြောင့် အားလုံး ကြောင်သွားကြ၏။

"မင်းတို့ မသေမချင်းမှတ်ထား။ အမှတ်ပိုရချင်ရင် သူများမလုပ်တာကိုလုပ်။ အခု ဟိုကောင်တွေက Rock သီချင်းဆိုနေတယ်။ မင်းတို့ Rock သီချင်းလိုက်ဆိုလို့ သူတို့ထက်ကောင်းနေရင်တောင် ချက်ချင်း အမှတ်တက်လာမှာ မဟုတ်ဘူး။ ချက်ချင်း အမှတ်တက်လာဖို့က ဒီကောင်တွေမလုပ်တာ ငါတို့လုပ်မှရမယ်"

"ဒါဆို ကျွန်တော်တို့ ဘာဆိုရမှာလဲဗျ"

"အစဉ်အလာတစ်ခုကို ဆန့်ကျင်တဲ့ သီချင်းပေါ့။ ဥပမာ ကျော်ဟိန်းရဲ့ ဒိုးရတော့မယ် အချစ်ရယ်လိုမျိုး"

"ဟာဗျာ . . . မဖြစ်နိုင်တာ"

"ဦးပြောင်ကြီးကတော့ ကွိုင်ပဲ။ ကျွန်တော်တို့ အကောင်းအောက်မေ့လို့ နားထောင်နေတာ။ လာနောက်နေတယ်"

"ခွီး ခွီး . . . အဲဒါ ပြန်ခါနီးမှ ဆိုရမယ့် သီချင်းဗျ"



ဦးပြောင်ကြီးက 'ညံ့လိုက်တာ' ဟူသော အကြည့်ဖြင့် ပြောသူများကို ခပ်ချဉ်ချဉ်ကြည့်သည်။

"ငါပြောတဲ့ အစဉ်အလာကို ဆန့်ကျင်တယ်ဆိုတာ အဲဒါဝဲ။ ပြန်ခါနီးမှ ဆိုရမယ့်သီချင်းလို့ မင်းတို့ကို ဘယ်သူက သတ်မှတ်ပေးထားလို့လဲ"

"ဟ . . . ဒိုးရတော့မယ်ဆိုမှ ပြန်ခါနီးမလို့ ပြောတာပေါ့ဗျ"

"ကျွတ် . . ."

စုတ်တစ်ချက် သပ်ပြန်သည်။ ပြီးတော့ ပြောသူကောင်လေး ဝနဲ့ကို ခပ်ဆတ်ဆတ်ပုတ်ကာ . . .

"ဒိုးရတော့မယ် . . . အချစ်ရယ် . . . နှုတ်ဆက်ခဲ့ပါတယ်ဆိုလို့သာ လူတွေက နှုတ်ဆက်သီချင်းလို့ ထင်နေကြတာကွ။ တကယ်တော့ အစဉ်အလာဆိုတာ ဘယ်သူမှ သတ်မှတ်တာမဟုတ်ဘူး။ ကိုယ့်ဘာသာ သတ်မှတ်နေကြတာ။ မင်းတို့ပြောသလို ပြန်ခါနီးမှ ဆိုရမယ်ထားပါတော့။ အဲဒါကို ပထမဆုံးဆိုလိုက်ရင် ဘာဖြစ်သွားမလဲ။ ပရိသတ်အားပေးမှု ဘယ်လိုပြောင်းသွားမလဲ မင်းတို့ တွေးကြည့်ဖူးလား"

ငြိမ်သွားကြသည်။

"တွေးကြည့်လိုက်ပါ။ ရလဒ်ဆိုးသွားရင်တောင် မင်းတို့ကို သူတို့ရင်ထဲမှာ အမှတ်တရ ရှိသွားလိမ့်မယ်"

တုံ့ပြန်သူ ထွက်မလာကြ။ ဒီတော့ နိုင်ဦးမျက်လုံးတို့ အခြေစောင့်နေသော ဂစ်တာသမားထံ ရောက်သွားရသည်။ သဘောပေါက်သည်မို့ ဂစ်တာသမားက ချက်ချင်း ခေါင်းညိတ်ပြ၏။ ဟုတ်မဟုတ်တော့ စမ်းကြည့်ရပေမည်။ ဦးပြောင်ကြီးစကားတွေက အတွေ့အကြုံကို အခြေတည်ထားသည် မဟုတ်ပါလား။

ဒီလိုနှင့် တစ်ဖက်အဖွဲ့ သီချင်းသံဆုံးသွားစဉ်မှာတော့ . . .

ဂီတာသံစဉ်တစ်ခုက ဆူညံသော ပတ်ဝန်းကျင်ကို ဖောက်ထွင်း ဖောက်ဝင်ရောက်လာသည်။ သူတို့အုပ်စုမှာလည်း ရယ်နေရာမှ



www.burmeseclassic.com

www.burmeseclassic.com

အဆောင်ရှေ့ဆီ တိုးသွားလိုက်၏။ ထို့နောက်မှာ ထင်မှတ်မထားသော သီချင်းတစ်ပုဒ်သည်ကား . . .

"နေဆိုတာ ပူပြင်းဆုံး မီးခဲကြီး၊ ဒီလိုကြားခဲ့ဖူးတာ မှားသွားတယ်"

တက်လူမှာ ဆတ်ခနဲ ရှေ့ခုန်ထွက်ပြီး 'ဦးကျော်' အိုက်တင်ဖြင့် ရိုက်ဆွဲတော့၏။

"အပူဆုံးဆိုတာ အမုန်းနဲ့အချစ် × × × ကိုယ်တိုင် အသည်းမီးလောင်ကျွမ်းခဲ့တယ်"

အဆောင်အပေါ် တစ်ဝိုက်ဆီမှ 'ဟေး'ခနဲ အားပေးသံတွေထွက်လာပါသည်။ ရိုက်ဆွဲနေသော တက်လူကို ကြည့်ပြီးလည်း လက်ခုပ်ဝိုင်းတီးကြသည်။ အရူးဘုံမြှောက်ပေးလိုက်လေပြီ တက်လူမှာ မူးမူးရူးရူးနဲ့ ကျွမ်းမထိုးရုံတမည် ကပါတော့၏။

အားပေးမှုကို ကြည့်ပြီး ဦးပြောင်ကြီး ပြုံးနေပါသည်။ အတွေ့အကြုံသည် အကောင်းဆုံးဆရာတစ်ဆူ ဖြစ်သွားခဲ့ပြီ မဟုတ်ပါလား။ အဆို၊ အကတွေဖြင့် မြိုင်ဆိုင်သွားသော သူတို့အဖွဲ့ကို အခြားအဖွဲ့များပင် အကြောင်သားငေးလို့။ သီချင်းဆုံးတော့ သရဖီဆောင်၏ အားပေးမှုက အတိုင်းထက်အလွန်။

လက်ခုပ်သံစဲတော့ နေရာဖယ်ပေးထားသော ဒုတိယအဖွဲ့က စတင်သည်။ အားပေးမှုကို အပြည့်အဝရရန် တိုင်ပင်ထားသည်ထင်၏။ ဆိုသော သီချင်းက လက်တလော ရေပန်းစားနေသော Pop သီချင်း ချိုချိုလေးတစ်ပုဒ်။ မိန်းမကြိုက်သီချင်းတစ်ပုဒ် ဖြစ်လေတော့ သူတို့ကိုလည်း အားပေးသူ တော်တော်များသည်။ အဆောင်ပေါ်မှာ လိုက်ဆိုသူများပင် ရှိလာခဲ့၏။

ဦးပြောင်ကြီးက နိုင်ဦးအား မျက်ခုံးပင့်ပြသည်။ လွယ်တော့ မလွယ်ဘူးဟူသည့် အထာမျိုး။ နောက်တစ်ဖွဲ့မှာလည်း သီချင်းပုံစံ



ပြောင်းသွားပါသည်။ ပထမတုန်းကလို ကြမ်းကြမ်းတမ်းတမ်း မဟုတ်တော့။ Rock ကိုပင် အသံကောင်းကောင်းဖြင့် ပညာသားပါပါ ဆိုရသော ခပ်အေးအေးပုံစံမျိုး။

အများကြီးလည်း ဝိုင်းမအော်ကြတော့။ အတိုင်အဖောက် ညီညီဖြင့် နှစ်ဦးသာ ပေါင်းဆိုသွားသည်။ ထိုအဖွဲ့ပြီးပါက သူတို့အဖွဲ့။ သီချင်းတစ်ဝက်ကျိုးတဲ့အချိန်မှာ . . .

"လက်နက်ပုန်းထုတ်ဖို့ အချိန်တန်ပြီ။ မင်းတို့ထဲမှာ မြန်မာသံဘယ်သူရလဲ"

ဦးပြောင်ကြီးစကားကြောင့် နိုင်ဦးတို့အဖွဲ့ တစ်ယောက်ကိုတစ်ယောက် ကြည့်သွားရကာ အားလုံးမှာ မျက်လုံးအကြောင်သား။ တစ်ဦးမှ မြန်မာသံ ရပုံမပေါ်။

"ဘယ်လိုသီချင်းမျိုးလဲ"

"သီချင်းကြီး . . . သီချင်းခန့် ပုံစံမျိုးပေါ့"

တက်လူမှာ ဖောက်တော့၏။

"လုပ်ပြန်ပြီ။ ဦးပြောင်ကြီးကလည်း သီချင်းကြီးဆိုရအောင် ကျွန်တော်တို့က ဆို၊ က၊ ရေး၊ တီးဝင်ပြိုင်နေတာမှ မဟုတ်တာ"

"အေးလေဗျာ . . . ဦးပြောင်ကြီးကလည်း . . လာစားပြန်ပြီ"

ထိုစကားများကို ဂရုမစိုက်တော့။ နိုင်ဦးကို ကြည့်ကာ နောက်တစ်ကြိမ် ထပ်မေးလာ၏။

"မြန်မာသံ ဘာသီချင်းမှ မရဘူးလား"

ခက်ချေပြီ။ မြန်မာသံမပြောနဲ့။ ကိုယ်က စည်းနဲ့ဝါးတောင်ကောင်းကောင်းသိသူမဟုတ်။ နောက်ပြီး ဦးပြောင်ကြီးကိုလည်း အထင်မသေးဝံ့တော့ပါ။ ဦးပြောင်ကြီး အစွမ်းအစက သူတို့အား ပွဲဦးထွက်ထင်ပေါ်သွားစေခဲ့သည်မဟုတ်ပါလား။ အသည်းအသန်စဉ်းစားတော့ -

"အထက်တန်းကျောင်းတုန်းက သင်ရတဲ့ မြမန်းဂီရိသီချင်းတစ်ပုဒ်တော့ ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

ဦးပြောင်ကြီး စဉ်းစားသွားပါသည်။

"အစအဆုံးရလား"

သူလည်း စဉ်းစားသွားရကာ . . .

"အင်း . . . ရဦးမယ် ထင်တာပဲ"

လက်ဖျောက်တစ်ချက် ထတီး၏။

"ဒါဆို အိုကေတယ်။ သူတို့ပြီးတာနဲ့ စမယ်"

ပြောပြောဆိုဆို ခါးကြားမှာ ထိုးထားသော အရာကြီးကို ဆွဲထုတ်သည်။ အားလုံးအလယ်မှာ ဖြန့်ချတော့ ပတ္တလားတစ်လုံး ဖြစ်နေပါသည်။ တော်တော်လည်း အံ့သြသွားရ၏။ မြန်မာသံဆိုနိုင်းရခြင်းသဘောကိုလည်း ယခုမှ နားလည်သွားသည်။ ထိုစဉ်မှာပဲ Rockသမားတို့ ပြီးဆုံးသွားသည်။

"လာ . . . တစ်ယောက်ဝိုင်းဆွဲပေး"

ဦးပြောင်ကြီးက ပတ္တလားကို ဖြန့်ကိုင်ကာ အဆောင်သံတံခါးမှာ တစ်ဖက်ချည်သည်။ နောက်တစ်ဖက်ကို လူတစ်ယောက်အား ဆွဲနိုင်းကာ အသံစမ်းပါ၏။ အဆောင်သူများပင်မဟုတ်။ ပြိုင်ဘက်များပင် သူတို့အဖွဲ့ကို ကြည့်ကာ အထူးအဆန်းသဖွယ်။

မကြာလိုက်၊ ဦးပြောင်ကြီး၏ ပတ္တလားသံနှင့်အတူ အထက်တန်းကျောင်းတုန်းက အာပေါက်အောင်ဆိုခဲ့ရသော သီချင်းတစ်ပုဒ်မှာ ပြန်လည် အသက်ဝင်လာပါတော့သည်။

(မြမန်းဂီရိသေလာတောင် ××× နန်းတည်တောင် ဘုန်းရောင်နေသို့လင်း ××× နောင်ညီကို ရွှေဘိုနွယ်တော်ရင်း၊ ရာဆူဆူ ပြည်သူခဝပ်စင်း ××× ရွှေဘုန်းတော် နှုန်းလျော်စံပျော်ခင်း ××× တေဇာတိုးလို့ဖြိုးဝေ ××× မန်းဌာနေ ××× အောင်ဇေယျာပြည်မင်း)

ပြီးလေပြီ။ တီးသူက တစ်ဦးတည်း။ ဆိုသူက တစ်ယောက်တည်း၊ အားပေးသူနည်းနည်း၊ ဝိုင်းရယ်သူများများ၊ ဒါပေမဲ့ . . .



သီချင်းဆုံးစဉ်မှာ အဆောင်ပေါ်မှ ကျောင်းသူနှစ်ဦး ဆင်းလာပါသည်။ တစ်ဦးက သွက်လက်ပုံရ၍ နောက်တစ်ဦးက သိမ်မွေ့ပုံရသည်။ တစ်ဦး၏လက်ထဲမှာ အိတ်လေးတစ်အိတ်ပါလာသည်။ မြင်ရုံနဲ့ သိခဲ့ပြီ။ ပြက်ရယ်ပြုသူများ ပါလျက်မှ ရှားရှားပါးပါး ဆုချမည့်သူနှစ်ဦး ထွက်လာချေပြီ။

အဆောင်တံခါးရှေ့ ရောက်လာတော့ . . .

"ရော့ . . . ရှင်တို့အဖွဲ့ကို သူက ဆုချတာ"

သွက်လက်သူလေးက သိမ်မွေ့သူလေးကို ညွှန်ပြရင်း ယူလာသောအိတ်ကို သံတံခါးကြားမှ ထိုးပေး၏။

"သူက ဆုချတာဆိုပြီး ဘာလို့ နောက်မှာရပ်နေရတာလဲ ဟင်"

နိုင်ဦးစကားကြောင့် နောက်ဖက်ဆီမှာ ခပ်ယို့ယို့ရပ်နေသူလေး ခေါင်းငုံ့သွားပါသည်။ သနပ်ခါးပါးကွက်ကြားလေးနှင့် ယဉ်ကျေးသော မြန်မာဝတ်စုံလေးနှင့် အသားညိုညို မြန်မာမလေး။

"ဩော် . . . မဟုတ်ပါဘူး။ ကျွန်မ သူငယ်ချင်းက ရှက်တတ်လို့ပါ"

သွက်လက်သူလေးက မြန်မာမလေးကို လှည့်ကြည့်ရင်း ရယ်ကျဲကျဲဆိုတော့ . . . .

"ဟုတ်လား . . . မရှက်ပါနဲ့ဗျာ။ ကျွန်တော်တို့တောင် မရှက်မကြောက်ဆိုကြ၊ ကကြသေးတာပဲ"

မြန်မာမလေး ခေါင်းမော့လာ၏။ ထို့နောက် နှုတ်ခမ်းကို ကိုက်ကာ မပွင့်တပွင့်ဆိုသည်။

"သူက မြန်မာသံတွေ စိတ်ဝင်စားတယ် ထင်တယ်နော်"

ပြည့်လျှံကျနေသော ဗီဇပိုးက ဒီလိုနေရာမှာ ထိန်းမရတော့။

"စိတ်ဝင်စားတာ မဟုတ်ဘူး၊ ချစ်တာ"

"ရှင် . . . "



www.burmeseclassic.com

www.burmeseclassic.com

"ဩော် . . . မဟုတ်ဘူး၊ မြန်မာသံစဉ်တွေကို ချစ်တယ် ပြောတာပါ"

ဖြေရှင်းချက်မဆုံးလိုက်။ တားချိန်ပင်မရလိုက်ဘဲ ကောင်မလေးမှာ နောက်လှည့်ပြေးတော့သည်။

"ဟဲ့ . . . မေဖြူ၊ မေဖြူ . . ."

သွက်လက်သူလေးမှာလည်း ဘာလုပ်ရမှန်းမသိ။ လက်ထဲမှ မုန့်အိတ်ကို နိုင်ဦးလက်တွင်းထိုးပေးရင်း သူငယ်ချင်းဖြစ်သူနောက် ပြေးလိုက်သွားပါသည်။ လက်တွင်းရောက်လာသော မုန့်ထုပ်ကို ငုံ့ကြည့်မိသည့်ခဏ နောက်မှ အဖွဲ့သားများမှာ . . .

"သာဓု . . . သာဓု . . . သာဓု . . ."

• • •

အပြန်လမ်းကတော့ ယနေ့ညအဖို့ သနပ်ခါးနံ့တွေ သင်းနေနိုင်ပါသည်။ မြန်မာမလေးနှင့် ဆုံခဲ့သောကြောင့်ဖြစ်၏။



# IV

"ဆရာတွေ လာနေပြီ။ ပြေး . . . ပြေး . . . ဦးကိုကိုနိုင်ပါ,ဝါတယ်"

အနီးကပ် ဖောက်ခွဲလိုက်သော မိုင်းဗုံးတစ်လုံးကို ကြိတ်ဝိုင်းလေးတစ်ခုမှာ ဝရန်းသုန်းကား ပေါက်ကွဲသွားပါ၏။ ဘယ်သူယူဆောင်လိုက်သော သတင်းမှန်းမသိပေမဲ့ ထိချက်က ပြင်းသည်။ ပိုက်ဆံကျုံးသူကကျုံး၊ ဖဲချပ်တွေ လွှင့်ပစ်သူကပစ်၊ ထပြေးသူက ပြေးနှင့် ကျောင်းထဲမှာ တစ်နေရာတည်း ကွယ်ပြီး ကမ္ဘာပျက်သွားလေပြီ။

သိန်းငွေ ဘာကိုမှ တပ်မက်မနေတော့။ ဖင်ခုထိုင်ထားသော ဖိနပ်ကိုဆွဲကာ အားလုံးကို ဥပေက္ခာပြုရင်း ဘေးလွတ်ရာ ပြေးတော့သည်။ ဒါပေမဲ့ . . .

"ဟေ့ကောင်တွေ . . . မပြေးနဲ့"

'ဟိန်း' ထွက်လာသော အသံဝါကြီးတစ်ရပ်။ ကြားရုံနဲ့ သိလိုက်ပြီ၊ ဆရာဦးကိုကိုနိုင်၊ လက်သံပြောင်သည်။ စည်းကမ်းကြီးသည်။ အသင်းအဆီး ရက်ရောသည်။ အပြစ်ပေးရက်စက်သည်။ ဦးကိုကိုနိုင်မှန်း သိပြီးနောက်မှာ အကြိမ်ကြိမ် ပွဲတိုးဖူးသော ခြေထောက်တွေကို ဘေးချော်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ယောက်တည်း ဝင်ဖမ်းခြင်းမဟုတ်။ အုံနဲ့ကျင်းနဲ့၊ ဘယ်တုန်းတည်းက စောင့်ကြည့် လူစုထားသည်မသိ။ ထင်မှတ်မထားသော နေရာပေါင်းစုံမှ လုံခြုံရေးဝန်ထမ်းများ၊ သန့်ရှင်းရေး အလုပ်သမားများ ထွက်လာသည်။ ဒါပေမဲ့ သူတို့ကိုတော့ သနား၏။ အဓိကက ဦးကိုကိုနိုင်နဲ့ ပက်ပင်းမတိုးစေဖို့။

အားလွတ်ရာအရပ်ကို မှန်းဆရင်း သိန်းဌေးပညာကုန်ထုတ်သုံးတော့ ခဏချင်းနဲ့ ကွန်ကရစ်လမ်းကို လှမ်းမြင်ရသည်။ လက်ထဲမှ ဖိနပ်ကိုချကာ ကပျာကရာ ကောက်စီး၏။ ပြီးတော့ အသင့်ဆောင်ထားသော ဦးထုပ်ကို ထုတ်ကာ ခပ်ငိုက်ငိုက်ဆောင်းသည်။ ပတ်ဝန်းကျင်ကို တစ်ချက်ရှိုးရင်း အပြေးတစ်ပိုင်းဖြင့် ထွက်မည်ကြံစဉ်မှာပဲ . . .

"ဟော့ကောင် . . . ရပ်စမ်း"

သစ်ပင်ကွယ်မှ ထွက်လာသော ဆရာတစ်ဦး။ ဘာဘာညာညာ စဉ်းစားမနေတော့။ သိန်းဌေး ပညာကုန် သုံးရပြန်ပါသည်။ လူရှုပ်ရာ အရပ်ကို ရွေးချယ်ကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျအောင် ပြေးသည်။ ပြေးရင်းနှင့် လှည့်ကြည့်တော့ နောက်မှ ဆရာလည်း ထက်ကြပ်မကွာ ပါလာသည်။

မည်သူမှန်းတော့ မသိ။ ခြေရည်တူ ပါလာနိုင်သည်ကို ထောက်လျှင်တော့ ကျူတာပေါက်စတစ်ဦးဖြစ်ဖို့ များသည်။ လမ်းအတိုင်း တည့်တည့်မပြေးဘဲ လမ်းကြိုလမ်းကြား ဝင်ပြေးသည်။ စာသင်ဆောင်ကို နောက်မှပတ်ကာ အရှေ့ဘက် ကန်တင်းများရှိရာကို ဦးတည်သည်။

လူရှုပ်သော အရပ်ရောက်မှသာ ခြေရာဖျောက်နိုင်မည် မဟုတ်ပါလား။ ဒါပေမဲ့ ပြေးသက်ရင့်သော သိန်းဌေးခြေထောက်ကိုတော့ ရေရှည်မှာ အန်မတုနိုင်ခဲ့။ ကန်တင်းကို မြင်နေရချိန်၌ နောက်ဖက်က ရန်သူကို အနည်းငယ် ချန်ထားနိုင်ခဲ့ပြီ။ ကန်တင်းများ၏ ရှေ့ဘက်မလှမ်းမကမ်းတွင် စိန်ပန်းပင်ကြီးတစ်ပင်ရှိနေသည်။ ထိုအပင်အောက် ခုံတန်းလျားပေါ်တွင် ကျောင်းသူသုံးဦး စာထိုင်ဖတ်နေကြ၏။



ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့။ သိန်းဌေး စိန်ပန်းပင်ကြီးကို ပတ်ကာ ခုံတန်းနောက်သို့ ခုန်ဝင်လိုက်ပါသည်။

"ဟဲ့ . . . ပလုတ်တုတ်၊ ဘာကြီးလဲ"

နောက်ကျောသို့ ခုန်ဝင်လာသော သူ့ကိုကြည့်ပြီး မိန်းကလေးသုံးဦး လန့်ဖျတ်ကာသွားသည်။ သိန်းဌေး နှုတ်ခမ်းကို လက်ညှိုးကပ်ရင်း 'ရှူး . . . တိုးတိုး' လုပ်ပြလိုက်ရသည်။ တောင်းပန်သော အမူအရာဖြင့် လက်ကာရင်း ရှေ့ကို လက်ညှိုးထိုးပြတော့ မယ်မင်းကြီးမသုံးဦး ခေါင်းတွေ ရှေ့ဘက် လည်သွားသည်။

သိန်းဌေးမှာလည်း ခုံတန်းအောက်မှ ရှေ့ချောင်းကြည့်စဉ် မြင်ရသည်က ပုဆိုးတိုတိုဝတ် ဆရာတစ်ဦး၊ ခါးကိုထောက်ရင်း အရပ်သားမျက်နှာကို စုံထောက်ကြည့်ကြည့်နေသည်။ ချက်ချင်းပဲ မယ်မင်းကြီးမများ ခေါင်းတွေ နောက်ဘက်ပြန်ရောက်လာ၏။

သိန်းဌေး လက်အုပ်ချီပြတော့ ကယ်ပါယူပါ ပြောစရာမလိုတော့ချာ ကျောင်းသားချင်းပေမို့ ဒီလောက်ဆို သဘောပေါက်သင့်လေပြီ။ ချွဲဒီးဒီးကျနေသော သူ့ကိုပဲ သနားတာလား။ ကျောင်းသာချင်းမလို့ပဲ ကူညီပေးတာလား မသိ။ မိန်းကလေးသုံးဦး တစ်ဦးနဲ့တစ်ဦး ကပ်ဆိုင်လိုက်ကြသည်။

ထို့နောက် မူလအတိုင်း စာပြန်ဖတ်နေပါသည်။ သိန်းဌေးမှာတော့ မြေတွင်ဝပ်ရင်း တွဲလဲချထားသော ခြေထောက်များကြားမှ ရင်အထိတ်ထိတ် ကြည့်နေရ၏။ ခါးထောက်ရှာဖွေနေသော ဆရာမှာ ကြောခင်အချိန်အတွင်း ဦးတည်ချက်တစ်ခုကို ရွေးချယ်သွားသည်။

အခြားမဟုတ်။ လူရှုပ်သော ကန်တင်းများဆီသို့။ ထွက်သွားသောဆရာ၏ ကျောပြင်ကိုကြည့်ကာ သိန်းဌေးတစ်ယောက် ရင်ထဲမှာ အလုံးကြီး ကျလုကျခင်မှာပဲ . . .

"မမိလိုက်ဘူးလား . . . ကိုထိန်လင်း"



www.burmeseclassic.com

www.burmeseclassic.com

အသံဝါကြီးတစ်ရပ်က ဘယ်ဘက်ခြမ်းဆီမှ ထွက်ပေါ်လာသည်။ ကျောင်းစက်နှင့် အတို့ခံလိုက်ရသလို တစ်ကိုယ်လုံးလည်း တုန်ခါသွားသည်။ ဘယ်နေရာ ဘယ်အရပ်ရောက်ရောက် ကျောင်းသားဆိုးတိုင်းရဲ့ရင်မှာ အမှတ်တရ ရှိနေမည့်အသံ။ ဆရာဦးကိုကိုနိုင်မှ အခြားမရှိနိုင်တော့။

ဝပ်ထားသော ခန္ဓာကိုယ်က မြေကြီးနှင့်ပိုကပ်ကာ အလိုလိုသိမ်ငယ်သွားမိစဉ် . . .

"မမိလိုက်ဘူးဆရာ . . . ဒီနားရောက်မှ မျက်ခြည်ပျက်သွားတယ်"

"တောက် . . . ကျောင်းထဲလာပြီး ဖဲခိုးရိုက်တဲ့ကောင်တွေ လွတ်အောင်ပြေးထားကြစမ်း။ မိတဲ့နေ့က ကျောင်းထုတ်ပစ်မယ့်နေ့ပဲ"

သိန်းဌေး အသက်ရှူပင် ရပ်သွားသလား မသိတော့ပါ။ ရှိနေစဲခန္ဓာကိုယ်ပင် အလိုလိုကျုံ့ဝင်သွားသည် ထင်လိုက်မိပါ၏။ ဦးကိုကိုနိုင်၏ ကျောပြင်ကိုကြည့်ကာ လူက နလုံးခုန် မမှန်ချင်တော့။

"ဘယ်လိုပုံစံလဲ . . . ကိုထိန်လင်း"

"ပိန်ပိန်ပါးပါးပဲ။ အကျီအညိုကွက်နဲ့ ဦးထုပ်အမည်း ဆောင်းထားတယ်ဆရာ"

ခေါင်းမှ ဦးထုပ်ကို အလျင်အမြန်ဆွဲချွတ်ကာ လွယ်အိတ်တွင်းထိုးထည့်သည်။

"အဲဒါဆို ခင်ဗျား ကန်တင်းဘက်လိုက်၊ ကျုပ် ဒီဘက်ကိုလိုက်မယ်"

ထို့နောက်တော့ ခြေထောက်နှစ်စုံက ဆန့်ကျင်ဘက်အရပ်များဆီကို ဦးတည်ထွက်ခွာသွားပါသည်။ တစ်ကျွန်းအမှုမှ ကွင်းလုံးကျွတ်လွတ်သွားသလို သိန်းဌေးခန္ဓာကိုယ်မှာ ပေါ့ပါးမှုဖြင့် မြေပေါ် ပစ်ကျသွား၏။ မျက်လုံးကိုစုံမှိတ်ကာ အသက်ကို အမောတကော ရှူနေမိသည်။



အသက်ရှူ မှန်ချိန်၌ မှိတ်ထားသော မျက်လုံးအစုံကို ဖွင့်လိုက်ရာ . . .

"ဟင် . . ."

သူ့အား မိုးကြည့်နေသည့် မျက်လုံးသုံးစုံ။ သိန်းဌေး ကဗျာကရာ ထထိုင်တော့ . . .

"အသက်ရှိသေးသားပဲ။ ကျွန်မတို့က ကြွသွားပြီ အောက်မေ့တာ"

မျက်စောင်းတစ်ခုနှင့် ရောက်လာသော စကားတစ်ခွန်း၊ နောက်တစ်ဦးက . . .

"ဒီမှာ . . . ကျောင်းထုတ်ခံရမှာစိုးလို့ ကူညီလိုက်တယ် မှတ်ပါ။ ရှင့်ကို သနားလွန်းလို့တော့ မထင်နဲ့"

"ဗျာ . . ."

အနည်းငယ်ကျယ်လောင်သွားသော စကားသံကြောင့် သိန်းဌေး ပတ်ဝန်းကျင်ကိုပင် အလန့်တကြား ငေးကြည့်မိသွားသည်။ ထိုခဏအသစ်ချပ်ကြွပ် နလုံးသားကို လှုပ်နိုးသွားခဲ့သည့် မျက်စောင်းနှင့် စကားသံ။

"ရှင် ဘယ်သူမှန်း ဆရာတွေမသိပေမဲ့ ကျွန်မတို့ သိသွားပြီ။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် သတိထားနေပါ။ နောက်တစ်ခါ ဖဲဝိုင်းဖမ်းသံကြားရင် ရှင်ပါပါ မပါပါ ရှင့်ကို ဦးကိုကိုနိုင်လက် အပ်ရလိမ့်မယ်"

"ဘာလဲဟ"

ပါပါ၊ မပါပါ ဦးကိုကိုနိုင်လက် အပ်မည်တဲ့။ ကျောချမ်းစရာပါလား။ သိန်းဌေး အူကြောင်ကြောင် ကြည့်နေစဉ်မှာပဲ မယ်မင်းကြီးမသုံးယောက်မှာ သူနှင့် စိန်ပန်းပင်ကို ကျောခိုင်းရင်း ထွက်သွားပါတော့သည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

ပထမတော့ ဘာမှန်းမသိ။ အူတူတူ ရှိနေပါသေးသည်။ နောက်မှ . . . သိန်းဌေးတစ်ယောက် ဆရာများ၏ အန္တရာယ်စက်ကွင်းမှ အလျင်အမြန် ရှောင်တိမ်းခဲ့သည်။ (သို့) နေရာမှာပဲ ဆက်ထိုင်နေခဲ့သည် မထင်လိုက်ပါနှင့်။

ပြောချင်ရာပြောပြီး ထွက်သွားသူလေးနောက်ကို လိုက်သွားခဲ့တာပါ။ ကယ်တင်သူ မေခလာနတ်သမီး၏ မေဂျာနှင့်အတန်းကို သိချင်နေသည်။ ပြီးတော့ အဖမ်းခံချင်လွန်းနေသည်။ လူကိုတော့မဟုတ်။

တကယ်တော့ အချစ်ပါရဂူကြီးများ အချစ်အကြောင်းကို ပြည့်ပြည့်စုံစုံ ဖွင့်ဆိုခဲ့ဖို့ ကောင်းပါသည်။

အချစ်သည် တစ်ခါတစ်ရံ၌ ရန်တွေ့ရင်း ပြန်ချစ်တတ်ပါ၏။



# V

ဘဝအတွက် အရေးကြီးဆုံးဟု သတ်မှတ်ထားသော ဘောလုံးပွဲကို ပစ်ချရင်း သိန်းဌေးတစ်ယောက် သရဖီဆောင်ရှေ့ ရောက်နေသည်။ ဦးပြောင်ကြီး ပါမလာသလို ပြိုင်ဘက်အဖွဲ့များလည်း အဆောင်ရှေ့တွင် ရှိမနေခဲ့။ ဒီနေ့တော့ သူတို့တစ်ဖွဲ့တည်း။

မလိုက်စဖူး လိုက်လာသည့်အပြင် မတောင်းစဖူး တောင်းဆိုသည့်သီချင်းက 'ကျေးဇူး' ။ ထိုစဉ်ကတည်းက သိန်းဌေး ဘာကိုဦးတည်နေသည်ဆိုတာ နိုင်ဦး ရိပ်မိခဲ့ဖို့ ကောင်းပါသည်။ ဂီတာသမားက သိန်းဌေးတောင်းဆိုမှုအတိုင်း 'ကျေးဇူး' သီချင်းကို တီးပေးနေသည်။

လိုက်ဆိုသူက နိုင်ဦးအပါအဝင် သုံး၊ လေးယောက်၊ ဖျော်ဖြေသူ နည်းသွားကြပေမဲ့ အားပေးသူတွေမှာ နည်းမသွားခဲ့။ မနေ့ကအတိုင်း လသာဆောင်နှင့် အဆောင်ပြတင်းများမှာ ပြည့်နေသည်။ 'ကျေးဇူး' သီချင်းအား ခံစားချက်အပြည့်ဖြင့် သီဆိုရင်း မျက်ဝန်းတွေက တစ်ချက်တစ်ချက် ပြတင်းတံခါးတစ်ပေါက်ဆီမှာ။

ကြာလာတော့ နိုင်ဦး သင်္ကာမကင်းဖြစ်လာသည်။ ထို့ကြောင့် သီချင်းဆုံးဆုံးချင်းပင် . . .

"ဟေ့ကောင် . . . သိန်းဌေး၊ မင်းဟာက ဘယ်တစ်ယောက်လဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟို သုံးယောက်ရပ်နေတဲ့ထဲက ညာဘက်စွန်ကတစ်ယောက်။ နာမည်က မေဖြူဖြူ"

နိုင်ဦး ကိုယ့်နဖူးကိုယ် ဖျန်းခနဲ ရိုက်လိုက်မိသည်။

"ဟာ . . . သေရောပဲ"

"ဘာဖြစ်လို့လဲ"

"ငါဝိုက်နေတာလည်း အဲ့ဒီကောင်မလေးပဲ"

"ဟေ . . ."



## တနင်္လာညနေ

ကျောင်းထဲတွင် ကြီးလေးကြီး ဂယက်ကြောင့် တာဝန်ရှိသူများ အနည်းငယ် အလုပ်ရှုပ်နေကြသည်။ နောက်တစ်နေ့ကူးပါက အင်္ဂါနေ့ ရောက်ပြီမဟုတ်ပါလား။ ပြီးခဲ့သော အင်္ဂါနေ့ဟာ ကြီးလေးကြီး ဆုထူးစာအုပ်ထွက်ခဲ့ပါသည်။ မနက်ဖြန်တွင်ရော . . .

ကျောင်းသား/သူတွေကတော့ ရွေးချယ်မှုမှန်ကန်စွာ ကြီးလေးကြီးကို စောင့်မျှော်နေကြသည်။ တာဝန်ရှိသူတွေကတော့ စိုးရိမ်နေသည်။ တစ်ယောက်စကား တစ်ယောက်နားဖြင့် မနက်ဖြန် 'ကြီးလေးကြီး No.2' ထွက်မည်ဟူသော သတင်းမှာ တစ်ကျောင်းလုံးတွင် ပျံ့နှံ့နေပါ၏။

သတင်းကြီးလာလေ မဟုတ်တာလုပ်ထားသူတွေ မျက်ခုံးလှုပ်လေ။ ကျောင်းသားတွေကို မျက်လုံး ဒေါက်ထောက်ကြည့်လေ၊ စည်းကမ်းတွေ ကြပ်မတ်ဖို့ ကြိုးစားလေ။

ပွဲကတော့ ကြည့်ကောင်းတော့မည်။

တကယ်တော့ ပညာသင်ကြားခြင်းဆိုတာ ချိန်ခွင်တစ်ခုလိုပါပဲ။ စေတနာနဲ့ ရိုသေမှုညီမျှမှသာ ချိန်ခွင်လျှာ ညီနိုင်ပါသည်။ စေတနာပေါ့သွားလျှင် ရိုသေမှု လျော့သွားနိုင်သလို ရိုသေမှု လျော့သွားလျှင်လည်း စေတနာ ပေါ့သွားနိုင်ပါသည်။

ထိုအခါမှာ ပညာဆိုသော အဆောက်အအုံကြီး ပြိုလဲဖို့ဖြစ်လာတော့သည်။ ပညာနောက်ကျသွားသော လူမျိုးတစ်မျိုး၏ အနာဂတ်ကို ခင်ဗျားတို့ တွေးကြည့်ဘူးပါသလား။



www.burmeseclassic.com

www.burmeseclassic.com



ဆုံနေကျ အခန်းတစ်ခုတွင်းမှာ ကြီးလေးကြီးအဖွဲ့ ရှိနေသည်။ မနက်ဖြန် ကဗျာစာအုပ်ဖြန့်ရန်အတွက် အသီးသီး တာဝန်ခွဲဝေနေကြခြင်းဖြစ်၏။ သူတို့အလယ်မှာ ထုပ်ပိုးပြီးသား ကဗျာစာအုပ်များက အဆင်သင့်။

အနည်းငယ် စည်းကမ်းကြပ်မတ်ထားသည်ကြောင့် သတိတော့ ရှိရပေမည်။ အဓိကသည် စာအုပ်များကျောင်းထဲ ရောက်သွားဖို့၊ အထဲရောက်လျှင် ကျန်ကိစ္စများမှာ မခက်ခဲတော့။

စုဝေးတိုင်ပင်ပြီးချိန်၌ ကျောင်းတွင်းအရောက်သွင်းမည့် တာဝန်ကို နိုင်ဦးက သတ္တိရှိစွာ ယူသည်။ ကျန်သုံးယောက်က ဖြန့်ဝေရေးပိုင်း။ တာဝန်ခွဲပြီးချိန်မှာ လေးယောက်အနက် ပြစ်ချက်အကင်းဆုံးလည်းဖြစ်၊ ခေါင်းဆောင်လည်းဖြစ်သော မျိုးအောင်က တစ်ခုသတိပေးသည်။

"မင်းတို့နှစ်ယောက် အချစ်နဲ့ ခံယူချက်ကိုတော့ မရောထွေးစေနဲ့ဦးနော်"

နိုင်ဦးနှင့် သိန်းဌေး တစ်ယောက်ကိုတစ်ယောက်ကြည့်မိကြ၏။ မျက်လုံးချင်းဆုံ၍လည်း အချိန်အတော်ကြာအောင် ရယ်မိသည်။

'ဗိုလ်အောင်ကျော်' လောက် မရင့်ကျက်ပေမဲ့ တက္ကသိုလ်ကျောင်းသားရဲ့ အဓိပ္ပာယ်ကိုတော့ မျိုးအောင်မမေ့ခဲ့ဖို့ ကောင်းပါသည်။

ခေတ်တွေ အလီလီပြောင်းပေမဲ့ တစ်ချိန်ကစိတ်ဓာတ်နဲ့ ဝိညာဉ်တွေက၊ ကျောင်းသားဆိုတဲ့ ဂုဏ်ပုဒ်မှာ ကပ်ငြိရှင်သန်နေဆဲပင် မဟုတ်ပါလား။

ᨀ ᨀ ᨀ



ခပ်ဝေးဝေးဆီမှ ငွေမင်ရောင်ကားလေးတစ်စီး တရွေ့ရွေ့မောင်းနှင်လာနေသည်။ အရောင်အသွေးနှင့် အရွယ်အစားကတော့ သူ ပစ်မှတ်ထားရာ ကားအတိုင်းပါပင်။ ဒါပေမဲ့ အနည်းငယ် လှမ်းသေးသည်ကြောင့် နံပါတ်ကို မမြင်ရသေး။ လက်မှနာရီကို နိုင်ဦး တစ်ချက်ပင့်ကြည့်လိုက်သည်။

အချိန်က သိပ်မကွာသည်မို့ ဖြစ်နိုင်ဖို့တော့ များ၏။ နိုင်ဦးကတ္တရာလမ်းဆေးတွင် ရပ်ကာ တရွေ့ရွေ့မောင်းနှင်လာသော ကားလေးကို မမှိတ်မသုန် ကြည့်နေမိသည်။ မကြာလိုက်။ ဂဏန်းလေးလုံးကို ကောင်းစွာ ခွဲခြားနိုင်ပြီးသည့် အချိန်မှာ . . .

"ဟိုး . . . ဟိုး . . ."

ပါးစပ်ကလည်း အော်၊ လက်ကလည်း တားရင်း လမ်းလယ်နှစ်လှမ်းစာလောက် တက်သွားတော့ မှန်မှန်မောင်းလာသော ကားလေး သူ့ရှေ့မှာ 'ကျီ' ခနဲ ရပ်သွားသည်။ ချက်ချင်းပင် မောင်းသူဘက်မှ မှန်တံခါးလေး အောက်လျှောဆင်းလာကာ . . .

"ဘာလဲမသိဘူး . . . အစ်ကို"

ပစ်မှတ်ကောင်လေးပါပင်။

"ကျောင်းထဲကို သွားမှာမလား . . . ညီလေး"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

သူ့ကို ကြည့်ကာ ခပ်သွက်သွက်ဖြေတော့ . . .

"ဒီလိုပါကွာ . . . ဆရာမ သယ်ခိုင်းလို့ Practical စာအုပ်တွေ သယ်လာတာ။ အဲဒါ ငှားလာတဲ့ ကားကဒီနားရောက်မှ ပျက်သွားလို့"

စကားဆုံးတော့ စက်ပျက်သွားသည်ဆိုသော ကားကို ကောင်လေးမသိမသာ ဝေ့ရှာသည်။

"ကားကတော့ မရှိတော့ဘူး။ ကားဆရာက ကြုံရာကားတားပြီး ဝပ်ရှော့ဆိုင် ဆွဲသွားပြီ။ တကယ်လို့ အပမ်းမကြီးဘူးဆိုရင် ဟို စာအုပ်နှစ်တွဲနဲ့ အစ်ကို ညီလေးကားနဲ့ လိုက်ခဲ့လို့ရမလား"

လမ်းဘေးတွင်ချထားသည့် စာအုပ်နှစ်တွဲကိုပါ လက်ညှိုးထိုးပြလိုက်သည်။

"ရတယ်လေ အစ်ကို"

တစ်ကျောင်းတည်းသားချင်းမို့ ညှိရတာ တအားလွယ်သည်။ တကယ့် practical စာအုပ်တွေ ဘေးမှခံကာ ကြိုးဖြင့် စည်းထားသည်မို့ ဖွင့်မကြည့်သမျှ အလိမ်ပေါ်စရာမရှိ။ နိုင်ဦး ကားတံခါးဖွင့်ကာ ချထားသော စာအုပ်နှစ်တွဲကို ပြေးဆွဲလိုက်သည်။ ကားပေါ်တင်၍ သူပါ တက်ထိုင်ပြီးသကာလ ကားလေးမှာ မောင်းထွက်သွားခဲ့ချေပြီ။

တငွေ့ငွေ့အေးနေသော လေအေးပေးစက်နဲ့အတူ နိုင်ဦးရင်တွင်း၌လည်း တစ်ဝက်အေးသွားခဲ့ပြီ။ တစ်ဦးနှင့်တစ်ဦး ရင်းနှီးခဲ့ဖူးခြင်း မရှိသည်မို့ ကားပေါ်တွင် စကားမဆိုဖြစ်။ တအောင့်ကြာတော့ လုံခြုံရေးဂိတ်ကို ရောက်လာသည်။ ကားကိုပဲ မှတ်မိနေသည်လား။ ကားပိုင်ရှင်ကပဲ အပေါင်းသင်းကောင်းလို့လားမသိ။ လုံခြုံရေးတာဝန်ကျသူများမှာ ကားကို တစ်ချက်မျှ ထမကြည့်ဘဲ ခပ်တည်တည်ထိုင်နေသည်။

ဒီလိုဆိုတော့ ကားလေးမှာ ကျောင်းတွင်းသို့ လျှောလျှောလျူလျူ ရောက်သွားခဲ့၏။ နောက်ထပ် ရင်တစ်ဝက် ထပ်အေးသွားရပါပြီ။

"ဘယ်ဌာနကို ပို့ပေးရမလဲ အစ်ကို"



"ဌာနကို မသွားတော့ဘူး။ လက်တွေ့ခန်းကိုပဲ တစ်ခါတည်းသွားပို့ရမှာ"

"ဟုတ်လား . . . အဲဒါဆို ကျွန်တော် ဘယ်နားချပေးရမလဲ"

လက်တွေ့ခန်းနှင့်နီးသော နေရာတစ်ခုကို နိုင်ဦး ညွှန်လိုက်သည်။ ကောင်လေးက ကားကို ကျင်လည်စွာမောင်းရင်း လိုသောနေရာကို အရောက်ပို့ပေး၏။ ကျေးဇူးတင်စကားပြောပြီးချိန်၌ နိုင်ဦး ကားပေါ်က ဆင်းသည်။

ထို့နောက် စာအုပ်နှစ်တွဲကို ဆွဲရင်း သတ်မှတ်နေရာသို့ နိုင်ဦး လျှောက်သွားလိုက်ပါသည်။

လက်တွေ့ခန်းဆီရောက်တော့ တံခါးပေါက်တည့်တည့်မှာ စာအုပ်များကို ချသည်။ ပြီးတော့ . . .

"ရှီ . . . ရှီ . . ."

လေနှစ်ချက်ချွန်ပြီးချိန်၌ ပေါ့ပါးသော ခြေလှမ်းတွေဖြင့် လက်တွေ့ခန်းကို ကျောခိုင်းခဲ့တော့၏။ သူ့တာဝန် ပြီးလေပြီ။

"လေချွန်သံကြားက လာကြလော့"

• • •

"ကြီးလေးကြီး No.2" ဟု ခေါင်းစဉ်တပ်ထားသည့် စာအုပ်မှာ နာရီပိုင်းအတွင်း တစ်ကျောင်းလုံးကို ဆူညံသွားစေခဲ့ပါသည်။ တစ်ယောက်စကား တစ်ယောက်နားဖြင့်လည်းကောင်း၊ တစ်ယောက်လက်မှ တစ်ယောက်သို့လည်းကောင်း အဆင့်ဆင့် ကူးပြောင်းကာ ပေါက်ရောက်သွားခဲ့သည်။

စာအုပ်မူရင်း မရ၍ မိတ္တူဆွဲသူတွေ၊ တစ်ဆင့် ပြန်ဝေသူတွေ အထိပင် ဖြစ်ကုန်သည်။ ထိုအထဲမှ 'ထောင်ကြီး' ၏ ကဗျာတစ်ပုဒ်မှာ ကျောင်းသားများကြား အလွန် ရေပန်းစားသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းကောင်း ယောက်ဖတို့ရေ . . .
စာမေးပွဲကြီး နီးလာပြီလေ . . .
ကျူရှင်တက်မှ အောင်မြင်နိုင်ပေ
ဘယ်သူ့ဆီတက်
တက်ရပုံမလဲလေ။

သူငယ်ချင်းကောင်း ယောက်ဖတို့ရေ . . .
ဆရာစုံစမ်း မေးမြန်းပြီးလေ
တက်လို့ အခဆင်မပြေ အခက်တွေ့နေ
မော့ဂျာ ချင်း မရ
ဘာသာစုံမှ သင်မယ်ပြောလာပေ၊
ငွေကြေး မတတ်နိုင် ယှိုင်တိုင်တိုင်နဲ့
ဖါတို့ မည်သို့ လုပ်ရပုံမလဲလေ၊

သူငယ်ချင်းကောင်း ယောက်ဖတို့ရေ . . .
ဘာသာစုံကြေး ရှစ်သောင်းဖြစ်နေ
တစ်ယောက်တစ်သောင်းစီ စု ကြမယ်လေ
တစ်ယောက်သွားတက်
ရှစ်ယောက် ပြန် Share
အောင်ဖို့အရေး မထေးတော့ဘူးကွယ်၊

ⴵ ⴵ ⴵ



အခန်းလေးတစ်ခန်းက တိတ်ဆိတ်ပြတ်သားနေသည်။

စုစုပေါင်း လူခြောက်ဦးသာရှိနေသော အခန်းလေးက အရေးကြီးကိစ္စတစ်ခုကို ဆွေးနွေးတိုင်ပင်နေကြခြင်းဖြစ်သည်။ လျှို့ဝှက်တွေ့ဆုံမှုတစ်ခုဟု ခေါ်ဆိုလျှင် ရနိုင်ပါသည်။

"ပထမဆုံး လုပ်ရမှာကတော့ ကြီးလေးကြီးမှာ အဖွဲ့ဝင် ဘယ်နှယောက်ရှိတယ်ဆိုတာ စုံစမ်းဖို့ပဲ။ အပေါ်ယံကြည့်ရင် လေးယောက်လို့ထင်ရပေမဲ့ လေးယောက်ထက်ပိုတဲ့ အရေအတွက်လည်း ဖြစ်နိုင်တယ်။ လေးယောက်မရှိတဲ့အဖွဲ့လည်း ဖြစ်နိုင်တယ်။ အဲဒါကိုတော့ လက်ရှိထွက်ထားတဲ့ စာအုပ်နှစ်အုပ်ထဲက အရေးအသားတွေ လေ့လာပြီး တူရာစုချင်း ချကြည့်ပါ။ အဲဒီတာဝန်ကိုလည်း နံပါတ်တစ် ယူပေးပါ"

နံပါတ်တစ် ခေါင်းညိတ်၏။

"နောက်တစ်ခုကတော့ ကြီးလေးကြီးဟာ ယောကျ်ားလေးအဖွဲ့လား၊ မိန်းကလေးအဖွဲ့လား ခွဲခြားဖို့။ ကဗျာဖတ်ကြည့်ရတာတော့ ယောကျ်ားလေးအာဘော်တွေပဲ တွေ့ရပါတယ်။ ဒါပေမဲ့ မိန်းကလေးက ယောကျ်ားအာဘော်ယူရေးတာလဲဖြစ်နိုင်တာမို့ သေချာလေ့လာဖို့ လိုပါတယ်။ အဲဒါကိုတော့ ကဗျာတစ်ပုဒ်ချင်းစီဖတ်ပြီး နံပါတ်နှစ် တာဝန်ယူပေးပါ။ ခန့်မှန်းခြေလောက်ထွက်ရင်ပဲ ရပါပြီ"

နံပါတ်နှစ် ခေါင်းညိတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"နံပါတ်သုံးကတော့ သူတို့ ကဗျာရေးဖို့အတွက် အချက်အလက် ယူပုံယူနည်းကို ခန့်မှန်းကြည့်ရမယ်။ သူတို့ကိုယ်တိုင် အချက်အလက်ရှာတာလား၊ ဒါမှမဟုတ် အချက်အလက်ရှာပေးတဲ့လူတွေ ရှိနေလား ဆိုတာပေါ့။ နံပါတ်လေးလုပ်ရမှာက *တက္ကသိုလ်မဂ္ဂဇင်းတွေမှာ* ဝင်ရေးလေ့ရှိတဲ့ ကလောင်ရှင်တွေကို စာရင်းထုတ်ပေးပါ။ နံရံကပ်စာစောင်ပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတွေမှာ အရွေးခံရသူစာရင်းပါရရင် ပိုကောင်းတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကြီးလေးကြီး အရေးအသားတွေကို ကြည့်ရတာ သာမန်ထက် တစ်ဆင့်ပိုနေလားလို့"

သုံးနဲ့လေး ခေါင်းညိတ်ကြသည်။

"နံပါတ်ငါးနဲ့ ကျွန်တော်ကတော့ ဖြစ်နိုင်ခြေတွေကို ဆက်လက်လေ့လာကြည့်ပါဦးမယ်"

ပြီးလေပြီ။ တာဝန်ကိုယ်စီခွဲပြီးသွားပြီမို့ ပြောစရာစကား မရှိတော့။

"အဆင်မပြေတာရှိရင် တစ်ခါတည်း ဆွေးနွေးနိုင်ပါတယ်"

တုံ့ပြန်သံ ထွက်မလာ။ ဒီလိုဆိုတော့ . . .

"ဒါဆိုရင်တော့ ကျွန်တော့်ကို ခွင့်ပြုပါဦး"

တံခါးကိုဖွင့်ကာ အပြင်ကို လှမ်းထွက်လိုက်သည်။ ကချင်လွယ်အိတ်ကို ကြိုးထုံးလွယ်ထားပြီး မျက်နှာသွင်ပြင်က ထက်မြက်တည်ငြိမ်နေ၏။ နာမည်က 'ကောင်းထက်'။ ပညာအရည်အချင်းက ဂုဏ်ထူးတန်း စိတ်ပညာ။

ကျောင်းမှ အထက်ပိုင်းပုဂ္ဂိုလ်များ၏ ယုံကြည်အားကိုးခြင်းကို ခံရသူ။ လက်ရှိထမ်းဆောင်ရမည့် တာဝန်က ကြီးလေးကြီးကို ဖော်ထုတ်ရန်၊ သူနှင့်လက်တွဲရမည့် လက်ရွေးစင်ငါးဦးလည်း ရှိနေသည်။

မနက်ဖြန်ဆိုလျှင်ဖြင့် ကြီးလေးကြီးရှာပုံတော် စလေပြီ။



# VI

အခန်းထဲဝင်လာသော မေဖြူ့ကို ထင်မှတ်မထားသော အရာများက ဆီးကြိုနေပါ၏။ ပထမ ဆီးကြိုသူက . . .

"ဝုတ် . . . ဝုတ် . . . ဝုတ် . . . အု"

စာသင်ခန်းနှင့် ဘယ်လိုမှ မသက်ဆိုင်သော ခွေးဟောင်သံတစ်ခု။ ဒုတိယ ဆီးကြိုသူက သူမဝင်လာသည်ကို ပြုံးစိစိ ဝိုင်းကြည့်နေကြသော မျက်နှာများ။ တစ်ခုခုဆိုတာ သိလိုက်ပြီးနောက်မှာ သူမခြေလှမ်းတို့ အနည်းငယ် တုံ့ဆိုင်းနှေးကွေးသွားသည်။ မူယာက သဘောပေါက်စွာ ရှေ့မှ ဦးဆောင်ဝင်ရောက်၏။ စာသင်ခုံဆီ အရောက်မှာတော့ . . .

"ဟယ် . . . ချစ်စရာလေးတော့"

"အို . . . "

သူမထိုင်ခုံအောက်ခြေမှာ ချည်ထားသည့် အမွေးပွ ခွေးဖြူလေးတစ်ကောင်။ ရှုပ်ယှက်ခတ်နေသော လူတွေကိုကြည့်ပြီး ခွေးလေးက တဝုတ်ဝုတ် ဟောင်နေ၏။ လန့်နေပုံရပါသည်။ မြင်ရသော မြင်ကွင်းကြောင့် မေဖြူဖြူ နှုတ်ခမ်းကိုလက်ဖြင့် အုပ်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော ပတ်ဝန်းကျင် အခြေအနေများကိုလည်း ယခုမှ နားလည်လိုက်ပါသည်။ မူယာက မပြောမဆို ခွေးလေးအား ကောက်ပွေ့လိုက်သည်။ တစ်ခန်းလုံးအား ရန်သူသဖွယ် ထိုးဟောင်နေသော ခွေးလေးမှာ မူယာ့လက်တွင်း၌ ငြိမ်ဝပ်စွာပါလာသည်။ ထိုစဉ်မှာပဲ နောက်ထပ် ထူးခြားမှုတစ်ခုကို ထပ်မြင်လိုက်ရပါ၏။

အနီရောင် အင်္ကျီလေးပေါ်မှာ correction pen ဖြင့် ရေးထားသော စာလေးတစ်ကြောင်း။

"ကာရန်" လို့ ခေါ်ပါတယ်၊
ချစ်သူမရှိသော အပျိုစင်စစ်စစ်မို့
လွတ်လပ်စွာ မွေးမြူနိုင်ပါတယ်၊ အနည်းဆုံးတော့
"မေ" ကျောင်းက ပြန်လာရင် နှုတ်ဆက်ပေးနိုင်ပါတယ်၊
"မေ" နဲ့အတူ လမ်းလျှောက်လိုက်ပေးနိုင်ပါတယ်၊
ပြီးတော့ "မေ" ကို နှောင့်ယှက်မယ့် လူယောက်ျားတွေ
ရန်ကနေ ကာကွယ်ပေးနိုင်ပါတယ်"

နိုင်ဦး (မနုဖြူ)

'မေ' ဟု နာမ်စားသုံးထားသော်လည်း သူမကို ဆိုလိုကြောင်း သံသယဖြစ်ဖွယ်မရှိ။

"ခွေးသခင်တော့ တွေ့ပြီပေါ့၊ တစ်မနက်လုံး ဟောင်နေတာ အခုမှပဲ နားအေးတော့တယ်"

"ပွတာပဲ။ ဒါမျိုးကောင်ဆို အနည်းဆုံး ခုနစ်သောင်းပဲ"

နောက်ဖက်ဆီမှ မကြားတကြားပြောသံများကို ကြားရသည်။ ဒါပေမဲ့ . . .



"ချစ်စရာလေးဟယ် . . . နင်တော့ အဖော်ရပြီ"

မေဖြူခေါင်းကို မသိမသာ ခါယမ်းလိုက်သည်။ ထိုင်ခုံတွင် ဝင်ထိုင်တော့ မူယာမှာ ခွေးပိုက်ထားလျက်မှ . . .

"ဘာဖြစ်လို့လဲ . . . ခွေးလေးက ချစ်စရာလေးပါ"

"ငါမှ ခွေးမချစ်တတ်တာ"

"ဟယ် . . . ဒါဆို ငါ့ကို ပေးမလား၊ ငါ မွေးမယ်လေ"

အားတက်သရော တောင်းဆိုလာသော မူယာ့ကို ကြည့်ပြီး မေဖြူ ခေါင်းညိတ်ပြလိုက်သည်။

"တကယ် . . ."

မယုံနိုင်သလို ဒုတိယမြောက် အမေးစကား ထွက်လာပြန်တော့ . . .

"အင်း"

မူယာ အတိုင်းထက်အလွန် ပျော်ရွှင်သွားလေပြီ။ လက်ထဲမှ ခွေးလေးအား ကလေးသိပ်သလို တသိမ့်သိမ့်လှုပ်ရင်း မြူးတူးသွား၏။ သူမကတော့ နောင်ရေးကိုကြည့်ပြီး ရင်လေးမိပါသည်။

စည်းကမ်းတင်းကြပ်လွန်းသော အဆောင်ပိုင်ရှင် ဒေါ်အေးမိနှင့် ဘယ်လိုရင်ဆိုင်ရဦးမည်မသိ။

• • •

ပစ်လွှတ်လိုက်သော မြားတစ်စင်း၏ ရလဒ်အား အခန်းပြင်မှ စောင့်ကြည့်နေသူတစ်ဦး ရှိနေသည်။ မနုဖြူဆောင်သား နိုင်ဦး။ အချင်းချင်းပြောနေသော စကားများကို မကြားရပေမဲ့ မျက်နှာပုံပန်းအရတော့ မေဖြူဖြူ သဘောကျသယောင် ရှိနေပါသည်။

သူရဲ့ခွေးမလေးအား မေဖြူဖြူစိုက်ကြည့်ပုံက အကြင်နာရိပ်တွေ ပြည့်သိပ် ကြည်ဖြူလွန်းလှသည်။ ဒါသည် ရည်းစားထားလာသော



www.burmeseclassic.com

www.burmeseclassic.com

သက်တမ်းတစ်လျှောက် နိုင်ဦးအသုံးပြုနေကျ နည်းဗျူဟာ၊ မိန်းကလေး တစ်ဦး၏အချစ်ကို ရဖို့အတွက် ကြီးကြီးကျယ်ကျယ်တွေ လုပ်ပြစရာ မလို။

ပိုင်ဆိုင်မှုတွေ မောက်ကြွားမှုတွေ ထုတ်ပြစရာမလို။ ထိုမိန်းကလေး၏ စိတ်အား အချိန်ပြည့် သိမ်းပိုက်ထားနိုင်ဖို့သာ လိုပေသည်။ အချိန်ပြည့် ကိုယ့်အကြောင်း တွေးနေဖို့လိုသည်။ သတိရနေဖို့လိုသည်။ သို့မှသာ ကိုယ်က သူမ၏ မသိစိတ်တွင်းမှာ တရိပ်ရိပ် နေရာရလာမည် မဟုတ်ပါလား။

ယခု ခွေးတစ်ကောင် လက်ဆောင်ပေးလိုက်သည်။

ခွေးတစ်ကောင်၏ ဗာဟီရကိစ္စများသည်ကား . . .

ဘယ်လိုပဲဖြစ်ဖြစ် ခွေးဟောင်တိုင်းတော့ ခွေးပိုင်ရှင်ကို သူမ သတိရနေပါလိမ့်မည်။

• • •

“သိန်းဌေးရေ . . . ငါကတော့ တော်တော် အခြေအနေကောင်း နေပြီကွ။ မေဖြူက ခွေးတအားချစ်ဆိုပဲ။ ငါလက်ဆောင်ပေးတဲ့ ခွေးလေးကို သူကိုယ်တိုင် ရေးချိုးပေး။ သူကိုယ်တိုင် အစာကျွေးတာတဲ့။ မျက်စိအောက်ကတောင် အပျောက်မခံဘူးတဲ့ကွာ”

“. . . . . .”

“ငါ့အခန်းကိုတောင် နိုင်ဦးဆိုတာ ဘယ်သူလဲဆိုပြီး လာမေး သေးတယ်။ ဒီနေ့လည်း ကျောင်းကအပြန် ခွေးစာဝင်ဝယ်သွားတာ အများကြီးဆိုပဲ။ ငါတော့ကွာ ‘ကာရန်’ ကိုတောင် မနာလိုဖြစ်လာပြီ”

နိုင်ဦး၏ မဟုတ်တရမ်းစကားတွေကို နားထောင်ပြီး သိန်းဌေး အံကြိတ်ထားမိသည်။ မဖြစ်နိုင်မှန်း သိသိကြီးနှင့် ဒီကောင့်စကားတွေ နားထောင်ရသည်က အော်ဂလီဆန်ချင်စရာ။



ပုံစံက ဆောင့်ကြွားကြွား၊ လူရှေ့ရောက်လျှင် ခြေထောက်နှင့် မြေကြီး သိပ်မထိချင်။ ခွေးလက်ဆောင်ပေးပြီး နိုင်ဦးမျက်နှာ တဖြည်းဖြည်း ခွေးရုပ်ပေါက်လာသယောင်ပင် ခံစားနေရသည်။ မဖြစ်ချေတော့။

တစ်ခုခုတော့ ပညာပြန်ပေးမှ ရတော့မည်။

• • •

အရင်ဆုံးလုပ်ရတာက သရဖီဆောင် အနီးကိုချဉ်းကပ်၍ ‘ကာရန်’ ဟူသော ခွေးမအကြောင်းကို စုံစမ်းရခြင်းပင်။ ထင်ထားသလို ပါပဲ။ နိုင်ဦးပြောစကားများ တစ်ခုမှမဟုတ်ခဲ့။

ကြားရသော သတင်းများက မေဖြူဖြူမှာ ခွေးချစ်တတ်သူတစ်ဦး ဟုတ်သည့်အပြင် နိုင်ဦးခွေးမကြောင့် တော်တော်ကို စိတ်ညစ်နေရ ပါသတဲ့။ အဆောင်သူများ၏ အဝတ်အစား၊ ဖိနပ်များကို မကြာခဏ ကိုက်ဖြဲတတ်သဖြင့် နေ့စဉ်လိုလို ပစ္စည်းပျောက် ရှာနေရပါသတဲ့။ မေဖြူ ဖြူ့သူငယ်ချင်း မှုယာမှာ ထိုခွေးမနှင့်ပတ်သက်ပြီး နေ့တိုင်း ဒိုင်ခံ ရန် ဖြစ်နေရပါသတဲ့။

ကြားရသလောက် သတင်းတွေကတော့ အားတက်စရာ။ ဒါပေမဲ့ နိုင်ဦးမှာတော့ သူနှင့်တွေ့တိုင်း ခွေးဇာတ်ကိုအကျယ်တဝင့် ဖွင့် တတ်သည်။ သိန်းဌေး သဘောပေါက်သွားခဲ့ပါသည်။ ငြိမ်းချမ်းစွာ ဆန္ဒ ဖော်ဆောင်၍ ရမည်မဟုတ်တော့။ တန်ပြန်တိုက်ကွက်ကို စဉ်းစားပြီး သကာလ သရဖီဆောင်မှ ကျောင်းသူတစ်ဦးနှင့် ဆော်ဒါဖြစ်ရန် သိန်းဌေး ကြိုးစားလိုက်သည်။

ခွေးဆန့်ကျင်သူများထဲမှ အသင့်တော်ဆုံးတစ်ယောက်ကို ရွေး သော့ မေဖြူဖြူနှင့် တစ်ဖွဲ့တည်း အိအိခိုင်ကို သွားတွေ့သည်။ တစ် ဆောင်တည်းနေသူဖြစ်သော်လည်း အခန်းချင်းမတူ။ မေဖြူဖြူနှင့် မှုယာ



www.burmeseclassic.com

www.burmeseclassic.com

မှာ တစ်ခန်းနေပြီး အိအိခိုင်က ကပ်လျက်အခန်းတွင် အခြားတစ်ယောက်နှင့် နေသည်ဆို၏။

ပြီးတော့ မေဂျာလည်း မတူပါပေ။ ဒီလိုဆိုတော့ သိန်းဌေးအတွက် ပိုအကွက်ကျသွားသည်။ အိအိခိုင်နှင့် ဘော်ဒါဖြစ်ရန်အတွက် အိမ်မှ ပို့ပေးသော အသုံးစရိတ်တော်တော်များများကို အသုံးပြုလိုက်ရသည်။

ဆိုင်ကောင်းကောင်းတွင်ချိန်း၊ မုန့်ကောင်းကောင်းကျွေးကာ ရိုးရိုးသားသား အကူအညီတောင်းတော့ . . . .

'ကာရန်' ဟူသော ခွေးမကို ဘယ်လောက် မျက်မုန်းကျိုးနေသည်မသိ။ လိုလိုလားလားပင် ကူညီပါ၏။



# VII

အန္တရာယ်ကို စတင်တွေ့ရှိသူက အဆောင်မှူး ဒေါ်အေးမိ။

"ဟဲ့ . . . ဒါတွေက ဘာတွေတုံး"

ဒုတိယခံစားရသူက မနက်စောစော အိမ်သာထသွားသည့် အဆောင်သူတစ်ဦး။

"ဟောတော့ . . . ခွေးချေးတွေ"

တတိယ ရင်ဆိုင်ရသူမှာကား . . .

"ဟဲ့ . . . ပလုတ်တုတ် . . . ငါခြေထောက်တွေ ပေကုန်ပြီ"

မိုးကား မလင်းသေး။ ဒါပေမဲ့ အဆောင်ပိုင်ရှင် ဒေါ်အေးမိ၏ အော်သံကြီးက တစ်ဆောင်လုံးကို တုန်လှုပ်သွားစေတော့သည်။

"ကောင်းကြသေးရဲ့လားဟေ့ . . . ငါ့အခန်းရှေ့တည့်တည့်ကိုမှ ချီးလာပါချထားတယ်။ သောက်ကျင့်မကောင်းတဲ့ခွေး။ ပါထားလိုက်တာလည်း တစ်ဆောင်လုံးကို ပေပွနေတာပဲ။ ဘယ်မလဲ . . . အဲ့ဒီခွေးမ"

ဒေါ်အေးမိတစ်ယောက် အသံကုန်ဟစ်ပြီး ခွေးပိုင်ရှင်များရှိရာ အခန်းဆီ ပေါက်ချလာသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒုန်း . . . ဒုန်း . . . ဟော့ကောင်မတွေ . . . ထစမ်း"

ကျယ်လောင်သော တံခါးထုသံကြောင့် မေဖြူဖြူ ဆတ်ခနဲ ထထိုင်မိသွားသည်။ တစ်ဖက်ခုတင်မှ မူယာသည်လည်း အိပ်မှုန်စုံမွှားဖြင့် ဝရန်းသုန်းကား ထထိုင်သည်။

"ဒုန်း . . . ဒုန်း . . ."

"လာပြီ"

ပြာတာတာအသံပြုရင်း ခြင်ထောင်မှထွက်ကာ မူယာ တံခါးသွားဖွင့်ပေးတော့ တံခါးပွင့်ပွင့်ချင်း ရင်ဆိုင်လိုက်ရသည်က . . .

"ဟော့ကောင်မတွေ . . . ညည်းတို့ဟာမကို ညည်းတို့ မထိန်းနိုင်ကြတော့ဘူးလား . . . ဟင် . . .။ ကျုပ်တစ်ဆောင်လုံးလည်း ရစရာမရှိတော့ဘူး။ ဘယ်မှာလဲ ညည်းတို့ဟာမ"

ဒေါ်အေးမိ၏ ပြင်းထန်သော လေလှိုင်းသံကို နဖူးတွေ့၊ ဒူးတွေ့ ရင်ဆိုင်လိုက်ရသော မူယာခမျာ စက္ကန့်ပိုင်းလောက် အသက်မဲ့သွားသည်။ မျက်လုံးအပြူးသားဖြင့် ဒေါ်အေးမိကို ကြောင်တောင်တောင်ကြည့်ရင်း ဘာမှန်းမသိ။ အိပ်ရာနိုးနိုးချင်းလည်း ဖြစ်လေရာ အိပ်မက်လား၊ တကယ်လားဟုပင် ဝေခွဲရခက်သွားသည်။

"ဟဲ့ . . . မေးနေတယ်လေ၊ ညည်းတို့ဟာမလေး ဘယ်မှာလဲ"

"ရှင် . . . ရှင် . . . ဘာဖြစ်လို့လဲ . . . အန်တီအေး"

"ဘာဖြစ်လို့လဲ . . . ဟုတ်လား၊ လာ . . . အပြင်ကို ခဏလေးထွက်ကြည့်စမ်း"

မူယာ့လက်ကိုကိုင်၍ အပြင်ကို ဆွဲထုတ်သွားသည်။ ပုံမှန်အခြေအနေမဟုတ်တော့မှန်း မေဖြူဖြူ ရိပ်မိလိုက်ပြီးနောက် သူမသည်လည်း ခုတင်ပေါ်မှ ဆင်းကာ အပြင်ထွက်ကြည့်လိုက်တော့ . . .

"ဟယ် . . . ချွေးချေးတွေ"



"တွေ့ပြီမလား။ ညည်းတို့ဟာမလေး သရမ်းထားတာတွေ။ တစ်ဆောင်လုံးလည်း ဟိုနားတစ်ပုံ၊ သည်နားတစ်ပုံနဲ့ ပေပွနံစော်နေပြီ။ ဘယ်မလဲ . . . ညည်းတို့ဟာမ"

ဒေါ်အေးမိ သူမတို့အခန်းတွင်းဝင်ကာ ဟိုအောက် ဒီအောက်ငုံ့ရှာသည်။ တခြားအခန်းများမှ ကျောင်းသူတွေလည်း ဆူညံမှုကြောင့် အခန်းပြင် ထွက်လာကြသည်။ ထွက်လာသူတိုင်း ရင်ဆိုင်ရသည်က ထမင်းစားပျက်ဖွယ် မြင်ကွင်းနှင့် ဆိုးရွားသော အနံ့အသက်။

ထိုအခြေအနေကို ကြည့်ပြီး မူယာ့မျက်နှာမှာ တဖြည်းဖြည်း အရောင်ပြောင်းလာ၏။ မျက်လုံး၌လည်း စိုးရိမ်မှု အငွေ့အသက်တွေ ရုံးလွှမ်းလာပြီးသည့်နောက်မှာ . . .

"ဟယ် . . . ကာရန် . . . ကာရန်လေး . . ."

မူယာ အမောတကော အဆောင်အောက် ပြေးဆင်းသွားပါတော့သည်။ ကာရန် တစ်ခုခုဖြစ်တာ သေချာနေပြီ။

• • •

အသံတွေ ကြားရကတည်းက မိမိလက်စ လွန်သွားပြီမှန်း အိအိခိုင် တွက်မိလိုက်သည်။ တံခါးဆွဲဖွင့်လိုက်ချိန်မှာ ထင်ထားတာထက် ပိုဆိုးနေပါ၏။ ဆေးများသွားချေပြီ။ ဒါပေမဲ့လည်း . . .

"မေဖြူ . . . ဘာဖြစ်လို့လဲ"

မျက်စိမျက်နှာပျက်ကာ မေဖြူဖြူ ခေါင်းယမ်းသည်။

"မြင်တဲ့အတိုင်းပါပဲလား။ ငါတော့ စိတ်ညစ်ပါတယ်"

ထိုစဉ်မှာပဲ အဆောင်ခြံစည်းရိုးစပ်ဆီမှ မူယာ၏အလန့်တကြားအော်သံ ထွက်လာသည်။

"ဟယ် . . . ကာရန်လေး"

ဒေါ်အေးမိ ဝရန်တာထွက်ကြည့်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟော့တော် . . . သေနေပြီလား မသိဘူး"

မှူယာ၏ စိုးရိမ်တကြီးအသံနောက်မှာ ကျောင်းသူတွေ ဝရန်တာမှာ တန်းစီကုန်သည်။ အောက်ထပ်မှ လူတွေလည်း အခန်းပြင်ထွက်ကာ မဟာဒေဝီမလေးကို စိတ်ဝင်စားလျက်။ ဝရန်တာမှာ ရပ်ရင်း အိအိခိုင် မျက်နှာပျက်သွားခဲ့သည်။ သေဖို့ထိတော့ မရည်ရွယ်ခဲ့ပါ။ ဒါပေမဲ့ . . .

"ဟယ် . . . ကာရန်လေးရယ်၊ မသေကောင်း မပျောက်ကောင်း၊ တော်သေးတာပေါ့"

"အဝု . . . အဝု . . . "

သခင်တွေ့လို့လား မသိ။ ပန်းချုံအောက်မှ မျော့တော့တော့ အသံလေး ထွက်လာသည်။ သို့သော်လည်း မျက်လုံးလေး ကလယ်ကလယ်ဖြင့် လမ်းပင်မလျှောက်နိုင်တော့ပါ။

အိအိခိုင် သက်ပြင်းချလို့မှ မဆုံးသေး . . .

"အဲဒါကြောင့် အဆောင်မှာ ဘာတိရစ္ဆာန်မှ မမွေးချင်တာ။ တစ်စက်မှ ကိုယ့်ကို ကောင်းကျိုးပေးတာမဟုတ်ဘူး။ အခုပဲကြည့် . . . မိုးမလင်းသေးဘူး ငါ့တစ်ဆောင်လုံး ကျက်သရေမဲ့နေပြီ။ တော်ပြီ . . . အခုကစပြီး တစ်ခါတည်း စည်းကမ်းထုတ်တယ်။ အဆောင်မှာ ဘာတိရစ္ဆာန်မှ မမွေးရဘူး။ ဒီပေကျံနေတာတွေကိုလည်း ညည်းတို့ပဲ သန့်ရှင်းရေးလုပ်ရမယ်။ ဒါပဲ"



# VIII

"ရော့ . . . ရှင့်ချွေး"

စားရေးခုံပေါ်ရောက်လာသော အထုပ်ကြီးတစ်ထုပ်။

"မေဖြူရယ် . . . ဖြည်းဖြည်းလုပ်ပါ"

စိတ်မကောင်းသံတစ်ခုကပါ နောက်မှ ကပ်ပါလာသည်။ နိုင်ဦး ကြောင်တောင်တောင် မော့ကြည့်မိလိုက်တော့ . . .

"ဝု . . . ဝု . . ."

သူ၏ အလှနတ်သမီးနဲ့အတူ အိတ်ထဲမှ အသံတစ်သံ။ ပြီးတော့ အသံပိုင်ရှင်က အပေါက်ဝကို ခေါင်းပြုလာသည်။

"ဟာင် . . ."

အခြားမဟုတ်၊ ရှိစုမဲ့စုပိုက်ဆံဖြင့် ဈေးကြီးပေးဝယ်ထားရသော ချွေးမလေး ကာရန်။ သူ၏ ဗျူဟာနတ်သမီးလေး။

"ဘာ . . . ဘာဖြစ်လို့လဲဟင် . . ."

"ရှင့်ချွေးကြောင့် တစ်မနက်လုံး အဆောင်မှာ ကျွန်မတို့ သန့်ရှင်းရေး လုပ်လိုက်ရတယ်။ အဆောင်မှူးကလည်း အခု တိရစ္ဆာန် မွေးခွင့်မပေးတော့ဘူး။ အဲဒါကြောင့် ရှင့်ချွေးကို ရှင့်ပြန်လာပေးတာပါ"



www.burmeseclassic.com

www.burmeseclassic.com

"ဗျာ . . ."

ချစ်လှစွာသော မိန်းကလေးက ဒေါနှင့်မောနှင့် ပြောနေပေမဲ့ နောက်မှပါလာသူကတော့ . . .

"ဟိုလေ . . . ကာရန်လေး နေမကောင်း ဖြစ်နေတယ်ထင်တယ်။ ညက တစ်ညလုံး အဆောင်မှာ ဝမ်းတွေသွားနေလို့"

"ဗျာ . . ."

ဒုတိယမြောက် ဗျာသံနှင့်အတူ နိုင်ဦး ထခုန်မိလိုက်သည်။ အရင်ကတည်းက ခွေးချစ်တတ်သူမဟုတ်။ ဗျူဟာ အရသာလက်ဆောင် ဝယ်ပေးနေခြင်းဖြစ်ပြီး ယခု ဝမ်းသွားနေတယ်ဆိုတော့ . . . နိုင်ဦးပုံစံကို ကြည့်ပြီး မေဖြူဖြူ နှာခေါင်းတစ်ချက်ရှုံ့ကာ . . .

"ကျွန်မတို့ သန့်ရှင်းရေး လုပ်ပေးထားပါတယ်"

"သြော် . . . ဟုတ်လား"

ရှက်အမ်းအမ်း ပြန်ထိုင်ချလိုက်သည်။

"ဆက်မမွေးပေးနိုင်တာ စိတ်မကောင်းပါဘူး။ ကျွန်မတို့ကို ခွင့်ပြုပါဦး"

သွက်သွက်ပြောရင်း မေဖြူဖြူ လှည့်ထွက်သွားသည်။ မေဖြူဖြူ နောက်ကျောပြင်အား နိုင်ဦး နားလည်ရခက်စွာ ငေးသွားမိစဉ်မှာပဲ . . .

"ဆေးခန်းကို ပြဖြစ်အောင် သွားပြနော်။ ဒီအတိုင်းဆက်ထားရင် အားပျက်ပြီး သေသွားလိမ့်မယ်"

ပြီးတော့ ကြွပ်ကြွပ်အိတ်တွင်းမှ ခေါင်းပြူထွက်နေသော ခွေးလေးကို ကြည့်ကာ . . .

"သွားမယ် . . . ကာရန်လေးရေ၊ မမတို့အဖြစ်က ဆိုးပါတယ်ကွာ။ နောက်တစ်ခါ ပြန်ဆုံရင် ဒါမျိုးဒုက္ခတွေ မကြုံရပါစေနဲ့လို့ မမ ဘုရားမှာ ဆုတောင်းနေမယ် သိလား။ ရွှတ် . . ."

အာဘွားဝါးပေးမည်ကြံပြီးမှ ဘာကို သတိရသည်မသိ။ အဝေးမှ fly kiss ပေးပြီး ထွက်သွားသည်။ နောက်ပြီး ခွဲခွာရတော့မည့် ချစ်သူတစ်ယောက်ကို နှုတ်ဆက်သလိုမျိုး မျက်ရည်အဝဲသားဖြင့် လက်အကြိမ်ကြိမ်ပြကာ အခန်းထဲမှ ထွက်သွားပါသည်။

ကျန်ရစ်ခဲ့သော နိုင်ဦးမှာတော့ . . .

ဒီလိုအခြေအနေမျိုး နိုင်ဦး အကြိမ်ပေါင်းများစွာ မြှော်လင့်ခဲ့ရဖူးပါသည်။ သူ့များ လာရှာလေမလားစိတ်ကူးဖြင့် နေ့စဉ်ရက်ဆက် ရှူးခဲ့ရဖူးသည်။

ရောက်မယ့်ရောက်လာတော့ . . .

ကြွပ်ကြွပ်အိတ်ပတ်ထားသော ခွေးတစ်ကောင်နှင့် လူတစ်ယောက်ကိုကြည့်ကာ အခန်းထဲမှ လူများ ပြုံးစိစိဖြစ်နေသည်။ တချို့တလည်း ကြိတ်ရယ်နေသည်။ နိုင်ဦး အားလုံးကို မသိကျိုးကျွံပြုကာ အံကိုကြိတ်၊ ခပ်ဆိတ်ဆိတ် နေပစ်လိုက်၏။

သို့သော်လည်း ရောင်ရမ်းပြီး ပတ်ထားသောအိတ်ကို ဆွဲဖွင့်မိလိုက်ချိန်မှာတော့ . . .

"အမယ်လေး . . . ချေးတွေဗျ"

www.burmeseclassic.com

www.burmeseclassic.com

# IX

အဆောင်ဝင်းအတွင်း ခြေချပြီးနောက်မှာ အရင်လို ခွေးဟောင်သံ မကြားရတော့။ မေဖြူဖြူ ကျိတ်ပြုံးလိုက်သည်။ ယနေ့မှစပြီး ဒေါ်အေးမိနှင့် အဆောင်သူများအားလုံး သူမနှင့်မူယာအပေါ် ငြူစူရန်မရှိတော့ပါ။

ဘာရယ်မဟုတ်။ သူများမပေးချင်သည်ကြောင့် မူယာမွေးသည်ကို လက်ခံလိုက်ရာ ဒုက္ခတော်တော်များသွားသည်။ မနက်ကတင်တစ်ဆောင်လုံး သန့်ရှင်းရေးလုပ်လိုက်ရတာ ဖတ်ဖတ်ကို မောလို့။ ဒါတောင် အိအိနိုင် ပိုင်းကူပေးလို့။

အဆောင်မှူး၏ တစ်ချက်လွှတ် အမိန့်ကြောင့်သာ ပိုင်ရှင်ထံပြန်ပေးလိုက်ရသော်လည်း မူယာက သိပ်လက်မလျှော့ချင်။ ခွေးလေးမှာလည်း သနားဖို့တော့ အကောင်းသား။ ဒါပေမဲ့လည်း မတတ်နိုင်ပါ။ ဆက်မွေးထားလျှင် ကိုယ်တွေပါ အဆောင်က နှင်ချခံရတော့မည်။

ကိုယ်တိုင်လည်း ခွေးမချစ်တတ်သည်မို့ ဒီလောက်ထိတော့ မစွန့်စားရဲ။ မူယာကတော့ စိတ်မကောင်းခြင်းကြီးစွာ ဖြစ်နေလေပြီ။ ယခုလည်း ဟင်းဝယ်ဦးမည်ဆိုကာ လမ်းထိပ်တွင် နေခဲ့၏။ အဆောင်ပြန်ရောက်လို့ အရင်လို ခွေးဟောင်သံမကြားလျှင် ဘယ်လိုခံစားနေဦးမည်မသိ။ မေဖြူဖြူ လှေကားမှ တစ်လှမ်းချင်း တက်လာခဲ့ပါသည်။



အခန်းရှေ့ကိုရောက်တော့ ပိတ်ထားသော သော့ကိုဖွင့်သည်။ ထို့နောက် တံခါးနှစ်ချပ်အား ခပ်ဆတ်ဆတ် ဆွဲဖွင့်လိုက်စဉ်မှာပဲ . . .

"ဟယ် . . . ဘုရားရေ"

အခန်းနံရံအနှံ့ မြင်လိုက်ရသည်ကား ရောင်စုံစာလုံးများဖြင့် စာသားများ။

"ရန်သူတွေလက်ထဲက ကယ်ပေးလို့ ကျေးဇူးတင်ပါတယ်"

(ရန်သူ = ဖဲပိုင်းလိုက်ဖမ်းသူများ)

"ပိုင်ရှင်ကို ခွင့်မတောင်းဘဲ အခန်းထဲ ကျူးကျော်မိတာ ခွင့်လွှတ်ပါ"

"မင်းကို ရူးသွပ်စွာ စွဲလမ်းနေသူတစ်ယောက် ရှိနေပါတယ်"

"အရမ်းချစ်တယ် (သို့) Love You"

"စိတ်ဆိုးလို့ရပါတယ် မမုန်းရင် တော်ပါပြီ"

လက်ရေး အကြီးအသေးမျိုးစုံ၊ အဓိပ္ပာယ်မျိုးစုံ။

"အို . . ."

ဘာသဘောလဲ။ ဘယ်သူဝင်ရေးတာလဲ။ ဖဲပိုင်းဖမ်း၍ ကယ်တင်ပေးခဲ့သူမှာတော့ သူမတစ်သက်တွင် တစ်ယောက်ပဲ ရှိခဲ့ပါသည်။ နားထဲမှာပင် သီချင်းတစ်ပုဒ် ပြန်လည်ကြားလိုက်ရသလို။

"အကြင်နာတွေအတွက် ကျေးဇူးပါပဲကွယ်"



www.burmeseclassic.com

www.burmeseclassic.com

# X

"ရော့ . . . သူငယ်ချင်း ဒါက နင့်အတွက် လက်ဆောင်"

သိန်းဌေးပေးသော လက်ဆောင်အိတ်ကို ကြည့်ကာ . . .

"မလိုပါဘူးဟာ . . . ငါက စေတနာနဲ့ ကူညီတဲ့သဘောပါ"

စေတနာဆိုသော်လည်း အိအိခိုင်မျက်လုံးများက သူပေးသော လက်ဆောင်အိတ်ဆီကိုသာ ရောက်နေသည်။ ဘယ်လိုပဲဖြစ်ဖြစ် အခုလို ကူညီပေးတာပင် ကျေးဇူးတင်ရမည်။ လောင်းကစား ဝါသနာထုံသူမို့ အပေးအယူသဘောကို သိန်းဌေး ကောင်းကောင်းနားလည်သည်။

"စာတွေတော့ စုံပါတယ်နော်"

"စုံပါတယ်ဟာ။ နင်ပေးတဲ့အတိုင်းကို သေချာရေးပေးခဲ့တာ။ အခုချိန်ဆို မေဖြူဖြူ ဟတ်ထိနေလောက်ပြီ"

လပြည့်ည လမင်းကြီးလို သိန်းဌေးမျက်နှာကြီး ဝိုင်းပြည့်လာသွားသည်။

"ကျေးဇူးပါဟာ . . . ငါတော့ နင်နဲ့ သူငယ်ချင်းဖြစ်ရတာ အာလာဒင်မီးခွက်စောင့်နဲ့ သူငယ်ချင်းဖြစ်ရသလိုပါပဲ"



"ဟင် . . . ဒါဆို ငါက ဘီလူးကြီးပေါ့"

"ဟာ . . . မဟုတ်ပါဘူး၊ လိုတာ အကုန်လုပ်ပေးနိုင်တယ်လို့ ပြောတာပါ။ ချီးမွမ်းတာ . . . ချီးမွမ်းတာ . . . ဟဲ ဟဲ"

နောက်ထပ် ခိုင်းစရာများရှိသေးသည်မို့ အိအိခိုင်ကို အပြတ် မြှောက်ထားလိုက်သည်။

"နင်လည်း မဆိုးပါဘူး။ တော်တော်တော့ Romantic ဆန်သားပဲ"

"မဟုတ်ဘူးဟ . . . အမှန်အတိုင်း ပြောရရင် အဲဒါတွေက ဟိုကောင်နိုင်ဦးရဲ့ အကွက်တွေ။ ဒီကောင့်စာအုပ်ထဲက ခိုးဖတ်ပြီး ငါက အရင်လက်ဦးမှု ယူလိုက်တာ"

"ကောင်းတယ် . . . နိုင်ဦးဆိုတာ . . . ဟို . . . ခွေးလက်ဆောင်ပေးတဲ့ တစ်ယောက်မလား"

"ဟုတ်တယ်လေ"

"ငါဖြင့် ကြည့်လို့ကို မရဘူး။ သူ့ခွေးကြောင့်ပေါ့။ နှစ်ရက်ဝဲစီးရသေးတဲ့ ငါ့ဖိနပ်အသစ်ကြီး စီးမရတော့တာ"

"ဟာ . . . အဲ့ဒီကောင်က တကယ့်ငပွေးဟ။ ရေ့မှာတွဲခဲ့သမျှ ရည်းစားတွေကိုလည်း အဲ့ဒီနည်းသုံးပြီး ချဉ်းကပ်ခဲ့တာ။ ပြီးရင် သူသုံးခဲ့တဲ့ နည်းတွေကို မှတ်တမ်းသဘောမျိုးတောင် ရေးထားသေးတာ။ ဒီတစ်ယောက်နဲ့ ပြတ်သွားရင် နောက်တစ်ယောက် လိုက်ရလွယ်အောင်ပေါ့ဟာ။ ရည်းစားတွေ ဘယ်လောက်ထားခဲ့တယ်မသိဘူး။ သူသုံးခဲ့တဲ့ နည်းစနစ်တွေတောင် စာအုပ်တစ်အုပ် ပြည့်တော့မယ်"

"ဟုတ်လား . . . တကယ်မလွယ်တဲ့ကောင်ပဲ"

သိန်းဌေးမှာ အကွက်ဝင်တုန်း နိုင်ဦးမကောင်းကြောင်းကို သာသာထိုးထိုးလေး ပြောပေးလိုက်သည်။

"သိန်းဌေး . . . နင်တော့ ငါ့သူငယ်ချင်းကို အဲလိုမလုပ်ရဘူးနော်။ မေဖြူက ရိုးရိုးသားသားလေး"



www.burmeseclassic.com

www.burmeseclassic.com

"အေးပါဟာ . . . ငါက တစ်ယောက်ဆိုတစ်ယောက် မဖြေဆို မဖြေပါပဲ"

အိအိခိုင်က သူ၏ ပျက်ချော်ချော်စကားကြောင့် မျက်စောင်းထိုးသည်။

"နောက်တာပါ . . . ငါ မဖြေ့ကို တစ်ဘဝလုံးအတွက် ရည်ရွယ်ပြီး ချစ်တာပါ"

"ပြီးရော . . ."

အိအိခိုင်ထံမှ ကျေနပ်သော အမူအရာရပြီးသည့်နောက်မှာ သိန်းဌေးလိုရာကို ချပြလိုက်သည်။

"မနက်ဖြန် ငါ အခုလုပ်ခဲ့တဲ့ နည်းအတိုင်း နင်တို့အဆောင်ကို နိုင်ဦး လာလုပ်လိမ့်မယ်။ နည်းနည်း Lesson ပေးလိုက်စမ်းပါဟာ"

* * *

# XI

အဆောင်ဝမှ ထွက်ပေါ်လာသော ခေါင်းလောင်းသံကြောင့် အိအိခိုင် ခေါင်းထောင်ကြည့်လိုက်သည်။ ထင်ထားသလိုပါပင်။ သိန်းဌေး၏ ဟောကိန်းတို့ မှန်လှချေပြီ။ ဦးထုပ်ဝိုင်းလေးတစ်လုံးကို ဆောင်းကာ နိုင်ဦးတစ်ယောက် အဆောင်ဝတွင် ရပ်နေ၏။

တိုက်ဆိုင်လွန်းစွာ အဆောင်မှူးက မရှိ။ အဆောင်မှူး မရှိချိန်ကိုပင် တမင် ရွေးချယ်ရောက်ရှိလာသလား မပြောတတ်။ ကိစ္စတော့ မရှိ။ အဆောင်မှူးမရှိပေမဲ့လည်း သူမတွင် ကျောင်းပြေးဖော်နှစ်ယောက်တော့ ရှိနေပါသည်။

ဒုတိယမြောက် ခေါင်းလောင်းသံထွက်လာပြီးစဉ်မှာ အိအိခိုင် အဖော်နှစ်ဦးအား မျက်စပစ်ပြလိုက်သည်။ ကြိုတင်တိုင်ပင်ထားသည်မို့ အသင့်အနေအထားရှိသွားကြ၏။ ခေါင်းတစ်ချက်ညိတ်ပြရင်း အဆောင်တွင်းမှထွက်ကာ တံခါးဆီ လျှောက်သွားလိုက်ပါသည်။

နီးကပ်စဉ် မြင်ရတော့ . . .

www.burmeseclassic.com

www.burmeseclassic.com

နိုင်ဦးမှ ဟုတ်ပါလေစ။ မသိရင် အထင်မှားချင်စရာ။

"ဘယ်သူနဲ့ တွေ့ချင်လို့လဲ မသိဘူးရှင့်"

"ကျွန်တော် မီးပြင်ဆရာပါ။ အဆောင်မှူး ဒေါ်အေးမိက အခန်း (၁၂) မှာ မီးမလာလို့ဆိုပြီး ပြင်ဖို့ လွှတ်လိုက်လို့"

လုံးဝ အတည်ကြီးပင်။ အဝတ်အစား ဖိုသီဖတ်သီဖြင့် ခပ်နွမ်းနွမ်း ဦးထုပ်ဝိုင်းလေးတစ်လုံး ခေါင်းပေါ်တင်လို့၊ ပုဆိုးမှာတိုတို၊ စီးထားသည်က ရော်ဘာဖိနပ်။ မီးပြင်သမားဟန်ပေါက်အောင် သံသေတ္တာတစ်လုံးပင် ဆွဲလာပါသေးသည်။ ဒါပေမဲ့ . . .

"အဆောင်မှူးမရှိဘူးရှင့် . . . ဈေးသွားတယ်"

"ဟုတ်ပါတယ် . . . အခုပဲ ကျွန်တော့်ကို ပြင်ပေးဖို့ ဝင်ပြောသွားလို့ပါ"

နိုင်ဦး ပြောစကားနှင့် ဟန်ပန်က ကြိုမသိထားလျှင် သေချာပေါက် ယုံသွားစေမည့်အထာမျိုး။ အခန်း (12) သည် မေဖြူဖြူနှင့် မူယာတို့အခန်း။ မီးပြင်သမားဟန်ဆောင်၍ အခန်းထဲဝင်မည်။ ပြီးလျှင် မနေ့က သူမ လုပ်ပေးခဲ့သည့်အတိုင်း အခန်းနံရံအနံ့စာတွေ ရေးမည်။ နိုင်ဦးကိုကြည့်ကာ အိအိခိုင်စိတ်တွင်မှ ကြိတ်ရယ်မိလိုက်သည်။

"ဩော် . . . ဟုတ်လား၊ အဲဒါဆိုလည်း ဝင်ပါ။ ကျွန်မတို့က မိန်းကလေးအဆောင်ဆိုတော့ အဆောင်မှူးခွင့်မပေးဘဲ ယောကျ်ားလေး ပေးမဝင်ရလို့ပါ။ စိတ်မရှိပါနဲ့နော်"

"ရပါတယ်"

အိအိခိုင် တံခါးဖွင့်ပေးလိုက်ပါသည်။ ကိုယ်တော်ချောက ခပ် တည်တည်ပင် အဆောင်တွင်း ဝင်ချလာ၏။ အိအိခိုင် တံခါးကို ပြန် ပိတ်ရင်း နိုင်ဦးအား အတွင်းခေါ်သွားလိုက်သည်။

"လာပါရှင့် . . . အခန်း (11) က အပေါ်ထပ်မှာပါ"



လှေကားအတိုင်းတက်လာ၍ အခန်းတစ်ခု ရှေ့ရောက်သည် . . .

"ဒီအခန်းပါပဲ"

ကိုယ်တော်ချောက အဝတွင်းကပ်ထားသော နံပါတ်အား တစ် ချက်မော့ကြည့်ပြီး . . .

"မဟုတ်ဘူးဗျ . . . မီးပြင်ရမယ့်အခန်းက (12)"

"အာ . . . မဟုတ်ဘူး။ (12)က မီးမပျက်ဘူး။ (11)က ပျက် နေတာ"

အိအိခိုင်အပြောကြောင့် နိုင်ဦး အနည်းငယ် မျက်နှာပျက်သွား သည်။

"မဟုတ်ပါဘူး။ ကျွန်တော့်ကို အဆောင်မှူး လာပြောသွားတာ အခန်း (12) ပါ"

"ဩော် . . . ဒါဆိုရင် ရှင်နားကြားလွဲတာ ဖြစ်လိမ့်မယ်။ ဒါမှ မဟုတ် အဆောင်မှူးပဲ မှားသွားတာလားမသိဘူး။ တကယ်ပျက်နေ တာက (11) ရှင့်။ ဒီမှာ ကျွန်မပြမယ်"

အိအိခိုင် အခန်းတွင်းဝင်ကာ မီးခလုတ်ကို ဖွင့်ပြလိုက်သည်။ သိန်းငွေး ညွှန်ပြထားသည့်အတိုင်း မီးချောင်းချုပ်ကြိုးအား အတွင်းမှ ဖြတ်ထားပြီးသားမို့ မီးကမလာ။

"တွေ့တယ်မလား"

နိုင်ဦးကလည်း မလျှော့။

"အဲလိုဆို နှစ်ခန်းလုံး ပျက်တာထင်တယ်။ အဆောင်မှူးက ကျွန်တော့်ကို သေသေချာချာ လာပြောသွားတာပါ"

"ဟင့်အင်း . . . မပျက်ဘူး။ ကျွန်မ လိုက်ဖွင့်ပြမယ်"

အခန်းသော့ချင်း တူသည်မို့ အိအိခိုင် တစ်ဖက်ခန်းကူးကာ တံခါးကို ဖွင့်သည်။ အတွင်းဝင်တော့ နံရံအနှံ့ ပိုစတာများကပ်ထားသည် ကို တွေ့ရပါ၏။ မနေ့ကရေးပေးခဲ့သော စာများကို မတွေ့ရတော့။



www.burmeseclassic.com

www.burmeseclassic.com

"ဖျောက် . . ."

မီးခလုတ်ကိုဖွင့်တော့ လေးပေမီးချောင်းက ဖျတ်ခနဲ ထိန်လင်းသွားသည်။ 'ဘယ်လိုလဲ' ဟူသည့် သဘောနှင့် နိုင်ဦးကို လှည့်ကြည့်စဉ် ကိုယ်တော်ချောမျာ အီးအလုံးကြီးကြီးနဲ့ အထုခံလိုက်ရသလို ရှုံ့တွညိုမည်းကာ သွားပါသည်။

"ဒါပေမဲ့ နည်းနည်းလောက်တော့ စစ်ကြည့်ရင် ကောင်းမယ်ထင်တယ်"

"အာ . . . ကောင်းနေတဲ့ဥစ္စာ အချိန်ကုန်ခံပြီး ဘာလို့ စစ်နေမှာလဲ။ မကောင်းတဲ့အခန်းကိုပဲ ပြင်ပေးပါ။ လာ . . . လာ . . . မီးပျက်နေတာက ဟိုဖက်ခန်း"

နိုင်ဦး ငြင်းလို့မရနိုင်တော့၊ ကန့်လန့်ကန့်လန့်ဖြင့် ပါလာသည်။ သွားပြီ။ ရည်ရွယ်ချက်တစ်လေ့ကြီး တိမ်းမှောက်လေပြီ။ ကြိုတင်စုံစမ်းထားမှုအရ အခန်း (12) သည် မေဖြူဖြူနေထိုင်ရာ အခန်း။ မီးပြင်သမားယောင်ဆောင်၍ ဝင်မည်။ အဆောင်မှာ လူရှိနေလည်း မိန်းကလေးဆောင်မို့ ယောကျ်ားတစ်ဦးရှိနေသော အခန်းကို ဝင်ရဲမှာမဟုတ်။ ဒီလိုဆို အခန်းတံခါးပိတ်ပြီး နံရံတွင် စိတ်ကြိုက်ရေးရုံသာ။ ယခုတော့ . . .

အခန်းထဲရောက်စဉ် ပျက်နေသော မီးချောင်းကိုကြည့်ပြီး နိုင်ဦး ဘာလုပ်ရမှန်းမသိ။ လျှပ်စစ်နဲ့ပတ်သက်၍ ခလုတ် ဖွင့်တာ၊ ပိတ်တာလောက်ကလွဲပြီး နိုင်ဦး ဘာမှနားမလည်။ ဒါက ကိုယ်ကျွမ်းကျင်သော ဘာသာရပ်မဟုတ်။

'ဖျောက် . . . ဖျောက် . . ."

ခလုတ်ကို ဖွင့်လိုက်ပိတ်လိုက် လုပ်ကြည့်သည်။ တုပ်တုပ်မှ မလှုပ်သော မီးချောင်းကို မော့ကြည့်သည်။ လက်ပိုက်ရပ်နေသော အဆောင်သူ သုံးဦးအား မသိမသာကြည့်ကာ . . .



"ကျွန် . . . ကျွန်တော်က အဲ့ဒီလို ရပ်ကြည့်နေရင် အလုပ်မလုပ်တတ်ဘူးဗျ"

"သြော် . . . ဟုတ်လား . . . ကောင်းပြီ၊ ကောင်းပြီ။ ကျွန်မတို့ ဟိုဖက်လှည့်ထားပေးမယ်"

"ဗျာ . . ."

သူကို ရပ်ကြည့်နေရာမှ ခုတင်ပေါ်ထိုင်ရင်း တစ်ဖက်လှည့်သွားကြသည်။ နှစ်ယောက်က ဝတ္ထုစာအုပ်များ ကောက်လှန်သည်။ တစ်ဦးကတော့ . . .

"ကျွန်မတို့ကိုတော့ အခန်းထဲက မောင်းမထုတ်နဲ့နော်။ ရှင့်ကို မယုံလို့ မဟုတ်ဘူး။ လုံခြုံရေးအရမို့ပါ"

အဆုံးစွန် ပြောပြီးသွားပြီမို့ နိုင်ဦးလည်း သေရုံသာ ရှိတော့သည်။ ဘယ်လိုမှ ပထုတ်လို့ရမည်မဟုတ်တော့။ နောက်ဆုံး ပါလာသော သံသေတ္တာကို သူတို့မမြင်အောင် ဖွင့်ရသည်။

သေတ္တာတွင်းမှာက လိုရမည်ရယူလာသော ဝက်အူလှည့်တစ်ချောင်းမှလွဲ၍ ကျန်တာအားလုံးက စုတ်တံနှင့် ဆေးဘူးများပါပင်။ ဘာမှ လုပ်မနေတော့။ မထူးသည့်အဆုံး ဝက်အူလှည့်ကိုင်ပြီး နီးစပ်ရာ မီးခလုတ်ခုံတွေကို ထိုးဖွင့်လိုက်ရတော့သည်။

"မီးခလုတ်ကပဲ ပျက်တာဖြစ်မှာပါ။ ဒီအမျိုးအစားတွေက အပျက်များတယ်"

ခပ်တည်တည် ပြောရင်းဖွင့်ရာ စခရူနှစ်ချောင်း လက်တွင်းမှာ ပါလာသည်။ အဖုံးကိုလှန်တော့ အတွင်းမှ ကြိုးတွေပေါ်လာ၏။ ဘာဆက်လုပ်ရမှန်း သူ မသိတော့။ မချောသုံးယောက်ကို တစ်ချက်လှမ်းကြည့်တော့ သူလုပ်နေသမျှကို မသိဟန်ဆောင်ကာ စာအုပ်ဖတ်နေကြ၏။ နိုင်ဦး ခေါင်းကို တစ်ချက်ပွတ်ရင်း . . .



www.burmeseclassic.com

www.burmeseclassic.com

"အဝင်ထွက်ကြိုးကို အရင်စစ်ကြည့်ရမယ်"

ကြားဖူးနားဝစကားကို ဆိုရင်း ကြိုးတစ်စကို ဝက်အူလှည့် ထောက်ကြည့်ရာ အေးဆေးနေ၏။ ထူးခြားမှုမရှိ။

"ဒီကောင်က အထွက်ကြိုးဖြစ်ဖို့များတယ်"

နောက်တစ်စထောက် လိုက်စဉ်မှာတော့ . . .

"အား . . . ဘား . . . ဘ . . . ဘ . . . ဘ . . ."

လက်ဖြင့် ထိနေသော ဝက်အူလှည့်သံချောင်းမှတစ်ဆင့် လျှပ်စစ် ဓာတ်အားများသည်ကား . . .

နိုင်ဦး၏ခန္ဓာကိုယ်တစ်လျှောက် ပတ်ပတ်လည်စီးဆင်းကာ . .

"အ . . . ဘ . . . ဘာ . . . ဘာ . . . ဘား . . ."

ကလေးများ ကားမောင်းသလို ပါးစပ်မှ တဘူးဘူး မြည်သွား သည်။

"ဟာ . . . လုပ်ကြပါဦး . . . ဓာတ်လိုက်နေပြီ"

အိအိခိုင် အော်သံနောက်မှာ ကျန်နှစ်ဦးလည်း ပျာယာခတ်သွား သည်။

"မိန်း . . . မိန်းကို အရင်သွားချ"

ဘာလုပ်ရမှန်းမသိ ဖြစ်နေရာမှ တစ်ဦး အောက်ပြေးဆင်းသွား သည်။ မကြာလိုက်။

"ဂျောင်း . . ."

ဟူသော မိန်းချသံနှင့်အတူ တဆတ်ဆတ်တုန်နေသော ခန္ဓာကိုယ် တစ်ခုသည်ကား . . .

"ဘုန်း . . ."

လျှပ်ရှားမှုကင်းမဲ့သွားသော ခန္ဓာကိုယ်တစ်ခုသည်ကား ကြမ်း ပြင်ပေါ်သို့ အရုပ်ကြိုးပြတ် . . .



"ကိုနိုင်ဦး . . . ကိုနိုင်ဦး . . . အဲ . . . မီးဆရာ . . . မီးဆရာ"

သတိမရှိတော့။ နိုင်ဦးတစ်ယောက် လောကကြီးနှင့် အဆက် ပြတ်သွားလေပြီ။ နှာခေါင်းနှင့် နားမှပင် အငွေ့များ ထွက်လာနေသလို။ ခေါင်းနားပန်း ကြီးသွားရသူမှာ အိအိခိုင်။

"ကား . . . ကား . . . အမြန်သွားခေါ် . . . ဆေးရုံတင်မှရ မယ်"

ကျန်နေသူတစ်ယောက်လည်း အခန်းထဲမှ ပြေးထွက်သွားပါ သည်။

"ကိုနိုင်ဦး . . . ကိုနိုင်ဦး . . ."

အကြိမ်ကြိမ် လှုပ်နှိုးပါသော်လည်း နိုးထမလာတော့။ အိအိ ခိုင်ရင်တွေ တဒိတ်ဒိတ်ခုန်လာသည်။ သေများ သွားပြီလား။ ဒါဆိုရင် တော့ သူမတို့ . . . ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေစဉ်မှာပဲ လှေကား ပေါ်ပြေးတက်လာသော ခြေသံများကို ကြားရသည်။ မကြာလိုက်၊ အမော တကော အသံတစ်ခုနဲ့အတူ . . .

"ကားတော့ရပြီ . . . ဒါပေမဲ့ ဟိုလိုကားမဟုတ်ဘူး။ ဆိုက်ကား"

"ဟင် . . . "

"ဒီနားမှာ ကားမရှိတာ။ လွယ်လွယ်ရတဲ့ ဆိုက်ကားပဲ ခေါ် လာတယ်"

မတတ်နိုင်တော့။ ရွေးချယ်စရာမရှိသည်မို့ ရရာကားနှင့်သာ ဆေးရုံပို့နေပေတော့မည်။ ပါလာသော ဆိုက်ကားဆရာက လူနာကို ဆောက်ပွေ့ကာ ပခုံးပေါ်တင်သည်။ ပြီးတော့ အဆောင်ပေါ်မှ ပြေးဆင်း ကာ အသင့်ရပ်ထားသော ဆိုက်ကားပေါ်တင်၏။

ထို့နောက်မှာတော့ . . .

• • •



www.burmeseclassic.com

www.burmeseclassic.com

လူက လေဟုန်စီးနေရသလို၊ လေထဲမှာ တလူလူလွင့်နေသလို။ နားတွေအူနေ၏။ လေတွေထွက်နေတာလား၊ လေတွေဝင်နေတာလား မသိ။ မျက်လုံးဖွင့်ကြည့်တော့ ကောင်းကင်ပြာပြာကြီးကို အစအဆုံးမရှိ နိုင်ဦး မြင်လိုက်ရသည်။ ထိုစဉ်မှာပင် . . .

"ဦးလေး . . . မြန်မြန်လေးနင်းပါ။ ဒီမှာ လူနာ အသက်မရှူ တော့ဘူးလား မသိဘူး"

လှိုက်လှိုက်စိုစို ထွက်လာသည့် နောက်ဖက်မှ မိန်းမသံတစ်သံ ကြားဖူးသလိုတော့ ရှိ၏။ ပြီးတော့ လက်တစ်ဖက်က နောက်မှနေ၍ သူ့ကို သိုင်းဖက်ထားသည်။

"ဆေးရုံက တော်တော်လိုသေးလား"

"မလိုတော့ပါဘူး။ ရှေ့နှစ်မှတ်တိုင်လောက်ဆို ရောက်ပြီ။

"ဟင် . . ."

နိုင်ဦး ရင်ထိတ်သွားရကာ . . .

"ဆေးရုံ"

ဘာဆေးရုံလဲ။ မျက်လုံးကို ပြန်မှိတ်ရင်း ဦးနှောက်ကို အလုပ်ပေးတော့။

"ဟာ . . ."

သတိရပေပြီ။ မီးအဝင်အထွက်ကြိုးစစ်တာကို မှတ်မိသည်။ ပြီးတော့ . . .

'ဝုန်း'ခနဲ ထထိုင်စဉ် . . .

"ဟာ . . ."

"အို . . ."

"ကျွိ . . ."



နင်းနေသော ဆိုက်ကားဆရာပင် လန့်ဖျန့်ကာ ဘရိတ်တို ဆွဲ ညှစ်သည်။ အရှိန်ဖြင့်ပြေးနေသော ဆိုက်ကားမှာ 'ကျွိ' ခနဲ အသံပြုရင်း လမ်းပေါ် ဒရွတ်တိုက်ပါသွား၏။ 'တုံ့'ခနဲ ရပ်တံ့သွားစဉ်မှာပဲ . . .

နိုင်ဦး ဆိုက်ကားပေါ်မှ ခုန်ဆင်းကာ ပြေးတော့သည်။

"ဟာ . . . ကိုနိုင်ဦး . . . အဲ . . . မီးဆရာ . . . မီးဆရာ"

လှည့်မကြည့်တော့။ ဆိုက်ကားဆရာကလည်း စိုးရိမ်တကြီး လှမ်းအော်သည်။

"ဟာ . . . နေဦး . . . ဆေးရုံ သွားရဦးမယ်လေ"

လက်နှစ်ဖက် ထောင်ပြရင်း ခြေထောက်၏ ဦးတည်ရာအတွေ ကား . . .

ㅈ ㅈ ㅈ



www.burmeseclassic.com

www.burmeseclassic.com

# XII

"ကြီးလေးကြီးမှာ အဖွဲ့ဝင်လေးယောက်ပဲ ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကဗျာတစ်ပုဒ်ချင်းစီရဲ့ ဟန်တွေ လေ့လာကြည့်တဲ့အခါမှာ လေးမျိုးလေးစားကွဲနေတာ တွေ့ရလို့ပါ။ အဲဒါကြောင့် ကြီးလေးကြီးဟာ အဖွဲ့ဝင်လေးယောက်နဲ့ ဖွဲ့စည်းထားတဲ့ အဖွဲ့ဖြစ်ပါတယ်"

"ကြီးလေးကြီးမှာ မိန်းကလေးတစ်ယောက်မှ မပါပါဘူး။ ဘာကြောင့်လဲဆိုတော့ သူတို့ရဲ့ တွေးဟန် ရေးဟန်တွေက မိန်းကလေးတစ်ဦးရှုမြင်လေ့ရှိတဲ့ ရှုထောင့်တွေကနေ ကင်းလွတ်နေလို့ပဲဖြစ်ပါတယ်"

"ဘာလို့ တစ်ထစ်ချ ပြောနိုင်ရတာလဲ"

ကောင်းထက် မျက်မှောင်ကြုတ်ရင်း မေးမိတော့ . . .

"ကျွန်မကိုယ်တိုင်က မိန်းကလေးတစ်ယောက် ဖြစ်နေလို့ပါပဲ"

ဆက်မေးရန် မရှိတော့။ အလှည့်ကျသူက . . .

"ကျွန်တော်ကတော့ ဘာတစ်ခုမှ လေ့လာလို့ မရခဲ့ပါဘူး"

နံပါတ်သုံး အေးဆေးစွာပင် ရှင်းပြသည်။

"ကဗျာရေးဖို့အတွက် အချက်လက်ကို ကိုယ်တိုင်ရှာတာလား ရှာပေးတဲ့လူတွေ ရှိလားဆိုတဲ့ကိစ္စက တော်တော် အဖြေရှာရခက်ပါတယ်



ကဗျာဆရာတိုင်းအတွက် မျက်မြင်အကြောင်းအရာပဲဖြစ်ဖြစ်၊ တစ်ဆင့်ပြန်ကြားရတာပဲဖြစ်ဖြစ် အရေးမကြီးလှပါဘူး။ ဘာကြောင့်လဲဆိုတော့ ဝမ်းစာတစ်ခုကို အနုပညာနဲ့ပေါင်းလိုက်ရင် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် အကုန်ဖြစ်နိုင်လို့ပါ"

ကောင်းထက် ငြိမ်သွားရ၏။ ငြင်းစရာမရှိ၊ ငြင်းလည်း မငြင်းတတ်။ ကဗျာအကြောင်းပြောနေသူကပင် ကဗျာဆရာတစ်ဦး ဖြစ်နေနိုင်သည်မဟုတ်ပါလား။ ကိုယ်မကျွမ်းကျင်သည့် ကိစ္စတစ်ခုအပေါ် မှတ်ချက်ပေးခြင်းသည် ကလေးဆန်လွန်းလှ၏။ ဒါပေမဲ့ နောက်တစ်ဦးမှာတော့ . . .

"ကျွန်တော်ကတော့ တက္ကသိုလ်မဂ္ဂဇင်း၊ နံရံကပ်စာစောင်ပြိုင်ပွဲ၊ ကဗျာပြိုင်ပွဲတွေမှာ အရွေးခံရသူအားလုံးရဲ့ နာမည်တွေကို စာရင်းလုပ်ထားပါတယ်။ အခုလက်ရှိကနေ လွန်ခဲ့တဲ့ ငါးနှစ်လောက်ကထိ လူစာရင်းကို ရှာဖွေထားတယ်။ ကြီးလေးကြီးသာ လက်ရှိကျောင်းတက်တုန်းဆိုရင် ဒီထဲက ပြေးမလွတ်ပါဘူး"

နံပါတ်လေးထံမှ စာရွက်အရှည်ကြီးတစ်ရွက် ထွက်လာသည်။

"မဂ္ဂဇင်းမှာ ပင်တိုင်ရေးတဲ့ ဆရာ၊ ဆရာမတွေကို ဖယ်ပြီး ကျန်တာ ရွေးမှတ်ထားတာပါ။ ကြက်ခြေခတ်ထားတဲ့ လူတွေကတော့ လက်ရှိ ကျောင်းမှာ မရှိတော့ပါဘူး။ ကျောင်းပြီးသွားကြပါပြီ"

လက်ထဲရောက်လာသော စာရွက်ကို သေချာကြည့်မိသည်။ လူတော်တော်များ၏၊ မတတ်နိုင်။ တစ်ယောက်ချင်း စုံစမ်းကြည့်ရပေမည်။ စာရွက်ကို သိမ်းပြီးတော့ . . .

"ဒီနေ့ တနင်္လာဆိုတော့ မနက်ဖြန်ရော ကဗျာစာအုပ် ထပ်ထွက်ဦးမယ်ထင်လားဗျ"

တိုင်ပင်ထားခြင်းမရှိပါဘဲ ခေါင်းတွေ ပြိုင်တူညိတ်ကုန်သည်။

"ရှေ့စာအုပ်တွေအတိုင်းပဲ နာမည်ကြီးမယ်ရော ထင်သလား"

"အသေအချာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ထင်ဖို့မှမလိုတာ၊ သေချာပြီးသားကြီးပဲ"

တစ်ယောက်ကတော့ လက်ရှိအခြေအနေနဲ့ သုံးသပ်ပြောဆို၏။

"မနက်ဖြန်တော့ လုံခြုံရေးတွေ ထပ်တိုးဖို့ ရှိပါတယ်။ ကဗျာစာအုပ် ကျောင်းထဲရောက်ဖို့တောင် သိပ်မလွယ်ပါဘူး"

ကောင်းထက် ပြုံးမိသည်။

"အဲဒါ အလွယ်ဆုံးပဲ။ ကျွန်တော်တို့ ကျောင်းသားတွေတောင် ကျောင်းဝန်းထဲကို ဝင်ချင်တဲ့အပေါက်က ဝင်၊ ထွက်ချင်တဲ့ အပေါက်က ထွက်နေတာ။ လုံခြုံရေး ဘယ်လောက်ချချ အပေါက်စုံအောင် လိုက်မပိတ်နိုင်ဘူး။ ကျောင်းထဲကို ကဗျာစာအုပ် သေချာပေါက် ရောက်လာလိမ့်မယ်။ ဒါပေမဲ့ စိတ်မပူပါနဲ့ စာအုပ်ရောက်လာမှ ကျွန်တော်တို့ အလုပ်က အကောင်ထည်ပေါ်မှာ"

လွယ်အိတ်တွင်းမှ စာတစ်ရွက်ကို ထုတ်လိုက်၏။ ပြီးတော့ –

"ဒါ ရန်ကုန်တစ်မြို့လုံးမှာရှိတဲ့ စာပုံနှိပ်တိုက်တွေစာရင်း။ ချောင်ကြိုချောင်ကြားမကျန် ကျွန်တော် လိုက်ကောက်ထားတာ။ လက်လှမ်းမမီတဲ့ အနည်းအကျဉ်းတော့လည်း ကျန်ရင်ကျန်မှာပေါ့လေ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ကျွန်တော်တို့လုပ်ရမှာက မနက်ဖြန် ကျောင်းထဲကိုရောက်လာမယ့် ကဗျာစာအုပ်အရေအတွက်ကို လေ့လာရမယ်။ ခန့်မှန်းခြေပေါ့။ ပြီးမှ ကဗျာစာအုပ်ကိုင်ပြီး တစ်တိုက်ချင်း လိုက်စုံစမ်းရင် တစ်ခုခုနဲ့တော့ ငြိမှာပဲ"

မဆိုးပါ။ နည်းလေးက ရိုးမလိုလိုနှင့် အဖြေထွက်ရန် နီးစပ်လှသည်။ ကောင်းထက် စကားကို ဆက်ပါသည်။

"ဒါနဲ့မှ မရရင်တော့ နောက်ထပ်နည်းတစ်ခု စဉ်းစားထားတယ်။ ကျွန်တော့်အိုင်ဒီယာတော့ မဟုတ်ပါဘူး၊ နံပါတ်ငါး အိုင်ဒီယာပါ"

နံပါတ်ငါး မတ်တတ်ရပ်လာ၏။

ပြီးတော့ . . .



ကောင်းထက် ပြောသလိုပင်၊

နောက်တစ်နေ့မနက်ခင်း၌ "ကြိုးလေးကြိုး No.3"

မှာ ကျောင်းတွင်းသို့ သေချာပေါက် ရောက်လာခဲ့သည်၊

အားလုံး တွေးထင်ထားကြသည့်အတိုင်း

ကြောက်ခမန်းလိလိအောင် ဖြစ်သွားပါသည်၊

ကျောင်းသားများ၏ ပါးစပ်ဖျား၌ ကဗျာ

နှစ်ပုဒ်မှာ ချက်ချင်း ရေပန်းစားသွားသည်၊

ဒီတစ်ခေါက် မင်းသားက "ဘုကြီး"



www.burmeseclassic.com

www.burmeseclassic.com

## သတိ

ဆေးလိပ် မသောက်ရ၊
ကွမ်းမစွေးရ၊
အရက်သေစာ မသောက်စားရ၊
အပေါ့ အလေး မစွန့်ရ၊
ကျောင်းစောင့်နဲ့ပေါင်း၍
ကျောင်းထဲတွင် ညဘက် အတွဲမချိန်းရ၊

ဘုန်းကြီး



## ပြန်အမ်းပါ

မင်္ဂလာ ဘယ်လောက်လဲ?
ထောင့်ငါးရာ
ကျေနပ်ဝမ်းယူစွာ ငွေနှစ်ထောင်သွင်းလိုက်၏။
မင်္ဂလာနှင့် ပြက္ခဒိန်တစ်ခု ရောက်လာသည်။
အခြား ကျောင်းအပ်နေသူများနည်းတူ တိုးဝေ့
ရပ်စောင့်နေမိသည်။
ငါးမိနစ်၊ ဆယ်မိနစ်
မိနစ်သုံးဆယ်
ကျောင်းသားတစ်ဦး စာအုပ်ထုပ်ကြီးပိုက်ပြီး
သူငယ်ချင်းများထံ ပိုက်ဆံလိုက်ချေးနေ၏။
ပြန်ရန်လမ်းစရိတ် မရှိတော့ပြီ။

ထောင်ကြီး



www.burmeseclassic.com

www.burmeseclassic.com

# XIII

အဆောင်ဝရန်တာတွင်ရပ်ရင်း ဟိုဟိုဒီဒီ ငေးနေရာမှ မျက်လုံးတွင်း ဝင်လာသော အရာတစ်ခုကြောင့် မေဖြူဖြူ အံ့သြသွားသည်။ စွန်လေးတစ်ကောင် သာမန်လွတ်လေ့လွတ်ထရှိသော စွန်မျိုးမဟုတ်၊ သာမန်ထက် ထူးခြားနေတာက သူ့တွင် အမြီးရှည်ရှည်လေး တွဲလျက် ပါဝင်နေသည်။

ဘယ်နေရာမှ လွှတ်တင်နေမှန်းမသိပေမဲ့ စွန်လေးကတော့ ကောင်းကင်ထက်တွင် ဘယ်ညာဝဲလျက် ရှိနေပါ၏။ အစပထမတော့ ဘာမှန်းမသိပေမဲ့ အဆောင်နှင့် နီးကပ်လာချိန်မှာ စွန်ကိုယ်ထည်မှ အရာက ထင်ရှားလာသည်။

"ဟင် . . ."

စာကြောင်းတစ်ခု၊ ကိုယ်ထည်မှ အမြီးတိုင်အောင် ရေးထားသော စာကြောင်းသည်က . . .

"ချစ်လွန်းလို့ စောင့်ရှောက်ပေးချင်မိတာပါ"

'ကာရန်' လေးအတွက် တောင်းပန်ပါတယ်။

"ဟင် . . . "

မေဖြူဖြူ ပါးစပ်ဟောင်းလောင်း ပွင့်သွားရစဉ်မှာပဲ . . .



"ဘယ်ကောင်တွေ လက်သရမ်းနေလဲမသိဘူး။ စွန်က ဒီနားမှာပဲ လာဝဲနေတယ်။ အကြောင်းမသိသော အိအိခိုင်က သည်းခံနိုင်စွာ ပြောသည်။ မူယာကလည်း . . .

"စွန်ပုံစံကိုလည်း ကြည့်ပါဦးဟာ၊ ပုံဆိုးပန်းဆိုးနဲ့"

သူတို့ ဘာမှမသိကြ၊ အကြောင်းရင်းကို နားလည်သွားသည့် မေဖြူဖြူမှာတော့ ရပ်နေရာမှ အခန်းတွင်း ပြေးဝင်လိုက်သည်။ စွန်လေးရဲ့ပိုင်ရှင်များ တစ်နေရာမှ သူမကို ကြည့်ကောင်း ကြည့်နေနိုင်သည် မဟုတ်ပါလား။

မေဖြူဖြူ အမူအယာကြောင့် အိအိခိုင် အနည်းငယ် သံသယဝင်သွားမိသည်။ ထို့ကြောင့် ရစ်ဝဲနေသည့် စွန်အား သေချာကြည့်လိုက်မိစဉ်မှာ . . .

• • •

"သိန်းငွေ . . . ဖုန်းလာနေတယ်"

ကြားရသောအသံကြီးကြောင့် ရေချိုးခန်းမှ ထွက်ထွက်ချင်း အောက်ဖက် ပြေးဆင်းလိုက်သည်။ သူ့ကို ဖုန်းဆက်မည့်သူဟူ၍ ပိုက်ဆံလွှဲပေးမည့် အမေနှင့် အကြွေးတောင်းမည့် ဦးပြောင်ကြီးသာ ရှိပါသည်။ 'ဘုရား . . . ဘုရား . . . အမေပဲ ဖြစ်ပါစေ' ဖုန်းခွက်ကို ကောက်ကိုင်တော့ . . .

"ဟယ်လို"

"သိန်းငွေးလား"

အမေ မဟုတ်သော မိန်းမသံတစ်သံ။ ဒါပေမဲ့ . . . ချက်ချင်းပဲ မှတ်မိလိုက်သည်။

"ဟာ . . . အိအိခိုင်၊ ပြော . . . သူငယ်ချင်း ဘာအကြောင်း ထူးလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com

"နင်ကလည်း ကြာလိုက်တာဟာ၊ ငါခေါ်တာ ကြာနေပြီ"

"မဟုတ်ဘူး . . . ငါ ရေချိုးခန်း ဝင်နေလို့"

"အေး . . . နင်ကသာ ရေချိုးခန်းဝင်နေ၊ ဟိုမှာ နင့်ပြိုင်ဘက်က အဆောင်လာပြီး အကွက်ရွှေ့သွားတာ မေဖြူ တော်တော်ခံစားသွားတယ်"

"ဟေ . . . ဘယ်လို . . . "

သိန်းငွေး နှလုံးသွေးတို့ ရုတ်ခြည်း ဆူပွက်လာတော့ . . .

"အေး . . . ဒီလို . . . . . . . . . "

စကားဆုံးစဉ် သိန်းငွေးခမျာ သွေးစုပ်ခံလိုက်ရသော ယုန်တစ်ကောင်လို ဖြူဖပ်ပျော့ခွေသွားလေတော့၏။

"အိအိခိုင် . . . သူငယ်ချင်း၊ ငါ့ကို ကူညီပါဦးဟာ။ ငါ ဘာဆက်လုပ်ရမလဲဟင်"

သေခါနီးလေသံနဲ့ အကူအညီတောင်းရာ တစ်ဖက်မှ ငြိမ်သွားသည်။ တစ်အောင့်ကြာတော့ . . .

"ဘာမှလုပ်မနေနဲ့တော့ဟာ . . . မေဖြူကို နင် ဖွင့်ပြောပြီးသားပဲ။ မြန်မြန်သာ အဖြေတောင်းလိုက်တော့"

"ဟင် . . . ဟုတ်လား။ ဒါဆို ငါ ဘယ်တော့လောက် တောင်းရမလဲ ဟင်"

"ကြာပါတယ်ဟာ . . . မနက်ဖြန် ငါတို့ ထိုင်နေကျကန်တင်းကိုသာ လာခဲ့လိုက်။ ငါ ကြည့်လုပ်ထားလိုက်မယ်"

ဘယ်လို ကျေးဇူးတင်ရမှန်းပင် မသိတော့။ သူ့ဘဝရဲ့ အားကိုးရာအစစ်မှာ အိအိခိုင်မှလွဲပြီး တခြား မရှိတော့ပြီ။

"ကျေးဇူးတင်လိုက်တာဟာ"

မေးချင်းရိုက်၍ ထွက်လာသောလေသံက မြူခိုးတွေဝေလို့။



# XIV

ခပ်ဝေးဝေးကတည်းက မေဖြူဖြူထိုင်ရာဆိုင်ကို လှမ်းမြင်ရပါသည်။ နံဘေးတွင် အိအိခိုင်လည်း ရှိနေသည်။ သူ့ကိုမြင်တော့ အိအိခိုင်က လက်လှမ်းပြ၏။ သိန်းငွေး ခေါင်းညိတ်ပြရင်း ခပ်တည်တည်ပင် ဆိုင်တွင်း ဝင်သွားလိုက်သည်။ မေဖြူဖြူထိုင်ရာ စားပွဲအနီးကိုရောက်တော့ . . .

"ထိုင် . . . သိန်းငွေး"

အိအိခိုင်က နီးစပ်ရာခုံတစ်လုံးကို ညွှန်ပြရင်း ဧည့်ဝတ်စကားဆိုပေမဲ့ မေဖြူဖြူကတော့ ဝတ်ကျေတန်းကျေလောက်သာ လှည့်ကြည့်သည်။ ပြီးတော့ တစ်ခုခုအား စဉ်းစားနေသလို အဝေးတစ်နေရာအား ငေးလျက်ရှိနေပါ၏။

"ခဏလေးနော် . . . မေဖြူက ဟိုတစ်ယောက်ကိုပါ တွေ့ချင်တယ်ဆိုလို့ မူယာကို သွားခေါ်ခိုင်းထားတယ်"

ခေါင်းထဲမှာ အချက်ပေးခေါင်းလောင်းသံတွေ မြည်ကုန်သည်။ ဘယ်တစ်ယောက်ပါလဲ။ မကြာလိုက်။



www.burmeseclassic.com

www.burmeseclassic.com

“ဟော . . . ဟိုမှာ လာကြပြီ”

အိအိနိုင်စကားကြောင့် ဆိုင်ဝကို လှမ်းကြည့်မိစဉ် . . .

“ဟင် . . . ”

ထင်မှတ်ထားသည့်အတိုင်း နိုင်ဦး။ မနုတ်တတ်သော ကြောင်တစ်ကောင်အလား မူယာနောက်မှာ ခပ်ယို့ယို့လေး ပါလာသည်။ သူ့ကိုမြင်တော့ မသိမသာ မျက်နှာပျက်သွားသည်။ မေဖြူဖြူကတော့ ယခုချိန်ထိ တည်ငြိမ်စွာရှိနေဆဲ။ သူတို့ထိုင်နေရာ စားပွဲဝိုင်းအနီး ရောက်လာပြီးနောက်မှာ . . .

“လာ . . . ကိုနိုင်ဦး . . . ထိုင်”

မေဖြူဖြူနှင့် မျက်နှာချင်းဆိုင်ခုံကိုရွေးကာ မူယာက နေရာပေးသည်။ နိုင်ဦး ဝင်ထိုင်ပြီးတော့ . . .

“မေဖြူ . . . ငါတို့ သွားတော့မယ်”

ကြိုတင်တိုင်ပင်ထားသလိုမျိုး အိအိနိုင်နှင့်မူယာမှာ လွယ်အိတ်ကိုယ်စီလွယ်ရင်း ထွက်သွားကြပါသည်။ ကျန်ရစ်ခဲ့သော သိန်းဒွေးတို့နှစ်ယောက်မှာ ဟိုကြည့်ဒီကြည့်။ မူယာတို့နှစ်ဦး ဆိုင်ပြင်ရောက်သွားသည်ထိ သူတို့ဝိုင်းလေးက တိတ်ဆိတ်လို့ကောင်းတုန်း။

စိတ်မြန်လက်မြန်ရှိသော သိန်းဒွေးက တိတ်ဆိတ်မှုကို စတင်ဖြိုဖျက်လိုက်ပါသည်။

“မေဖြူ . . . ကျွန်တော့်ကို တွေ့ချင်တယ်ဆိုတာက . . . ”

စကားမဆုံးလိုက်။

“ဆိုတော့ . . . ရှင်တို့နှစ်ယောက်က ကျွန်မကို ချစ်နေကြတယ်ပေါ့”

“ဗျာ . . . ”

သိန်းဒွေး ကြောင်သွားသည်။ နိုင်ဦးမှာလည်း မျက်လုံးအပြူးသား။ ဘယ်လိုကြီးပါလိမ့်။



“ဟုတ်ကဲ့”

အူကြောင်ကြောင် အဖြေနှစ်ခုကို ခေါင်းညိတ်လက်ခံ၍ . . .

“ခက်တာက ကျွန်မလည်း ရှင်တို့နှစ်ယောက်လုံးကို ပြိုင်တူဖြန့်ချစ်လို့ မရဘူးဖြစ်နေတယ်။ အဲတော့ ဒီလိုလုပ် . . . ။ ကျွန်မကို စဉ်းစားဖို့ အချိန်နည်းနည်းပေး။ ရှင်တို့ထဲက တစ်ယောက်ကို ကျွန်မ စဉ်းစားပေးမယ်”

သိန်းဒွေးတို့နှစ်ဦး တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ ပြီးတော့ ပြိုင်တူလိုလိုပင် . . .

“ဟုတ် . . . ဟုတ်ကဲ့”

“ဟုတ် . . . ရပါတယ်”

မရလို့လည်း မဖြစ်ပါ။ အဖြေက သူပေးမှရမည် မဟုတ်ပါလား။

“အဲလိုဆို ကျွန်မ တစ်ခု မေတ္တာရပ်ခံချင်ပါတယ်။ ရှင်တို့နှစ်ယောက်လုံး ကျွန်မကို ကြိုးစားနေတာတွေ ရပ်လိုက်ပါတော့။ အထူးသဖြင့် ကျွန်မအခန်းနံရံမှာ စာဝင်ရေးတာတို့၊ မီးပြင်သမားယောင်ဆောင်ပြီး အခန်းထဲဝင်ဖို့ ကြိုးစားတာတို့ပေါ့”

သိန်းဒွေး ပြုံးမိသလောက် နိုင်ဦးမှာတော့ မျက်နှာမည်းသွားသည်။ သူတို့နှစ်ဦးကိုကြည့်ကာ မေဖြူဖြူက စကားဆက်သည်။

“ကျွန်မတို့ မိန်းကလေးဆိုတာ ပတ်ဝန်းကျင်နဲ့နေတာပါ။ နောက်တစ်ခါ ပတ်ဝန်းကျင်မှာ ကျွန်မဂုဏ်သိက္ခာ ထိခိုက်စေနိုင်မယ့် အလုပ်မျိုးတွေ ထပ်မလုပ်မိပါစေနဲ့။ ရှင်တို့နှစ်ယောက်လုံးကို အခုချိန်ထိ ကျွန်မ အမှတ်အတူတူ ပေးထားတယ်။ ဘယ်သူ့ကို ရွေးချယ်တယ်၊ ရွေးချယ်ဘူးဆိုတာတော့ ကျွန်မအပေါ်မှာပဲ မူတည်ပါတယ်”



www.burmeseclassic.com

www.burmeseclassic.com

ပြီးလေပြီ။ ရှေ့လျှောက် ကောင်းအောင်နေ၊ ဘုရားမှာဆုတောင်း၊ ဒီလောက်သာ တတ်နိုင်တော့သည်။ ဆက်လက်ကြိုးစားစရာ မလိုတော့သည့်တွက် သိန်းဌေးလည်း နိုင်ဦးနည်းစနစ်များကို ကြောက်စရာမလိုတော့။ နိုင်ဦးလည်း သိန်းဌေး၏ ခွင်ကျော်မှုများကို စိုးရိမ်စရာမလိုတော့။

ထိုနေ့က မေဖြူဖြူစကားတွေအောက်မှာ သူတို့နှစ်ဦး သိမ်မွေ့ခဲ့ကြ၏။ ကျိုးနွံခဲ့ကြ၏။ ပြီးတော့ သဘောတူညီမှုတစ်ခုကိုလည်း နှစ်ဦးသား ရရှိခဲ့ပါသည်။ အဲဒါက မေဖြူဖြူ မည်သူ့ကိုပဲ ရွေးချယ်သည်ဖြစ်စေ ကျေနပ်စွာလက်ခံကြေး။

ဒါပေမဲ့ လက်မခံသူနှစ်ဦးကလည်း ရှိနေပါသည်။



# XV

"ကဲ . . . အခု ဘယ်လိုလုပ်ကြမလဲ၊ ဒီတစ်ပတ်အတွက် ပိုက်ဆံမလောက်တော့ဘူး"

ဒေါသသံပျော့ပျော့ဖြင့် မျက်နှာချင်းဆိုင် မေးလာသည်က မျိုးအောင်။ တက်လူက ထောင့်တစ်ထောင့်တွင်မှီကာ မျက်လုံးမှေးစင်းရင်း အဖြစ်အပျက်ကို ရှုစားနေသည်။ အမြင်ကပ်ဖွယ် မျက်နှာပေးဖြင့် ဆေးလိပ်ပင် ဖွာနေလိုက်သေး၏။

အချိန်က ည (၈) နာရီဝန်းကျင် သူတို့ဆုံနေကျ နေရာတစ်ခုမှာ . . .

"အဲဒါကို ပြောတာပေါ့ကွ . . . မ,ဘက်လိုက်တော့ တက်တက်ပြောင်ဆိုတာ . . . ဟား . . . ဟား"

မကြားတကြားဆိုရင်း ခနဲ့ပင် နေပါသေးသည်။ သိန်းဌေးနှင့် နိုင်ဦးမှာတော့ ညှိုးငယ်ထားသော မျက်နှာများကို ထပ်မံညှိုးချရင်း . . .

"အိမ်က မပို့သေးလို့ပါကွာ။ အခု မင်း ခဏစိုက်ထားလိုက်ပါလား။ ပိုက်ဆံရောက်တာနဲ့ ငါတို့ ပြန်ပေးပါ့မယ်"

"ငါ့မှာလည်း မရှိတော့လို့ပေါ့ကွာ။ မဟုတ်ရင် မင်းတို့အောင် ပြောမနေဘူး"



www.burmeseclassic.com

www.burmeseclassic.com

"တက်လူဆီမှာရော"

"No. ပဲ။ အသက်ရှည်ဆေးတောင် ကိုဘိုစွန်တိုက်လို့ မငတ်သေးတာ။ ဒါပေမဲ့ ငါ့တာဝန်တော့ ငါကျေတယ်နော်။ ငါ့ဝေစုကို ငါရအောင် ရှာထားပေးတယ်"

ပိုက်ဆံလက်ကျန်ရှိသေးသည်မို့ သူကောင်းသားက ပြောအားရှိနေသည်။ နိုင်ဦးမှာတော့ ခွေးဝယ်ရတာနှင့်၊ ခွေးကို ဆေးကုပေးရတာနှင့် တစ်လစာ တက်တက်ပြောင်နေပြီ။ အခုထိလည်း ခွေးက ရောင်းမထွက်သေး။ သိန်းဌေးကရော . . .

သိန်းဌေးသည်လည်း ထူးမခြားနား။ အိအိခိုင်ကို အောင်သွယ်ခပေးရတာနှင့် လူက ခပ်မျော့မျော့သာ ကျန်တော့သည်။

"ငါ တစ်ခုလောက်တော့ အကြံပေးချင်တယ်ကွာ။ ကဗျာစာအုပ်ကို အလကားမဝေဘဲ ရောင်းပါလား။ ဒါဆို ငါတို့ လည်ပတ်လို့ရမယ်ထင်တယ်"

"ဘယ်သူရောင်းမှာလဲ။ မင်း ရောင်းမှာလား။ ငါတို့တော့ ကျောင်းထုတ်မခံချင်သေးဘူး"

နိုင်ဦး တိတ်သွားသည်။ ဒါပေမဲ့ သူ့အမြင်ကို ဆက်လက်ဆွေးနွေး၏။

"ကိုယ်တိုင်ရောင်းတာမဟုတ်ဘဲ တစ်ဆင့်ရောင်းခိုင်းတာမျိုး ဆိုရင်ရော"

"ဒီလောက် အန္တရာယ်များတဲ့ကြားက ဘယ်သူရောင်းပေးမှာလဲ။ ကျောင်းထဲရောက်အောင်တောင် မနည်းသွင်းနေရတဲ့ဥစ္စာ"

"ဒါပေမဲ့ . . . ဒီအတိုင်းဆို ငါတို့ရပ်တည်ဖို့ မလွယ်ဘူးနော်။ ငါတို့မျှော်မှန်းတဲ့ ပန်းတိုင်က ဘယ်ဆီဘယ်မှန်း မသိသေးဘူး။ ဘယ်လောက်ထိအောင် ဆက်တိုက်နေရဦးမလဲလည်း မသိဘူး။ မိဘထောက်ပံ့စရိတ်နဲ့ ကျောင်းတက်နေရတဲ့အတွက်လည်း ဝင်ငွေက မသေချာဘူး။ ကြာရင် ငါတို့ လှေလှော်ရင်း တက်ကျိုးသွားမယ်နော်"

ဒီတစ်ခါတော့ မျိုးအောင်ပင်မဟုတ်။ ထောင့်ကပ်နေသော အရက်သမားပါ ငြိမ်သွားရသည်။ နိုင်ဦး၏တွေးစမှုက စဉ်းစားသင့်လောက်သည်မဟုတ်ပါလား။ ထိုစဉ် . . .

သိန်းဌေးက သူ့အမြင်ကို တင်ပြလာသည်။

"ငါ စဉ်းစားမိတာ တစ်ခုရှိတယ်။ ငါတို့ စာအုပ်ကို ဒီအတိုင်းပဲ ဝေမယ်ကွာ။ ဒါပေမဲ့ လိပ်စာတစ်ခုပေးပြီး စာတိုက်ကနေ အလှူခံမယ်။ ရန်ပုံငွေသဘောမျိုးပေါ့။ အဲလိုဆိုရင်ရော ဘယ်လိုနေမလဲ"

ဒါသည်လည်း စဉ်းစားရမည့် အချက်ပါပင်။ ဟုတ်တော့လည်း ဟုတ်၏။ ဒီအတိုင်းဆို ရေရှည်ရပ်တည်ဖို့မလွယ်။ ဆက်လျှောက်ရမည့် ပန်းတိုင်က ဝေးလွန်းလှသည် မဟုတ်ပါလား။

ပြီးပြည့်စုံသော ပညာရေးစနစ်တစ်ခုကိုတော့ မမျှော်မှန်းရဲ။ အမှန်ဘက်သို့ ခြေတစ်လှမ်း ရွေ့သွားရုံလောက်သာ ရည်ရွယ်ပါသည်။ သို့သော်လည်း ထိုခြေတစ်လှမ်း၏ အကွာအဝေးသည်ကား . . .

www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနှင့် ဟိုလူဆီကချေး၊ ဒီလူဆီက ငှားကာ
အင်္ဂါနေ့တွင် "ကြီးလေးကြီး No-4" ထွက်ဖြစ်
အောင် ထွက်ခဲ့သည်။
ရှေ့အုပ်များနှင့် ကွဲလွဲနေတာတစ်ခုတော့ ရှိ၏။
အဲဒါက စာအုပ်အပြင်အဆင်နှင့် စာရွက်သားမှာ
လုံးဝ ညံ့ဖျင်းသွားခြင်း။
သို့သော်လည်း အောင်မြင်မှုမှာတော့ ...



ခေါင်းမာ၏
ကြီးလေးကြီးမှာ အခုချိန်ထိ ခြေရာပျောက်ထားဆဲ ...



www.burmeseclassic.com

www.burmeseclassic.com

## XVI

ထွက်လာသော စာအုပ်ကိုကြည့်ပြီး ကောင်းထက်တို့အုပ်စုမှာလည်း အမျိုးမျိုး သုံးသပ်နေရပါသည်။ ယခုစာအုပ်ကတော့ သူတို့အား ကောင်းမွန်သော ရွေးချယ်မှုတစ်ခု ပေးလိုက်လေပြီ။

ဤခရီး မဝေးတော့ . . .

စုံစမ်းမှုများအရ ကြီးလေးကြီးမှာ လက်ရှိကျောင်းတက်နေတုန်းပင် ရှိပါသေးသည်။ ကျောင်းမှ ကဗျာလက်၊ စာလက်ရှိသူများကိုလည်း စာရင်းပြုစုထားသည်။ ပုံနှိပ်တိုက်တစ်ခုချင်းစီ လိုက်လံစုံစမ်းမှုမှာလည်း ထိုက်သင့်သလောက် ခရီးရောက်နေပါပြီ။ ယခုတော့ ရွေးချယ်ရန် နောက်တစ်ချက်ပါ ထပ်တိုးလာချေပြီ။

ကြီးလေးကြီးသည် ပိုက်ဆံရှိ အသိုင်းအဝိုင်းမှ မဖြစ်နိုင်တော့။ သံသယရှိသူစာရင်းမှ အလွှာထပ်ခွဲချလိုက်ရုံသာ။ နောက်ပြီး ကောင်းထက်၏ အတွေးအမြင်တစ်ခုက စိတ်ဝင်စားဖို့ ပိုကောင်းသွားသည်။

"အဆောင်နေကျောင်းသားတွေကို အဓိကထား စုံစမ်းပါ"

• • •

နောက် နှစ်ရက်ကြာပြီးနောက် . . .



## XVII

ပြတင်းပေါက်မှ ဝင်လာသောလေက မှိုင်းအိထုံဝေနေသော အခန်းကျဉ်းလေးကို လန်းဆန်းသွားစေသည်။ ဟိုမှဒီမှ ချိတ်ဆွဲထားသော အင်္ကျီရေစိုများ၊ ခုတင်တိုင်အနှံ့ လွှားတင်ထားသည့် ရေလဲပုဆိုးနှင့် မသိမ်းဖြစ်သေးသော အဝတ်များ၊ နေရာလွတ်မရှိအောင် ရှုပ်ပွပြန့်ကျဲနေသည့် စာရေးစားပွဲတစ်လုံး။

စားပွဲဘေးမှ လူထိုင်တိုင်း တကျွတ်ကျွတ် အော်မြည်နေသည့် နှစ်ချို့ခုတင်၊ အစွပ်မပါသော စစ်ခေါင်းအုံးနှင့် စောင်နွမ်းနွမ်းတစ်ထည်။ အနားမည်းနေသော သင်ဖြူးဖျာဟောင်းတစ်ချပ်၊ စတာတွေက နေချင်စဖွယ်မရှိသော အခန်းတစ်ခုကို ထပ်လောင်းပုံဖော်ပေးထား၏။

ပြတင်းပေါက်ကို မျက်နှာမူ၍ ကုလားထိုင်တစ်လုံးဖြင့် မျိုးအောင် စာဖတ်နေသည်။ ကျောင်းစာတော့ မဟုတ်၊ မဂ္ဂဇင်းဟောင်းတစ်အုပ်ကို စိတ်ပါလက်ပါ ဖတ်နေခြင်း။ အချိန်ကား မနက် (၈)နာရီသာသာ။ ကျောင်းသွားရန် စောသေးသည်ကြောင့် စာဖတ်နေခြင်းဖြစ်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

အဆောင်ညာဘက်ခြမ်းဆီမှ ဆူညံဆူညံအသံများကို ကြားရသည်။ အဆောင်သားတွေ ရေချိုးခန်း လုနေကြခြင်းဖြစ်၏။ မနက်တိုင်းဖြစ်နေကျ ကိစ္စတစ်ခုပေမို့ ဒီအဆောင်အတွက် မဆန်းတော့။ သူကတော့ အစောကြီးတည်းက ရေချိုးအဝတ်လျှော်ပြီးလေပြီ။ ယခုချိန်မှ ရေဆင်းချိုးလျှင်တော့ ရှေ့မှာ ဆယ့်ငါးယောက်၊ အယောက်နှစ်ဆယ်လောက် စောင့်ရမှာ သေချာသည်။

စောင့်ရတာ ကိစ္စမရှိပေမဲ့ ရေကုန်သွားလျှင်တော့ ကိစ္စရှိ၏။ မီးပျက်သော ညမျိုး (သို့မဟုတ်) ရေတင်နောက်ကျသော ညမျိုးတွင် အဆောင်အုတ်ကန်မှာ ရေအပြည့်မရှိတတ်။ အိပ်ရာထ နောက်ကျသူများမှာတော့ ထိုထိုမနက်မျိုးတွင် တစ်ခါတလေ မျက်နှာသစ်ဖို့ပင် ရေမကျန်တတ်ပါ။ ဒါက 'ကေသရာဇာ' အဆောင်၏ အစဉ်လာ။

အဆောင်တွင်နေလာတာ နှစ်နှစ်ပြည့်ပြီမို့ မျိုးအောင်ကတော့ အဆောင်ပါးဝနေပြီ။ ယခုလည်း ဒူးနှံ့ရင်း ထိုင်ခုံတွင်ထိုင်ကာ မဂ္ဂဇင်းဖတ်နေသည်။

ထိုစဉ်မှာပဲ . . .

"မျိုးအောင်ရေ . . . မျိုးအောင် . . . "

အပြင်မှ နာမည်ခေါ်သံကြောင့် စာအုပ်ကိုချ၍ တံခါးထဖွင့်ပေးရာ . . .

"ဒီမှာ မင်းနာမည်နဲ့ ပါဆယ်တစ်ထုပ် ရောက်နေတယ်ကွ"

မျိုးအောင် ကြောင်တောင်တောင်ဖြင့် လာပေးသူလက်ထဲမှ ပါဆယ်ထုပ်ကို ကြည့်လိုက်သည်။ အပြာရောင် ပလတ်စတစ်ဖြင့် ထုပ်ပိုးထားသော ဘူးတစ်ဘူးဖြစ်ပြီး အပေါ်တွင် 'မျိုးအောင် . . . သို့' ဟု စာကပ်ထား၏။

"ဘယ်သူလာပေးသွားတာလဲ"

"လူတစ်ယောက်ပဲ"



မျိုးအောင် မျက်မှောင်ကြုတ်သွားရပါ၏။ ပါဆယ်တွင် ပေးသူနာမည်ကို ရေးမထား။ မျိုးအောင် ပါဆယ်သယ်လာပေးသူ အောင်မင်း မျက်နှာကို သေချာကြည့်ရင်း . . .

"မင်းတို့ ငါ့ကို လာနောက်နေတာတော့ မဟုတ်ပါဘူးနော်"

"ဟာ . . . နောက်စရာလားကွ။ မင်းကို ပေးပေးပါဆိုလို့ ငါယူလာပေးတာ။ မယူရင်လည်းနေ၊ ငါယူထားလိုက်မယ်"

အောင်မင်းက ခပ်တည်တည်ပြောရင်း လှည့်မည်ပြင်တော့ . . .

"ဟာ . . . ပေး . . . ပေး၊ မင်းတို့နောက်နေတာလားလို့၊ တကယ်လာပေးတာဆိုလည်း ပေး"

အောင်မင်းလက်ထဲမှ ပါဆယ်ထုပ်ကို လှမ်းယူရင်း အတွင်းပြန်ဝင်လိုက်သည်။

ဘယ်သူက ဘာအကြောင်းနဲ့ ပေးရတာပါလိမ့်။ ဆန်းတော့ အဆန်းသား။ ရည်းစားက ပေးသည်ဆိုရအောင်ကလည်း မူးလို့ရှူစရာပင် ရှိသူမဟုတ်။

တံခါးပြန်ပိတ်ပြီးနောက် ပါဆယ်ကို ခပ်သွက်သွက် ဖွင့်ကြည့်လိုက်ပါ၏။ ဘယ်သူပေးတာလဲ . . .

ဘာအတွက်လဲ . . . စသော အတွေးတွေက နောက်ထပ် တစ်မိနစ် စွန်းပြီးချိန်မှာ အဖြေပေါ်သွားသည်။ စက္ကူဘူးဖွင့်ဖွင့်ချင်း မြင်လိုက်ရသည်ကား . . .

"ဟင် . . . "

ငွေစက္ကူ တစ်သိန်းအုပ် တစ်အုပ် . . .

စာလေးတစ်စောင်နှင့် ဟန်းဆက်တစ်လုံး။

"ဘာလဲဟာ"

မျိုးအောင် ထိတ်ထိတ်ပျာပျာဖြင့် စာကို ဖွင့်ကြည့်လိုက်စဉ်မှာ . . .



www.burmeseclassic.com

www.burmeseclassic.com

"မင်းတို့ ကြီးလေးကြီးအဖွဲ့ကို သဘောကျတယ်။
အားပေးပါတယ် ဆက်လုပ်ပါ"

ဒါလေးပဲ ဖြစ်၏။ ဒါလေးကပင် မျိုးအောင် စိတ်နှင့်ခန္ဓာကို တုန်လှုပ်သွားစေပါသည်။ ဘယ်သူလဲ၊ ဘာလဲ မသိပေမဲ့ သူတို့ ဘာလုပ်နေသည်ဆိုတာကို ကောင်းကောင်းသိနေသည်မဟုတ်ပါလား။ မျိုးအောင် ကပျာကယာပင် ပိုက်ဆံနှင့် ဟန်းဆက်ကို လွယ်အိတ်တွင်း ကောက်ထည့်လိုက်သည်။

တစ်ယောက်ယောက် တွေ့သွားပါက ဖယားရှုပ်သွားနိုင်ပါသည်။ ပြီးတော့ စာရွက်ကိုကိုင်ကာ မျိုးအောင် အတန်ကြာ ငြိမ်သွားမိ၏။ စဉ်းစားသော်လည်း အဖြေထွက်မလာ။ နောက်ဆုံးတော့ လွယ်အိတ်ကို ကောက်လွယ်ရင်း အဖွဲ့သားများရှိရာဆီ ချီတက်ရတော့၏။

ခေါင်းတစ်လုံးထက်စာရင် ခေါင်းလေးလုံးပေါင်းခြင်းက ပြဿနာကို ပိုမိုထိရောက်စွာ ဖြေရှင်းနိုင်လိမ့်မည် မဟုတ်ပါလား။ ကျောင်းသွားရာ လမ်းပေါ်တွင်ရှိသော 'ခနဖြူ' ဆောင်ကို အရင်ဝင်လိုက်သည်။ ဒါပေမဲ့ နိုင်ဦးမှာ ရှိမနေတော့ပါ။ ကျောင်းသွားပြီဆို၏။ ဦးပြောင်ကြီးဆိုင်တွင် ဝင်ရှာတော့လည်း မရှိ။

ဒါဆိုရင်ဖြင့် ကျောင်းကိုသာ လိုက်ရပေတော့မည်။ လမ်းမတူသည်မို့ တောင်ငူနှင့် ရွှေဘိုကို သွားမနေတော့။ သိန်းဋ္ဌေးမှာ ရှိကောင်းရှိနေနိုင်သေးသော်လည်း တက်လူကတော့ ရှိမည်မဟုတ်တော့။ ဒီအချိန်ဆို ဖြေဆေး သွားထိုးနေလောက်ပြီ။

ကျောင်းရောက်တော့ အရင်ဆုံးရှာရသည်က နိုင်ဦး။ ဒါပေမဲ့ မေဖြူဖြူအခန်းအနီးတွင် ရစ်သီရစ်သီလုပ်နေသော နှစ်ကောင်လုံးကို တစ်ပြိုင်နက် ဖမ်းမိ၏။ နှစ်ကောင်လုံးကို အပါခေါ်၍ တက်လူကို စောင့်ရသည်။

မကြာလိုက် အဆီပြန်လုလု မျက်နှာဖြင့် တက်လူကျောင်းတွင်း ဝင်လာသည်။ ထိုအခါမှာတော့ . . .



မျိုးအောင်၏ ရှင်းပြမှုဆုံးစဉ် သုံးဦးသား မျက်လုံးပြူးသွားကြပါသည်။ သူထုတ်ပေးသောစာကို ခေါင်းချင်းဆိုင် ဖတ်ကြ၏။ နိုင်ဦးက . . .

"ဒါဆို . . . ဖုန်းက ဘယ်မှာလဲ"

လွယ်အိတ်တွင်းမှ အမည်းရောင်ဟန်းဆက်လေးကို ထုတ်ပေးတော့ နိုင်ဦး ဖွင့်ကြည့်သည်။

"ဟာ . . . လိုင်းပါတာပဲကွ"

မျိုးအောင် ခေါင်းညိတ်ပြရင်း . . .

"ဟုတ်တယ် . . . ငါ စစ်ကြည့်ပြီးသွားပြီ။ ကတ်ထဲမှာရော ဖုန်းမန်မိုရီထဲမှာရော ဘာလိပ်စာ၊ ဘာစာရင်းမှ မရှိဘူး၊ အားလုံး အလွတ်ကြီးပဲ"

နိုင်ဦးက ဟိုနှိပ်ဒီနှိပ် လုပ်ကြည့်၏။ သဲလွန်စ တစ်စုံတစ်ရာ ရလိုရငြား၊ ထိုစဉ်မှာပဲ သူတို့လေးယောက်လုံး၏ ဦးခေါင်းတို့ ဆတ်ခနဲ ထောင်မတ်သွားသည်။ အကြောင်းကား . . .

"ကလင် . . . ကလင် . . . ကလင် . . . "

ဖုန်းလာချေပြီ။ လန့်ဖျတ်ပြီး လက်ထဲမှဖုန်းအား မျိုးအောင်ဆီ ပစ်ပေးကာ . . .

"ဟာ . . . လုပ်ဦး၊ လုပ်ဦး . . . ဖုန်းလာနေပြီ"

ပစ်ပေးသော ဖုန်းကို အရအမိဖမ်းရင်း ဖုန်း Screen ကိုကြည့်တော့ ဂဏန်းကိုးလုံးပါသော ဖုန်းနံပါတ်တစ်ခု။ တလှုပ်လှုပ်ဖြစ်သွားသော ရင်ခုန်သံနဲ့အတူ မျိုးအောင် ဖုန်းကိုဖွင့် နားထောင်လိုက်သည်။

"ဟဲလို"

"မင်္ဂလာပါ Big-4"

"ခင်ဗျာ . . ."

"မင်းတို့လေးယောက်ကို ဂုဏ်ယူပါတယ်"

ကြားရသောအသံကြောင့် မျိုးအောင် တစ်ကိုယ်လုံး တောင့်တော်သွားသည်။ အသံက ကြည်လင်ရှင်းလင်းကာနေ၏။ အသက်အရွယ်



www.burmeseclassic.com

www.burmeseclassic.com

ကို ခန့်မှန်းရခက်သည့် လေသံမျိုး။ မျိုးအောင်ပုံစံကြောင့် အခြေအနေ စောင့်ကြည့်နေသော သူငယ်ချင်းသုံးဦး အနားဝိုင်းလာ၏။

မျိုးအောင် ဖုန်းကိုနားမှခွာ၍ Speaker ဖွင့်မည်လုပ်ပြီးမှ ပတ်ဝန်းကျင်ကို သတိရပြီး နားမှာ ပြန်ကပ်နေကာ . . .

"ခင်ဗျား . . . ခင်ဗျား . . . ဘယ်သူလဲ"

"မင်းတို့အဖွဲ့ကို ကူညီပေးချင်တဲ့ လူတစ်ယောက်ပါ"

"ခင်ဗျား ကျွန်တော်တို့လေးယောက်လုံးကို သိနေတာလား"

"သိလို့ပဲ မင်းဆီ ပါဆယ်ရောက်လာတာပေါ့။ မင်းက မျိုးအောင်မလား"

မျိုးအောင် မျက်လုံးပြူးသွားသည်။ လူကိုသိရုံမဟုတ်၊ အသံပါ မှတ်မိထားတာပါလား။ ဒါဆိုရင်တော့ သူတို့အုပ်စုနှင့် နီးနီးကပ်ကပ် ရှိသူတစ်ဦး ဖြစ်ရတော့မည်။

"ဘာလို့ ကျွန်တော့်ဆီကို ပိုက်ဆံတစ်သိန်းနဲ့ ဖုန်းတစ်လုံး ပို့ပေးတာလဲ။ ဘာသဘောလဲ"

"ပြောပြီးသွားပြီလေကွာ . . . မင်းတို့အဖွဲ့ကို ကူညီပေးချင်လို့။ အခု မင်းတို့ဆီမှာ နောက်စာအုပ်ထုတ်ဖို့ ဘတ်ဂျက်မရှိတော့ဘူးမလား။ အဲဒါကြောင့် ပိုက်ဆံပို့ပေးတာ။ ဖုန်းကတော့ မင်းတို့လိုတာရှိရင် ငါ့ကို ဆက်သွယ်လို့ရအောင်"

မျိုးအောင် မျက်မှောင်ကြုတ်သွားမိပါ၏။

"နေပါဦးဗျ . . . ခင်ဗျားဆီက ကျွန်တော်တို့ အကူအညီတောင်းဖူးလို့လား"

"မတောင်းဖူးပါဘူး။ ဒါပေမဲ့ တာဝန်သိသူတစ်ယောက်အနေနဲ့ ငါတတ်နိုင်တဲ့ဘက်က တစ်တပ်တအား ပါဝင်တဲ့သဘောပါ"

မျိုးအောင် ခြောက်ကပ်ကပ် ရယ်မိလိုက်၏။

"ခက်တာပဲ။ ခင်ဗျား ဘယ်သူမှန်းမသိဘဲနဲ့ ခင်ဗျားပေးတဲ့ အကူအညီယူရလောက်အောင် ကျွန်တော်တို့ ဦးနှောက်မမဲ့သေးဘူး။ ကျွန်တော်တို့ ဘယ်သူဆိုတာ ဖော်ထုတ်ဖို့၊ ဒါမှမဟုတ် ကျွန်တော်တို့ကို ဖမ်းဖို့ ကြိုးစားနေတဲ့ လူတစ်ယောက်ဆိုရင် ဘယ်လိုလုပ်မလဲ"

"ဟား . . . ဟား . . . ဟား . . . ငါသာ မင်းတို့ကို ဖမ်းချင်ရင် မိတာကြာပြီပေါ့ကွ။ မင်းတို့ ဘယ်သူဆိုတာ သိနေတာပဲ"

"ဒါပေမဲ့ ကျွန်တော်တို့ကို ကြိုးရှည်ရှည်နဲ့ လှန်ပေးထားတဲ့ သဘောလည်း ဖြစ်နိုင်တာပဲလေ"

"မယုံသင်္ကာစိတ် ကြီးလှချည်လားကွ။ အေးပါကွာ . . . ဒါလည်း မှန်ပါတယ်။ အသံပဲကြားရတဲ့ လူတစ်ယောက်ကို ဘယ်သူကယုံမှာလဲ။ ဒါပေမဲ့ ငါ့ကိုတော့ စိတ်ချပါ။ တကယ့်စေတနာမှန်နဲ့ မင်းတို့ကို ကူညီတာပါ"

"ကျွန်တော် မယုံဘူး"

"ဒါလည်း လက်ခံပါတယ်။ ထားပါ . . . ။ ယုံတယ် မယုံဘူးဆိုတာ အချိန်က တဖြည်းဖြည်း ဆုံးဖြတ်ပေးသွားပါလိမ့်မယ်"

မျိုးအောင် မျက်မှောင်ကြုတ်မိနေဆဲခဏ။

"ငါကတော့ မင်းတို့လုပ်ရပ်ကို သဘောကျတယ်၊ ထောက်ခံတယ်။ တက္ကသိုလ်ကျောင်းသားဆိုတာ ဒါမျိုးပဲ ဖြစ်ရမယ်။ အဲဒါကြောင့် မင်းတို့ ကဗျာစာအုပ်ထုတ်တဲ့ကိစ္စကို မရပ်ပါနဲ့၊ ဆက်လုပ်ပါ။ ငါ့ဖုန်းနံပါတ်လည်း မင်းတို့ဆီမှာ ပေါ်နေလိမ့်မယ်။ အကူညီလိုရင် ငါ့ဆီ အချိန်မရွေး ဖုန်းဆက်။ ငါ့ဘက်ကလည်း အခြေအနေထူးရင် မင်းတို့ကို အကြောင်းကြားမယ်။ အိုကေ . . ."

ဖုန်း ကျသွား၏။ တတီတီမြည်ရင်း ကျန်ခဲ့သော ဖုန်းကိုကြည့်ပြီး မျိုးအောင် ကြောင်ငေးကျန်ခဲ့သည်။ နံဘေးတွင်ရှိနေသော သူငယ်ချင်းသုံးဦးမှာ 'ဘယ်လိုလဲ' ဟူသော အကြည့်တွေဖြင့် . . .

အကျယ်တဝင့်တော့ ရှင်းပြရပေဦးမည်။

• • •



www.burmeseclassic.com

www.burmeseclassic.com

နေဝင်ပြီးချိန်မှာတော့ ပိုက်ဆံတစ်သိန်း၊ ဖုန်းတစ်လုံးကိစ္စကို *သူတို့လေးဦး အကြေအလည် ဆွေးနွေးဖြစ်ကြပါသည်။* ဆွေးနွေးနေစဉ်မှာပဲ လေးယောက်အလယ်တွင် ချထားသော ဖုန်းလေးမှာ ထမြည်လာသည်။ မျိုးအောင် ကောက်ကိုင်လိုက်တော့ . .

"မနက်ဖြန် ကျောင်းမှာ အဖွဲ့တစ်ဖွဲ့ မင်းတို့လို ကဗျာစာအုပ် ထုတ်လိမ့်မယ်။ စာအုပ်နောက်ကျောမှာ မင်းတို့အဖွဲ့နဲ့ ပေါင်းဆည်းလိုကြောင်း ရေးထားလိမ့်မယ်။ လုံးဝ မဆက်သွယ်ပါနဲ့။ အဲဒါ မင်းတို့ကို ဖော်ထုတ်မယ့်အဖွဲ့၊ သတိထားပါ"

"ဟဲလို . . . ဟဲလို . . . "

ဖုန်းချသွားပြန်လေပြီ။

ᨎ ᨎ ᨎ



# XVIII

ပိုက်ဆံရှင်း၍ ထထွက်မည်ကြံပြီးမှ တစ်ဖက်ဝိုင်းမှ ကြားရသော စကားများကြောင့် သိန်းဌေး ဆက်ထိုင်နေလိုက်သည်။ ဝိုင်းချင်းကပ်လျက်မို့ တစ်ဖက်မှစကားများကို အတိုင်းသား ကြားနေရ၏။

"ကြီးလေးကြီးကတော့ အင်အားကောင်းသွားပြီဟေ့။ သူတို့ကိုအားပေးတဲ့ နောက်တစ်ဖွဲ့ ထပ်ပေါ်လာပြီ"

"အေးကွာ . . . သူတို့နှစ်ဖွဲ့သာ ပေါင်းလိုက်လို့ကတော့ ဖွဲပြတ်ရောပဲ။ ကျောင်းမှာ ဘယ်သူမှ မဟုတ်တာ လုပ်ရဲတော့မှာမဟုတ်တော့ဘူး။ အခုတောင် ကြီးလေးကြီးကောင်းမှုကြောင့် လူအချို့ ပုံစံတွေ ပြောင်းနေပြီ"

"ပြောင်းရမှာပေါ့ကွာ . . . မဟုတ်တာ ရေးတာမှမဟုတ်ဘဲ။ မှန်တာကို မှန်တဲ့အတိုင်းရေးတော့ မမှန်တာလုပ်တဲ့လူတွေ ပုံစံပြောင်းရပြီပေါ့။ ဒါ ကြီးလေးကြီးကို ကျေးဇူးတင်ရမယ်။ မဟုတ်ရင် တက္ကသိုလ်က တက္ကသိုလ်နဲ့မတူဘဲ နေ့ခင်းနေ့လယ် အပျော်လာနားတဲ့ ဇရပ်ကြီးလို ဖြစ်တော့မယ်"

သိန်းဌေးပင် ဘဝင်မြင့်ချင်သွားရ၏။ သူတို့ပြောနေပုံက ကိုယ်တွေကပဲ Hero ကြီးတွေလိုလို။



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ အခုအသစ်ထွက်လာတဲ့ အဖွဲ့ကိုရော ဘယ်လိုထင်လဲ"

"Double Three ကို ပြောတာလား"

"အေး . . ."

"ကောင်းပါတယ်။ သူတို့ထောက်ပြတဲ့ အချက်လေးတွေလည်း မှန်နေတာပဲ။ ဒါပေမဲ့ ကြီးလေးကြီးလောက် လက်ဖောင်းမထက်သလို ခံစားရတယ်။ အခုမှ စထွက်လာလို့လားတော့ မသိဘူး"

နားထောင်သူက ခေါင်းတဆတ်ဆတ် ညိတ်သည်။ သူ့အမြင်ကိုတော့ ဝင်မပြော။

"ဒါပေမဲ့ . . . ဘာပဲဖြစ်ဖြစ်ပါ ကြီးလေးကြီးလို နောက်တစ်ဖွဲ့ ထပ်ထွက်လာတာကိုပဲ ကျေးဇူးတင်ရမယ်"

"ငါကတော့ အားပေးတယ်။ သူတို့နှစ်ဖွဲ့ ပေါင်းဖြစ်ပါစေတောင် ဆုတောင်းနေတာ"

"ပေါင်းဖြစ်ရင်တော့ အတိုင်းထက်အလွန်ပေါ့ကွာ"

သိန်းဒွေး စိတ်တွင်းမှ ပြုံးမိလိုက်သည်။ အကြိမ်ကြိမ် ကြည့်ထားပြီးသော လက်တွင်းမှ စာအုပ်လေးကိုလည်း နောက်တစ်ကြိမ် ထပ်ကြည့်မိသွားသည်။ ယနေ့ထွက် ကဗျာစာအုပ်လေး၊ ကျောင်းရှေ့တွင် ဝေနေတာဖြစ်၍ အများနည်းတူ တောင်းယူခံစားထားခြင်း၊

နာမည်က 'Double Three'။

ရေးဖွဲ့သူ ခြောက်ဦးပါသည်။ စာအုပ်၏နောက်ကျောဖုံးမှာ က သူတို့အဖွဲ့ကို ဦးတည်ထားသော စာတစ်စောင်။

*ကြီးလေးကြီးသို့ . . .*

*ကျွန်တော်တို့ လျှောက်ရမယ့်လမ်းကို ညွှန်ကြားပြသပေးလို့ အရမ်းပဲ ကျေးဇူးတင်ပါတယ်ဗျာ။ အခက်အခဲပေါင်းများစွာကို ကျော်ဖြတ်ပြီး ကျွန်တော်တို့အတွက် ကဗျာရေးပေးလို့လည်း လေးစားတယ်။*



*တကယ်တော့ ကျွန်တော်တို့ဟာ ရည်ရွယ်ချက်တစ်ခုတည်းကို အတူလျှောက်လှမ်းနေတဲ့ ညီအစ်ကို သူငယ်ချင်းတွေပါ။*

*အခွင့်ရှိရင်ပေါ့ . . .*

*အစ်ကိုတို့အဖွဲ့နဲ့ ကျွန်တော်တို့ ပူးပေါင်းချင်ပါတယ်။ ပြီးတော့ ရည်မှန်းရာဇန်းတိုင်ကို ခိုင်မြဲသောခြေလှမ်းတွေနဲ့ အတူလှမ်းချင်တယ်။ တစ်ဦးကိုတစ်ဦး ကူညီရင်း ဖေးမရင်း ကာကွယ်ရင်းနဲ့ပေါ့။*

*Double Three*

အောက်ဖက်မှာက သူတို့အဖွဲ့ကို ဆက်သွယ်ရသည့် E-mail လိပ်စာကို ရေးထားသည်။ စာအုပ်နောက်ကျောကို ကြည့်ကာ သိန်းဒွေး ပြုံးမိလိုက်ပါ၏။ စဉ်းစားဖို့တော့ ကောင်းသည်။ 'ကြီးလေးကြီး' ကို ဖော်ထုတ်ဖို့ ခွင်ဆင်သည်ဆိုလျှင် ခွင်ဆင်သူများမှာ 'ကြီးလေးကြီး' စာအုပ်ပါ ဇာတ်ကောင်များ (သို့) ထိုဇာတ်ကောင်တို့နှင့် ပတ်သက်ရာပတ်သက် ကြောင်းများသာ ဖြစ်နိုင်ပါသည်။

ထိုသူတို့ကရော သူတို့မကောင်းကြောင်း သူတို့ရေးပြီး 'ကြီးလေးကြီး' နှင့် ဆက်သွယ်ဖို့ ကြိုးစားပါ့မလား။



www.burmeseclassic.com

www.burmeseclassic.com

# XXI

ကဗျာစာအုပ်လေးကို ပိတ်ရင်း မေဖြူဖြူ ပင့်သက်ရှိုက်လိုက်သည်။ မူယာ ယူလာပေးသော ကဗျာစာအုပ်လေးဖြစ်ပါသည်။ စာအုပ်နာမည်က Double Three၊ ရေးသူက ကဗျာဆရာ ခြောက်ဦး၊ ရေးထားသော အကြောင်းအရာများက . . .

စာအုပ်လေးအား စားပွဲပေါ်တင်ကာ အခန်းပြင်ထွက်လိုက်၏။

တိုက်ပဲတိုက်ဆိုင်တာလား၊ သူမ ထွက်အလာကိုပဲ စောင့်နေတာလားမသိ။ အခန်းပြင်ရောက်သည်နှင့် အဆောင်ရှေ့မှ သီချင်းဆိုသံကို ကြားရသည်။ သီဆိုသူကိုကြည့်တော့ နိုင်ဦး။ မေဖြူဖြူ စုတ်တစ်ချက်သပ်ရင်း အတွင်းပြန်ဝင်လိုက်သည်။

မျက်နှာပျက်သွားသည်ကို မြင်သော အိအိခိုင်က အခန်းတွင်းလိုက်ဝင်လာပြီး . . .

"မေဖြူ . . . ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူးဟာ"

အိအိခိုင်က အဆောင်ရှေ့လှမ်းကြည့်ပြီး . . .

"ဘာလဲ . . . နိုင်ဦးတို့ သီချင်းလာဆိုလို့လား"



ပထမ မဖြေ။ နောက်မှ ခေါင်းကို မသိမသာညိတ်ရင်း . . .

"အေးဟာ . . . ကြာတော့လည်း စိတ်ညစ်လာပြီ။ ကျောင်းမှာလည်း ကျောင်းမှာမလို့၊ အဆောင်ရောက်ပြန်တော့လည်း လွတ်လွတ်လပ်လပ် မနေရဘူး"

"ဒီကောင်တွေကလည်း လွန်ပါတယ်ဟာ။ တစ်ညလည်းမဟုတ်၊ နှစ်ညလည်းမဟုတ်။ နင်မပြောနဲ့ ဘေးကကြည့်ရတဲ့ ငါတို့တောင် တဖြည်းဖြည်းနဲ့ အမြင်ကပ်လာပြီ"

မေဖြူဖြူ သက်ပြင်းချပါ၏။ ပြီးတော့ . . . ခုတင်စွန်းတွင် ဝင်ထိုင်သည်။ အိအိခိုင်ကတော့ မူယာ့ခုတင်ပေါ် တက်ထိုင်၍ . . .

"မူယာရော . . ."

"မသိဘူး . . . T.V ပဲ ကြည့်နေလား။ အခန်းတကာပတ်ပြီး လက်ဖက်သုပ်လိုက်စားနေလား မပြောတတ်ဘူး"

စိတ်မပါသလို အဖြေပေးရင်း နီးစပ်ရာစာအုပ်တစ်အုပ်ကို လှန်ဖတ်နေသည်။ ပုံစံကြည့်ရတာ နိုင်ဦးတို့ ဂီတာလာတီးခြင်းအပေါ် တော်တော် စိတ်ကသိကအောင့်ဖြစ်နေသလိုမျိုး။ အိအိခိုင် တစ်ခုခုအား နားလည်သလို ခံစားမိကာ သွေးထိုးစမ်းသည့်သဘောဖြင့် . . .

"သူတို့ကိုလည်း အပြစ်တော့ ပြောလို့မရဘူးလေ။ နင့်ကို Propose လုပ်ထားတာဆိုတော့ နင့်ဆီက အဖြေရဖို့ အသည်းအသန်ကြိုးစားနေတာ နေမှာပေါ့"

မေဖြူဖြူ နှာခေါင်းရှုံ့၏။

"ငါ နိုင်ဦးအကြောင်းတွေ အကုန်ကြားပြီးသွားပြီဟ။ မိန်းမတော်တော်ရှုပ်တယ်တဲ့။ ရှေ့မှာထားခဲ့တဲ့ ရည်းစားတွေကလည်း ရေလို့တောင် မရဘူးပြောတယ်။ အဲဒီရည်းစားတွေကိုလည်း တစ်လ၊ နှစ်လတွဲပြီးသွားရင် ဖြတ်ပစ်တာတဲ့။ တစ်ခါတလေ တစ်ပတ်၊ နှစ်ပတ်နဲ့ ဖြတ်ပစ်တဲ့ ရည်းစားတွေတောင် ရှိတယ်တဲ့။ ကြောက်ပါတယ်ဟာ . . .



www.burmeseclassic.com

www.burmeseclassic.com

တော်ကြာ အဖြေပေးပြီးသွားမှ ငါ့ကိုလည်း အဲလိုဖြတ်သွားရင် သက်သက် ရင်ကွဲနေရပါဦးမယ်။ တော်ပါပြီ"

"ဒါဖြင့် သိန်းဌေးကိုရော"

"သူ့သတင်းတွေလည်း ကြားပြီးသွားပြီ။ ဒါပေမဲ့ သူကတော့ မိန်းမရှုပ်တာ မပါဘူး။ လောင်းကစားလုပ်တာ၊ တစ်လတစ်လ အိမ်က ပို့ပေးလိုက်တဲ့ ပိုက်ဆံတွေအကုန်လုံး ဘောလုံးပွဲလောင်းပစ်တာတဲ့ဟ"

"ဟုတ်လား . . ."

အိအိခိုင် အံ့ဩသလို အမူအယာဖြင့် ဝင်မေးလိုက်သည်။

"ဟုတ်တယ် . . . သူ့ကျတော့လဲ တစ်မျိုး"

"ဒါပေမဲ့ . . . သိန်းဌေးလေးက မဆိုးပါဘူးဟယ်။ လောင်းကစား ဝါသနာပါတယ်ဆိုပေမဲ့ နင့်စကားတော့ နားထောင်မှာပါ။ နင်တားရင် ရမယ်ထင်တာပဲ"

အောင်သွယ်ပီပီ အကွက်ဝင်တုန်း မသိမသာ ပို့ပေးလိုက်သည်။ မေဖြူဖြူက ဘာမှပြန်မဖြေ။

"ငါတို့ မိန်းကလေးတွေကလည်း ခက်တယ်ဟ။ မုန့်သာ ဝေစားရင်စားမယ်၊ အချစ်ကို မဝေစားနိုင်တော့ မိန်းမရှုပ်တတ်တဲ့ယောကျ်ားမျိုးဆို ငါတို့ပဲ နောက်ပိုင်း ဒုက္ခရောက်ရမှာ"

အဖြူ၊ အမည်း မသည်းကွဲသေးသော်လည်း အိအိခိုင်ကတော့ အတင်းကို မည်းပစ်လိုက်ပါသည်။ အောင်သွယ်ပီသသူဆိုတာ ဒီလောက်တော့ အကင်းပါးတတ်ရမည် မဟုတ်ပါလား။

"ဟော့ကောင်မတွေ . . . ငါမရှိတုန်း ဘာတွေ အတင်းတုတ်နေကြတာလဲ"

အော်ကျယ်အော်ကျယ်ဖြင့် မူယာ အခန်းထဲဝင်လာသည်။ သတိထားရမည့်သူမို့ အိအိခိုင် ချက်ချင်းပဲ စကားလမ်းကြောင်းလွှဲပစ်လိုက်၏။ မူယာမှာ ခွေးချစ်တတ်သူဖြစ်လေတော့ ခွေးပိုင်ရှင်ဘက်က ပါ ကောင်းပါနိုင်သည် မဟုတ်ပါလား။



အခန်းထဲဝင်လာပြီး စားပွဲပေါ်တင်ထားသော ကဗျာစာအုပ်တို့ တွေ့ကာ ထင်ရာမြင်ရာ ဝင်ပြောပါသည်။

"ဪ . . . ညည်းတို့တွေ Double Three အကြောင်း ပြောနေကြတာကိုး။ ဟိုဖက်ခန်းက ကောင်မတွေလည်း အဲဒီအကြောင်းပဲ ပြောနေလို့ ငါစိတ်ညစ်ပြီး ထွက်လာတာ"

"ဘာတွေပြောနေကြလို့လဲ"

"အစုံပါပဲဟယ်။ ကြီးလေးကြီးလောက် ဖတ်လို့မကောင်းဘူးတို့၊ သူတို့နှစ်ဖွဲ့ပေါင်းလိုက်ရင် ကောင်းမယ်တို့ပေါ့။ အောက်ထပ်က ကောင်မတွေဆို E-mail နဲ့ စာပို့မယ်ဆိုပြီး Internet ဆိုင်တောင် သွားကြသေးတယ်"

"ဟယ် . . . ဒီအချိန်ကြီးကို"

အိအိခိုင်က နာရီကို တစ်ချက်ကြည့်ရင်း စိုးရိမ်သလို ပြောတော့ . . .

"သွားတာတော့ ကြာပါပြီ၊ ပြန်ရောက် မရောက်တော့ မသိဘူး"

ပခုံးကို တွန့်ရင်း ခုတင်ပေါ် ဝင်ထိုင်သည်။

"ငါကတော့ ကြီးလေးကြီးပရိသတ်ပဲ။ သူတို့ကိုပဲ အားပေးမယ်"

အိအိခိုင် စကားဆုံးတော့ . . .

"ဒါဆို မနက်ဖြန် စာအုပ်လုရဦးမှာပေါ့"

အိအိခိုင် ခေါင်းညိတ်လိုက်သည်ကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ တက္ကသိုလ်ပေါ့ . . .
ဆရာဇော်ဂျီ မိန့်ဆိုဖူးတာ သတိရမိတယ် သူငယ်ချင်းတို့ . . .

တက္က (ကြံစည်ခြင်း)၊ သီလ (အလေ့အကျင့်)
ဒီနှစ်ခု ပေါင်းစပ်ထားသော အရပ်သည် တက္ကသိုလ်မြည်ပါ၏။

ငါတို့ ဘာတွေ ကြံစည်နေကြသနည်း။
ငါတို့ ဘာတွေလေ့ကျင့်နေကြသနည်း။

အစလည်း စဉ်းစားပါ၊ အဆုံးလည်း စဉ်းစားပါ သူငယ်ချင်းတို့
စာမေးပွဲအောင်ဖို့မလို၊ ပညာတတ်ဖို့သာ လိုပါ၏။
စာမေးပွဲအောင်ဖို့မသင်၊ တတ်အောင်သင်ဖို့သာလိုပါ၏။

တက္ကသိုလ်ဟူသော ဆိုင်းဘုတ်က အိမ်ရှေ့တွင်လည်း တင်လို့ရ၏။
ဇရပ်ရှေ့တွင်လည်း တင်လို့ရ၏။
ဆိုင်းဘုတ်တင်တိုင်းကား တက္ကသိုလ်မဖြစ်၊

ဆိုင်းဘုတ်မတင်သော်ငြား
စဉ်းစားကြံစည်ခြင်း အလေ့အကျင့် ရှိသောအရပ်တိုင်းသည်
ကား . . .
တက္ကသိုလ်မြည်ပါ၏။

ဆရာဇော်ဂျီကို ကန်တော့မိပါ၏။

အောင်ကြီး



စာအုပ်ကိုကြည့်ပြီး ကောင်းထက်တို့အဖွဲ့ ခေါင်းချင်းဆိုင်သွားပါသည်။ သူတို့ ထင်သလိုမဟုတ်ဘဲ ကြီးလေးကြီး၏ စာအုပ်အခြင်အဆင်က ပြန်လည်ကောင်းမွန်သွားလေပြီ။ အဘယ်နည်း။

သူတို့ပေးထားသော E-mail သို့လည်း မဆက်သွယ်၊ နံ့ဝါတ်ငါး၏ အိုင်ဒီယာအတိုင်း သူတို့နည်းတူ စာအုပ်လိုက်ထုတ်ပြီး ဆက်သွယ်မှုရရန် ကြိုးစားကြည့်ခြင်း ဖြစ်ပါသည်။ ယခုချိန်ထိတော့ မဆက်သွယ်သေး။

ဒါပေမဲ့ . . . သူတို့ စုံစမ်းဖို့အတွက်မှာတော့ နောက်တစ်မှု ထပ်တိုးလာချေပြီ။ 'ကြီးလေးကြီး' ကို ကျောင်းသားတွေ ပေါင်းစုပြီး ထောက်ပံ့ပေးနေကြတာလား၊ ထိုအတွက်ကတော့ ခက်ခဲမှု သိပ်ရှိမည်မထင်။

ယခုရက်အတွင်း အလှူငွေကောက်ခံသူများကို မေဂျာအလိုက် စုံစမ်းကြည့်လိုက်ရုံသာ။

ကောင်းထက်ပဲ ခန့်မှန်းမှု မှန်ကန်တာလား၊ ကြီးလေးကြီးပဲ ကံဆိုးတာလား မသိ။ ယခုရက်အတွင်း မျိုးအောင်၊ နိုင်ဦး၊ သိန်းဒွေးတို့ သုံးယောက် မေဂျာတွင်းနှင့် နီးစပ်သူများထံ အလှူငွေ လိုက်ကောက်နေသည်။ အဖွဲ့အတွက် ရန်ပုံငွေတော့မဟုတ်။ ဆရာများနေ့ နီးပြီဖြစ်သဖြင့် ဆရာကန်တော့ပွဲကြေး။



www.burmeseclassic.com

www.burmeseclassic.com

# XXII

ဆောင်းဦးပေါက်မနက်ခင်းသည် တိတ်ဆိတ်အေးမြစွာ သက်ဝင်နေသည်။ ရေငွေ့ပါသော လေတွေက သူ့ခန္ဓာကိုယ်ပေါ် တွန်းထိုးကျီစယ်သွားကြ၏။ အပေါ်ယံအရေပြားတို့ဆီမှ အေးစိမ့်စိမ့်အရသာကို ခံစားရသော်လည်း ရင်ထဲမှာတော့ နွေးတေးတေး၊ ရှိန်းမြမြ။ သိန်းငွေ သရဖီဆောင်ရှေ့ရောက်နေတာ နောက်ငါးမိနစ်ဆိုလျှင် တစ်နာရီပြည့်ပေပြီ။

ရောက်ကာစကတော့ အဆောင်ရှေ့ရပ်ဝန်းလေးမှာ ငြိမ်သက်အေးမြလျက်ပင် ရှိသေးသည်။ သို့သော်လည်း အချိန်ကြာလာသည်နှင့်အမျှ အဆောင်ဝင်းခြံတံခါးလေးမှာ အဝင်အထွက်များလာသည်။ အပြင်မှပြန်လာသူ၊ မုန့်ထွက်စားသူ၊ ကျောင်းသွားသူများနဲ့ စည်ကားလာပါ၏။ အဆောင်သူအချို့က သူ့ကို အထူးအဆန်းသဖွယ် ကြည့်သွားကြသည်။

မျက်မှန်းတန်းမိနေသူ အချို့ကျတော့လည်း မကြားတကြား လှောင်ပြောင်သွားကြ၏။ ဘယ်လိုပဲဖြစ်ဖြစ်ပါ . . . သူကတော့ တစ်စုံတစ်ယောက် ထွက်အလာကို ဖွဲကောင်းစွာ စောင့်နေဆဲ။



ဆောင်းလေအေးအေးက သူ့နောက်ကျောမှတစ်ဆင့် အသွေးဘက်ဆီကို အကြောင်းမကြားဘဲ တိုက်ခတ်သွားသည်။ ထိုလေတို့က အဆောင်မှထွက်လာသော ကောင်မလေးတစ်ယောက်ရှေ့မှာ ဦးညွှတ်ဝပ်ဆင်းသွားပါ၏။ သစ်ရွက်ခြောက်ပေါ် ဖွဖွနင်းလျှောက်လိုက်သော ခြေသံအချို့က သိန်းငွေနှလုံးသားကို အသင့်အနေအထား ဖြစ်သွားစေသည်။

"မေဖြူဖြူ"

သူ့ရဲ့ဘဝ အက္ခရာနောက်ဆုံးလေး၊ အဖြူခံပေါ်တွင် အနက်အစက်အပြောက်လေးများပါသည့် ဝတ်စုံကိုဝတ်ကာ သိမ်မွေ့သော ခြေလှမ်းတွေနဲ့ တစ်လှမ်းချင်း လျှောက်ကာလာသည်။ သူ့ကိုတွေ့တော့ ဖြတ်ပြေးသွားသော မျက်နှာရောင်စဉ်အချို့နဲ့အတူ လျှောက်လက်စ ခြေလှမ်းတို့ အနည်းငယ် တုံ့ဆိုင်းသွား၏။ ပြီးတော့ . . .

"မေဖြူ . . ."

ခေါ်သံကြားတော့ ခြေစုံကိုရပ်ရင်း စောင်းငဲ့ကြည့်လာသည်။ သိန်းငွေ သူမရပ်နေရာဆီ လျှောက်သွားရင်း . . .

"ကျွန်တော် မေဖြူကို ကတိပေးစရာ တစ်ခုရှိလို့ပါ"

မျက်လုံးအိမ်တို့ အနည်းငယ် မေးကျဉ်းသွားလား မသိလိုက်။ မေဖြူဖြူက ပတ်ဝန်းကျင်ကို မသိမသာ ဝေ့ကြည့်ရင်း . . .

"ရှင် ဘယ်သွားမှာလဲ"

"ဗျာ . . ."

"ရှင် အခု ဘယ်သွားမှာလဲလို့ မေးတာ"

ထင်မှတ်မထားသောစကားကြောင့် သိန်းငွေ ဘာပြန်ဖြေရမှန်း မသိ။

"မေ . . . မေဖြူရော ဘယ်သွားမှာလဲ"

"ကျွန်မက ကျောင်း"

"ကျွန်တော်လည်း ကျောင်းကိုပဲလေ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါဆို လမ်းလျှောက်ရင်း ပြော။ အဆောင်ရှေ့မှာ မတ်တတ်ကြီးရပ်ပြောနေတာ လူမြင်မကောင်းဘူး"

"ဗျာ . . . ဟုတ် . . . ဟုတ်"

ဆက်လျှောက်သွားသည်။ ခြုံဆွဲခံလိုက်ရသည့် ခွေးတစ်ကောင်လို ပျော့ရှင်မြူးတူးစွာ မေဖြူဖြူဘေးမှ ကပ်လျှောက်လိုက်၏။ ခြေလှမ်းအတော်ရောက်ပြီးသည်ထိ သူ့ဘက်က စကားထွက်မလာတော့။

"ဘာပြောမှာလဲ . . . ပြောလေ"

"မေဖြူကို ကျွန်တော် ကတိလာပေးတာပါ"

"ဘာကတိလဲ"

"နောက် ဘယ်တော့မှ ကျွန်တော် လောင်းကစားမလုပ်တော့ပါဘူးဆိုတဲ့ ကတိ"

မျက်ဝန်းတစ်စုံက ဖျတ်ခနဲ မော့ကြည့်လာသည်။ သူ့မျက်ဝန်းထဲမှ ကွယ်ဝှက်ထိန်ချန်မှုကို ရှာဖွေလိုက်သလိုမျိုး (သို့) ဘာမှမသက်ဆိုင်သည့် ကတိကို အလွတ်ကြီးလာပေးသည်ကြောင့် သူ့မျက်ဝန်းထဲမှ မရိုးသားမှုတစ်ခုကို ရှာဖွေနေသလိုမျိုး။

"အထူးအဆန်းပါလား၊ ကျွန်မလည်း ကတိမတောင်းရပါလား"

"ဟုတ်ပါတယ် . . . ဒါပေမဲ့ မေဖြူ မကြိုက်မှန်းသိလို့ စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်တာပါ"

"လောင်းကစားလုပ်တာ ကျွန်မ မကြိုက်ဘူးလို့ ရှင့်ကို ဘယ်သူပြောလဲ"

"အိ . . . "

'ဒိုင်းခနဲ' ရောက်လာသော အကြည့်တစ်ခုနောက်မှာ သိန်းဌေး ပျာယာခတ်သွားသည်။

"ဩော် . . . ဟို . . . ဟိုဟာ အလိုလို ကျွန်တော် ခံစားမိတာပါ။ မိန်းကလေး တော်တော်များများက လောင်းကစားလုပ်တာ သဘောမကျဘူးလေ"



"အိခိုင်က အဲဒီအတိုင်းပဲပြောလား"

"ဗျာ . . ."

အရိုက်အထိုးခံလိုက်ရသလို မွှန်ထွက်သွား၏။ မလုံမလဲနှင့် ဘာပြန်ဖြေရမှန်းမသိဖြစ်သွားသော သူ့ကို မေဖြူဖြူ ကြည့်ကာ ရယ်သည်။

"ရှင် အိခိုင်ကို အောင်သွယ်ကြေး ဘယ်လောက်ပေးလိုက်ရလဲ"

"ဟာ . . . မပေး . . . အဲ . . . မဟုတ်ဘူး"

ခေါင်းကုတ်၊ ဖင်ကုတ် လုပ်ရုံကလွဲပြီး သိန်းဌေး ဘာမှမလုပ်တတ်တော့။ ရယ်နေသော မေဖြူဖြူကို ကြည့်ပြီးလည်း ရင်တွေခုန်လာသည်။ ဒီလောက် ပျော်စရာကောင်းသည့် ကျောင်းသွားချိန်မျိုး ဘဝမှာ ကြုံဖူးခဲ့။ ကိုယ်ကပဲ ကံကောင်းနေတာလား၊ သူမကပဲ အခြေအနေ ပြောင်းသွားတာလား မသိပါ။

အကြိမ်ကြိမ် ရင်ခုန်ဖူးသော သူမမျက်နှာက အရင်ထက် ပျော့ပျောင်းနေသလို၊ အပြုံးတို့ စွန်းထင်းနေလျက်မှပင် . . .

"တကယ်ပဲ လောင်းကစား မလုပ်တော့ဘူးပေါ့"

"လုံးဝ မလုပ်တော့ဘူး၊ ဘုရားမှာကို သွားလျှုလိုက်တာ"

မယုံနိုင်သလို မော့ကြည့်လာပေမဲ့ တကယ်စွန့်လွှတ်ပြီးသွားပြီ သိန်းဌေးမျက်နှာက တည်ငြိမ်နေသည်။ ဒါကတော့ အိအိခိုင် တိုက်တွန်း၍ မဟုတ်ပါချေ။ ကိုယ်ပိုင်အသိစိတ်ဖြင့် ကျေနပ်ယုံကြည်စွာ စွန့်လွှတ်လိုက်ခြင်းဖြစ်သည်။ သူပင်မဟုတ်၊ သူတို့တစ်ဖွဲ့လုံး ထိုက်သင့်သလောက် အသိတရားတွေ ရကုန်ကြပြီ။

အကြောင်းကား ရှိပါ၏။

သူမ မေးလာလျှင်လည်း အိအိခိုင် တိုက်တွန်းမှု လုံးဝမပါကြောင်း ရိုးသားစွာဖြေရှင်းဖို့ ပြင်ဆင်ထားခဲ့သည်။ ဒါပေမဲ့ . . . သူမ မလာခဲ့။ ဘာကြောင့်မန်းမသိ သူတို့နှစ်ဦးကြားမှာ စကားစတို့ မသိ



www.burmeseclassic.com

www.burmeseclassic.com

မသာ ဆိတ်သုဉ်းပျောက်ကွယ်သွားသည်။ အရှေ့ဆီမှာ သူတို့၏ ချစ်လှစွာသော အမိတက္ကသိုလ်ကြီးကို လှမ်းမြင်နေရပြီ။

မကြာခင် သူတို့နှစ်ဦးလည်း များပြားလှသော ပညာသင်သူတွေကြားမှာ တိုးဝင်ပျောက်ကွယ်သွားတော့မည်။ ဘာပဲဖြစ်ဖြစ် သူကျေနပ်ပါသည်။ သူ့အသိဉာဏ်တို့ ပြောင်းလဲသွားစေသော စကားတစ်ခွန်းနောက်မှာ ကိုယ့်အမှားကိုယ် အရင်ဆုံးသွားရောက် ဝန်ခံရာဌာနသည် 'ဘုရား' ဖြစ်၏။

ဝန်ခံပြီး ဘဝတစ်ခုကို ပထမဆုံးအသိပေးဖြစ်သူမှာ သူမ ဖြစ်လေသည်။ ထိုခဏမှာပဲ ကံ,ကံ၏အကျိုးကိုလည်း ယုံကြည်မိလိုက်သည်။ ကောင်းတာလုပ်ထားခဲ့သော သူ့အတွက် ကောင်းကျိုးတစ်ခုသည်ကား . . .

"နောက်အပတ် အင်္ဂါနေ့က မေဖြူမွေးနေ့လေ။ အဲဒါ မေဖြူဘုရားသွားချင်လို့ သူ လိုက်ပို့ပေးနိုင်မလားဟင်"

ጙ ጙ ጙ



# XXIII

လွန်ခဲ့သော ညကပေါ့ . . .

ရှင်းအောင်ပြောရပါက 'ကြီးလေးကြီး No-5' ထွက်ပြီးသည့်ည။ သူတို့လေးဦး ရှိနေစဉ်၌ စောင့်မျှော်နေသော ဖုန်းမှာ မြည်လာသည်။ တခြားဆက်မည့်သူမရှိသည်မို့ ဘယ်သူဆိုတာ စဉ်းစားစရာမလို။ မျိုးအောင်က ဖုန်းကို Speaker ဖွင့်ပြီး ထူးလိုက်သည်။

"ဟဲလို . . . "

"ဝမ်းသာပါတယ်ကွာ။ မှန်ကန်တဲ့လမ်းကြောင်းတစ်ခုကို မင်းတို့ ရွေးချယ်လိုက်တာပဲ"

"ကျွန်တော်တို့လည်း ရွေးချယ်စရာမရှိလို့ ခင်ဗျားပိုက်ဆံကို သုံးလိုက်ရတာပါ"

"သုံးရမှာပေါ့ကွ . . . မင်းတို့သုံးဖို့ ပေးထားတာပဲ။ ဒါနဲ့ အခုပြောနေတာ မျိုးအောင်လား"

"ဟုတ်တယ်လေ"

"မင်းတို့လေးယောက်လုံး ရှိနေတာလား"

မျိုးအောင် ကျန်သူငယ်ချင်းသုံးဦးကို လှည့်ကြည့်ရင်း . . .

www.burmeseclassic.com

"ဟုတ်တယ်"

"အတော်ပဲကွာ . . . ငါလည်း လူစုံတုန်း ပြောချင်တာ"

လေးယောက်လုံး အသင့်အနေအထား ရှိသွားကြ၏။ ဒီလူ ဘာပြောမည်နည်း။

"မင်းတို့စာအုပ်ထဲက 'တက္ကသိုလ' ဆိုတဲ့ ကဗျာက မင်းရေးတာမလား။

မျိုးအောင် မျက်လုံးပြူးသွားရကာ . . .

"ခင်ဗျား ဘယ်လိုလုပ် သိတာလဲ"

"သိတာပေါ့ကွာ . . . မင်းတို့အဖွဲ့ထဲမှာ ကောင်းကောင်းမွန်မွန် ဆိုလို့ မင်းတစ်ယောက်ပဲ ရှိတာပဲ။ ကျန်တဲ့သုံးယောက်က အရက်သမားရယ်၊ လောင်းကစားသမားရယ်၊ မိန်းမကိစ္စနဲ့ အချိန်ပြည့် အလုပ်ရှုပ်နေတဲ့ ကောင်ရယ်ဆိုတော့ ဒီလိုကဗျာမျိုး စပ်နိုင်ဖို့က မင်းကလွဲပြီး မဖြစ်နိုင်ဘူးလေ"

ကျန်သုံးယောက် အီတင်းသွားရသည်။ အရည်အနည်းငယ် ဝင်ထားသော တက်လူက ရှူးရှူးရှဲရှဲဖြင့် . . .

"ဟေ့လူ . . . ခင်ဗျား ဘာတွေလာပြောနေတာလဲ။ ခင်ဗျားက ဆရာကြီးလား၊ ခင်ဗျားပေးတဲ့ပိုက်ဆံ ကျုပ်တို့သုံးထားရတယ်ဆိုပြီး ဆရာလုပ်ချင်တာလား။ ကျုပ်ကြိုက်လို့ ကျုပ်သောက်တာဗျာ ဘာဖြစ်လဲ။ ဘယ်သူ့ကို ထိခိုက်လို့လဲ"

တက်လူ၏ အော်ကျယ်အော်ကျယ်စကားကြောင့် တစ်ဖက်မှ ငြိမ်သွားသည်။ အတန်ကြာသည့်ထိ တိတ်ဆိတ်နေပြီးမှ လေသံအေးအေးဖြင့် . . .

"မင်းတို့ရေးထားတဲ့ ကဗျာတွေလည်း ဖတ်လို့ကောင်းပါတယ်"

"မလိုပါဘူး"

နိုင်ဦးက တက်လူကိုထိန်းရင်း တစ်နေရာဆွဲခေါ်သွား၏။ ဒါတောင် မလိုက်ချင်။ အရက်ဝင်ထားသူဆိုတော့ ထိန်းချုပ်ရမည့်စိတ်ဓာတ်



တွေ အပိုင်းပိုင်းလွင့်နေသည် မဟုတ်ပါလား။ သိန်းဌေးကတော့ တက်လူဘက်က ဝင်ကာသည်။

"တစ်ခုတော့ ကြိုပြောထားမယ်နော်။ ကျွန်တော်တို့ကို ဝင်စွက်ဖက်ချင်လို့ ငွေကြေးကူညီချင်တာဆိုရင်တော့ ဆောရီးပဲ။ ခင်ဗျား ဘာကောင်ကြီးဖြစ်ဖြစ် စိတ်မဝင်စားဘူး၊ ဖမ်းရင်လည်း ခံလိုက်မယ်"

တစ်ဖက်မှလူက တဟားဟား ရယ်သည်။

"မစွက်ဖက်ပါဘူးကွာ . . . မင်းတို့ကို စွက်ဖက်ချင်လို့ မဟုတ်ပါဘူး။ မင်းတို့ကဗျာကို ပိုထိရောက်စေချင်လို့ပါ"

"ဘာဗျ . . ."

"ငါကြားဖူးထားတဲ့ စကားတစ်ခွန်း ရှိတယ်ကွ။ သူ့ကို ပြင်ချင်ရင် ကိုယ့်ကိုယ်ကိုယ် အရင်ပြင်တဲ့။ မင်းတို့ ကြားဖူးလား"

သုံးဦးသား တိတ်ဆိတ်နေသည်။ တက်လူကတော့ ဘာမှဝင်မပြောတော့ဘဲ ခပ်ဝေးဝေးတွင် ဘဝင်မကျသော မျက်နှာနဲ့ ထိုင်နေ၏။

"မကြားဖူးရင် ခဏလေးနားထောင်ပေး ငါပြောပြမယ်၊ တစ်ခါက ဆရာကြီးတစ်ယောက်ဆီကို မိန်းမတစ်ဦး သားလေးလက်မှာဆွဲပြီး အကြံဉာဏ် လာတောင်းတယ်တဲ့။ သူ့သားလေးက အချိုကြိုက်ပြီး သကြားတွေ ခဏခဏဝယ်စားလို့ သကြားမစားအောင် ဆုံးမပေးပါဆိုပြီးတော့တဲ့။ အဲ့မှာ ဆရာက နောက်တစ်လနေမှ ပြန်လာခဲ့ဆိုပြီး ပြန်လွှတ်လိုက်တယ်။ တစ်လပြည့်လို့ ပြန်လာတော့မှ ကလေးကို ဆရာက ဆုံးမတယ်။

ရိုးရိုးလေးပါပဲ။ အချိုတွေစားရင် သွားပိုးစားမယ်၊ သွားနာမယ် ချောင်းဆိုးမယ် စသဖြင့်ပေါ့။ အဲဒီမှာ အမေလုပ်သူက ဆရာကိုမေးတယ်၊ ဆရာရယ် . . . ဒါလေးဆုံးမတာများ ဘာလို့ တစ်လရက်ချိန်း ရွှေ့ရတာလဲ။ အဲလိုမေးတော့ ဆရာက ပြန်ဖြေတယ်၊ တကယ်ကို ကြော်သင့်ဖို့ကောင်းတဲ့ စကား။ အဲဒီတုန်းက ငါလည်း စားနေသေးတဲ့။



www.burmeseclassic.com

www.burmeseclassic.com

အခု ငါ မစားတာ တစ်လရှိသွားပြီ။ ငါမစားမှ သူ့ကို မစားနဲ့လို့ ပြောလို့ရမှာ ပေါ့တဲ့"

စကားသံ တိတ်သွားပါသည်။ ထိုလူ ဘာကိုဆိုလိုတာနည်း။ သူတို့ နားလည်သွားခဲ့ပြီ၊ တက်လူကတော့ . . .

"ခက်တာပဲ . . . ဒီလူ တရားဟောဆရာလား မသိဘူး။ ဖုန်းထဲကတောင် ငါတို့ကို ဆုံးမနေသေးတယ်"

ကျန်သူတွေ ငြိမ်နေသည်မို့ ခုနလိုတော့ စူးစူးဝါးဝါး ထမလုပ်။

"ဒီသဘောပဲပေါ့ကွာ . . . မင်းတို့ရဲ့ ရည်ရွယ်ချက်ရော၊ လုပ်ရပ်ရော တအားကောင်းတယ်။ ဒါပေမဲ့ ကိုယ့်ကိုယ်ကိုယ် အရင်ပြင်ဖို့ မင်းတို့ မေ့နေကြတာ။ သူများကိုပြင်ဖို့ပဲ မင်းတို့ ကြိုးစားနေတာလေ။ ကိုယ်တိုင်မပြောင်းလဲနိုင်တော့ မင်းတို့လုပ်ရပ်က ထင်သလောက် မထိရောက်ဘူးပေါ့"

အလွတ်ကြီး ပညာလာပေးနေသည်ဆိုပေမဲ့လည်း သူတို့တွေ မတုံ့ပြန်မိကြ။

"အဲဒါလေးပြောချင်လို့ ဖုန်းဆက်လိုက်တာပါ။ ဆက်လုပ်ပါ။ ထောက်ခံပါတယ်။

နောက်အုပ်အတွက်လည်း ငါ ငွေထပ်ပို့ပေးလိုက်မယ်"

ဖုန်းချရန် လှုပ်ရှားမှုတစ်ခုကို ကြားရတော့ . . .

"နေဦး . . ."

မျိုးအောင်၏ တုံးတိတိ ခေါ်သံတစ်ခု . . .

"ကျွန်တော့်ဆီကို ငွေပို့မပေးနဲ့တော့။ ကြာရင် သူများတွေ မိုးမိကုန်လိမ့်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ"

ᄌ ᄌ ᄌ



## XXIV

ဒီနေ့သည် အင်္ဂါနေ့ဖြစ်၏။ ဒီနေ့သည် သူတို့ ကြီးလေးကြီးအဖွဲ့ ကဗျာစာအုပ်ထွက်ရမည့် နေ့ဖြစ်သည်။ ဒီနေ့သည် မေဖြူဖြူ့မွေးနေ့လည်း ဖြစ်၏။ ပြီးတော့ ဘုရားအတူတူသွားရန် သိန်းဌေးကို ခေါ်ထားသောနေ့လည်း ဖြစ်ပါသည်။

အဖွဲ့မှပေးအပ်သော တာဝန်ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ပြီးသကာလ သိန်းဌေးသရဖီသို့ တန်းပြေးရသည်။ အဆောင်ရောက်ရောက်ချင်းပင် . . .

"ဘာလို့ နောက်ကျနေတာလဲဟင်"

ညှိုးငယ်သောမျက်နှာနှင့် စိတ်မကောင်းမှုရောသော အမေးစကားတစ်ခွန်းက သူ့ကို ဆီးကြိုသည်။ ဣန္ဒြေမပျက်အောင် အတတ်နိုင်ဆုံး ကြိုးစားထိန်းရင်း . . ."

"ဟိုဟာ . . . နယ်က အဒေါ်တစ်ယောက် ဆေးခန်းပြဖို့ ရောက်လာလို့ပါ။ ဒီမှာ အသိလည်းမရှိတာနဲ့ ကျွန်တော် လိုက်ပြပေးနေရလို့"

စူးစမ်းမှုလေးတစ်ခု ခပ်ညင်ညင် ရောက်လာပြီး . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်လား . . . သူ အားရောအားရဲ့လားဟင်"

"ဟာ . . . အားပါတယ်၊ ရတယ် . . . ရတယ်။ အကုန်လုပ်ပေးပြီးသွားပြီ၊ ဘာမှ လုပ်စရာမရှိတော့ဘူး"

မျက်ဝန်းနက်နက်ဆီမှ အပြုံးငွေ့တစ်စွန်းတစ်စကို မြင်လိုက်ရပါ၏။

"အဲဒါဆိုလည်း သွားကြမယ်လေ။ ပြန်လာရင် မေဖြူက အတန်းသွားတက်ရဦးမှာ"

သိန်းဌေး ချက်ချင်းပင် အဆောင်ရှေ့ထွက်ပြီး ကားငှားရန် ကြိုးစားသည်။ သို့သော်လည်း ဖြတ်သွားဖြတ်လာနည်းသော အရပ်ပေမို့ ကားမှာ တော်တော်နဲ့ငှားမရ။ စိတ်မရှည်နိုင်သဖြင့် လမ်းထိပ်ထွက်ငှားတော့မှ ခက်ခက်ခဲခဲ ကားတစ်စီးရသည်။ ထိုကားဖြင့် မေဖြူဖြူ သွားလိုရာကို လိုက်ပို့ပေးပါ၏။

ကားပေါ်ကဆင်းဆင်းချင်း ကိုယ့်ကိုယ်ကိုယ် ဇာတာတွေတက်နေပြီမှန်း သတိမထားမိသေး။ သတိထားမိသည်က ဘုရားပေါ်တက်ရန် ဖိနပ်ချွတ်ချိန်မှာဖြစ်သည်။ ဖိနပ်ကိုချွတ်၍ ကိုင်မည်ပြုတော့ . . .

"နေ . . . နေ . . . မေဖြူ ကိုင်ပေးမယ်"

ထင်မှတ်မထားသော အပြုမူတစ်ခုနဲ့အတူ မေဖြူက ကိုယ်တိုင်ကိုင်ရင်း သူ့ဖိနပ်ကို လှမ်းယူ၏။

"ဟာ . . . မေဖြူ နေ . . . "

တားချိန်မရလိုက်၊ သူမ ဖိနပ်နှင့်ရောကိုင်ကာ မသိယောင်ပြုပြီး လှေကားပေါ် လှမ်းတက်သွားသည်။ ကျန်ရစ်ခဲ့သော သိန်းဌေးမှာတော့ ထပဲခုန်ရမလို၊ ကျွမ်းပဲထိုးရမလို၊ ခဏချင်းဖြစ်ထွန်းလာသော အပျော်တွေဖြင့် လူက မြေကြီးနှင့် ထိနေသေးသည်မထင်တော့။ ရင်တစ်ခုလုံးမှာလည်း နွေးထွေးရှိန်းမြကာသွားပါသည်။



စောင်းတန်းမှတက်တော့ အကြံတစ်ခုရသည်။ ဘုရားရောက်ခိုက် မြန်မာဗီဒီယိုကားတွေအကွက်ကို သုံးရပါမည်။ ပန်းရောင်းသူကလေးများထံမှ ပန်းနှစ်စည်းဝယ်လိုက်၏။ အကြိမ်ကြိမ်ကြည့်ဖူးသော ဇာတ်ကွက်တွေအတိုင်း မွေးနံ့ထောင့်တွင် ပန်းကပ်မည်။ ပြီးလျှင် . . . မေဖြူဖြူထံမှ ပန်းစည်းကိုယူကာ ပန်းအိုးတွင် သွားထိုးပေးမည်။ ဒီလောက် လုပ်ကွက်ရလျှင်ပင်မဆိုး၊ ကိုယ်က နိုင်ဦးလို ကျွမ်းကျင်သူမဟုတ်တော့ ဒီလောက်သာ တွေးနိုင်သည်။

လှေကားတက်နေရင်းနဲ့မှ ဝယ်လာသော ပန်းနှစ်စည်းအနက် တစ်စီးကို ကမ်းပေးတော့ သိမ်မွေ့စွာ လှမ်းယူ၏။ ဒီလိုဆိုရင်ဖြင့် ချောလှင့်သလို ဖြစ်လာနိုင်သည်။ ရင်ပြင်ပေါ်ရောက်တော့ မနက်ခင်းမို့ ထင်ထားတာထက် ဘုရားဖူးပိုများနေကြောင်း တွေ့ရသည်။ မေဖြူဖြူက စေတီကိုပတ်ကာ ကြာသပတေးထောင့်ရှိရာကို သွားသည်။

တော်သေး၏။ ကြာသပတေးထောင့်တွင် ဘုရားဖူး သိပ်မရှိ။ တစ်ဦးစ နှစ်ဦးစသာ ရှိနေပါသည်။ ထို့ကြောင့် နေရာလွတ်တွင်ထိုင်ကာ စေတီတော်အား ရှိခိုးဦးချသည်။ ပြီးတော့ . . . ပန်းစည်းကို ကိုင်ရင်း လိုသောဆုကို တောင်းမိသည်။ သူ့နံဘေးမှ မိန်းကလေးမှာတော့ မျက်လုံးကို စုံမှိတ်ရင်း သိမ်မွေ့သော ဣန္ဒြေနဲ့ ဘုရားရှိခိုးကာနေပါ၏။

ဘာရယ်မဟုတ်၊ အပြစ်ကင်းသော မျက်နှာလေးအား အချိန်အတော်ကြာအောင် သိန်းဌေး ငေးနေလိုက်မိသည်။ သူ့စိတ်ထင် ဆယ့်ငါးမိနစ်လောက်ပင် ကြာသွားသည်ထင်သည်။ မေဖြူဖြူ ဘုရားဦးချတာမှ သတိဝင်ပြီး အကြည့်ကို လွှဲလိုက်ရသည်။

မြန်မာဗီဒီယိုဇာတ်ကားမှာ အံဝင်လှသည်။ သိန်းဌေး ကြံထားသလိုပင် မေဖြူဖြူက လက်တွင်းမှပန်းစည်းအား သူ့ကို ကမ်းပေး၏။ ပီတိပြုံးဖြင့် လှမ်းယူရင်း အိုးတွင်သွားထိုးသည်။ ပြီးတော့



www.burmeseclassic.com

www.burmeseclassic.com

သူမ ထိုင်ရာမှထပြီး ဘုရားကို ရေသပ္ပာယ်သည်။ ရေသပ္ပာယ်ပြီးစဉ်မှာ တစ်ခုမေးလာ၏။

"ကိုသိန်းဌေး . . . သောကြောထောင့်က ပြန်လာတာလား"

"ဟင် . . . "

"ကိုသိန်းဌေး . . . သောကြာထောင့်ကို ဘုရားသွားကန်တော့ပြီးမှ မေဖြူကို လာပြန်စောင့်တာလားလို့"

"ဟာ . . . မဟုတ်ပါဘူး၊ မသွားပါဘူး။ မေဖြူနားမှာပဲ တစ်ချိန်လုံး ရှိနေတာ"

တာဝန်ကျေသူတစ်ယောက်အဖြစ် ကိုယ့်ရင်ကိုယ်ကော့ပြီး ပြောလိုက်ပေမဲ့ . . .

"ဩော် . . . သူလည်း ကြာသပတေးသားပဲလား"

"ဗျာ . . . "

ယခုမှ သူမ ဘာကိုဆိုလိုကြောင်း သဘောပေါက်ပြီး ရမ်းသမ်းရှိုးရတော့သည်။

"ဩော် . . . မဟုတ်ဘူး၊ မေမေ့အတွက် ကျွန်တော့်အမေက ကြာသပတေးသမီးလေ။ အဲဒါကြောင့် ရောက်တုန်းရောက်ခိုက် မေမေ့အတွက် ကုသိုလ်လုပ်ပေးတာ"

နှုတ်ခမ်းကိုမဲ့ရင်း ခေါင်းတဆတ်ဆတ် ညိတ်ပါသည်။ အလှူခံဌာနရှေ့ရောက်တော့ သူမက မွေးနေ့အလှူကို ပြုသည်။ ပိုက်ဆံလှူပြီးစဉ်၌ သိန်းဌေးဇာတာမှာ နောက်တစ်ဆင့် မြင့်တက်သွားတော့၏။ အလှူခံပုဂ္ဂိုလ်၏ အမေးစကားက စတင်သည်။

"နာမည် ဘယ်လိုရေးရမလဲ . . . သမီး"

"ကိုသိန်းဌေး၊ မမေဖြူဖြူ"

"ဟင် . . . "



သူမ အဖြေစကားကို ကြားရပြီးနောက် ရင်ခွင်က ဝရုန်းသောင်းထနုန်သည်။ ဖျတ်ခနဲ သူမကိုလှမ်းကြည့်တော့ ဘာမှမဖြစ်သလို မျက်နှာထားနဲ့ ပိုက်ဆံလှူနေ၏။ ပြီးတော့ . . .

"သွားမယ်လေ"

အိပ်မက်မှ လှုပ်နှိုးခံလိုက်ရသလို၊ စောင်းတန်းမှ ဆင်းလို့ဆင်းနေမှန်းပင် မသိတော့။

"မုန့်သွားစားမယ်နော်၊ တို့မွေးနေ့မှာ သူ့ကို ဦးဦးဖျားဖျား မုန့်ကျွေးချင်လို့"

ထပ်ထိပြန်ပြီ နောက်တစ်လုံး၊ မည်ကဲ့သို့ ငြင်းရတော့မည်နည်း။ အခါခါ မျှော်လင့်ခဲ့ဖူးသော အိပ်မက်တို့မှာ ယခုမနက်တွင်မှ . . .

စောင်းတန်းဆုံးတော့ လက်တွင်းမှဖိနပ်ကို သိန်းဌေးခြေထောက်ရှေ့ ညီညီညာညာ ချပေးသည်။ ဖိနပ်စီးပြီးစဉ်မှာ ကားလမ်းကူးဖို့ပြင်သည်။ ဒီတစ်ကြိမ်တွင်တော့ သိန်းဌေး နေးကွေးမနေတော့။

သူမ လက်အေးအေးလေးကို ဖွဖွဆုပ်ကိုင်လိုက်၏။ ပြီးတော့ စစ်သူကြီးခြေလှမ်းတွေနဲ့ တစ်ဖက်လမ်းကို ကူးလိုက်သည်။

လွှတ်မပေးတော့ . . .

သူမ လက်ကို ဘယ်တော့မှ လွှတ်ပေးမည်မဟုတ်တော့ပါ။ စိတ်ဆိုးရင်လည်း ခံတော့မည်။ စိတ်နာရင်လည်း ကျေနပ်တော့မည်၊ ဘယ်လိုပင်ဖြစ်စေတော့ . . .

သူမလက်ကို လွှတ်မပေးတော့ . . .

ဒီလောက်မှ မနပ်ရင် ခွေးဖြစ်ဖို့သာ ရှိတော့ပါသည်။

ထိုနေ့သည် သိန်းဌေးဘဝ၏ သမိုင်းဝင်နေ့ဖြစ်ပါသည်။

နယ်ချဲ့တွေကို တိုက်မထုတ်နိုင်ခဲ့ပါ။

သမ္မတလည်း မိန့်ခွန်းမပြောပါ။



www.burmeseclassic.com

www.burmeseclassic.com

တရုတ်အလံကိုလည်း မီးမရှို့ခဲ့ပါ။

ဒါပေမဲ့ . . . ထိုနေ့သည် သူ့သမိုင်းမှာ ရဲရဲတောက်ခဲ့ပါ၏။

ဒါတောင် ပြန်ခါနီးတော့ အူကြောင်ကြောင်စကားတစ်ခွန်း မေးဖြစ်ခဲ့သေးသည်။

"ဒါဆို တို့တွေ ချစ်သူဖြစ်သွားကြပြီပေါ့နော်"

သူ့ကိုကြည့်ပြီး သူမ ရယ်ပါသည်။ ညံ့လိုက်တာဟုပြောရင်လည်း ခံရုံသာရှိတော့သည်။

နှုတ်ခမ်းကိုကိုက်ကာ မချိုမချဉ်ဖြေ၏။

"ထင်တာပဲ"

ᅎ ᅎ ᅎ

# XXV

ခပ်ဝေးဝေးဆီမှ ခွေးအူသံကို ကြားရသည်။ အရှေ့ဆီတွင် ညောင်ပင်ကြီးတစ်ပင်ရှိနေ၏။ ညောင်ပင်၏ နောက်ဖက်ပိုင်းမှာက မီးရောင်လဲ့လဲ့ စေတီလေးတစ်ဆူ။ လူနေရပ်ဝန်းနှင့် အနည်းငယ် ကင်းကွာသော အရပ်ပေမို့ ပတ်ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်နေလျက်။

အချိန်က ညသန်းခေါင်နီးလုပြီ။ အဆောင်မှခိုးထွက်ကာ မေဖြူဖြူတစ်ဦးတည်း ထိုအရပ်တွင် လျှောက်လှမ်းလျက်ရှိနေပါ၏။ တစ်စုံတစ်ဦး၏ ခိုင်းစေချက်အရ စေတီသို့ သွားရမည်။ ပြီးလျှင် ပန်းတစ်ခု ယူပေးရမည်။ ဘာပန်းမှန်း သူမ မသိ။ ဒါပေမဲ့ ခြေစ်ဖနေ့ လုပ်ဆောင်ပေးရမည်ဆိုတာတော့ သိနေသည်။

သူမတွင် အားကိုးစရာဆို၍ ဓာတ်မီးလေးတစ်လက်သာ ပါလာသည်။ သူမ တစ်ခါမှ မလာဘူး။ သူများတွေ ပြောဆိုနေသံကိုတော့ ကြားဖူး၏။ တချို့ဆို စာမေးပွဲနီးပါက ဤနေရာသို့ စာလာကျက်ကြသည်ပင် ဆိုသည်။

ပိန်းပိတ်အောင် ဒမှောင်သောညဟု မဆိုသာပေမဲ့ တစ်ခြမ်းဝှဲလထာ တိမ်ကြားကိုဝင်ကာ နေသည်။ လူသံသူသံ မကြား၊ အဖော်မပါ တစ်ကိုယ်

www.burmeseclassic.com

တည်၊ အရှေ့ဆီမှ ညောင်ပင်ကြီးမှာ မည်းလှုပ်အုံ့ဆိုင်းကာနေသည်။ ညအချိန်မတော်ပေမို့ အဝေးမှမြင်ရတာ မကောင်းဆိုးဝါးကြီးတစ်ကောင် ငုတ်တုတ်ထိုင်နေသလို။

အနီးကိုရောက်တော့ ဆောင်းလေအေးတစ်ချက် ဝင်ရောက်လာရာ ညောင်ရွက်တို့မှာ တရှဲရှဲ မြည်သွား၏။ ကြက်သီးတို့ သီးဝေကာ ခြေကို သွက်သွက်လှမ်းရင်း သစ်ပင်အောက်မှ ဖြတ်ကျော်သည်။ မလုံခြုံသောစိတ်ကို ထွက်ပေါက်ပေးသည့်သဘော ဓာတ်မီးဖြင့် ဟိုမှိုဒီဒီ ထိုးကြည့်တော့ . . .

ညောင်ပင်၏ ပင်စည်လုံးကြီးမှာ လူတစ်ဖက်မက၊ သွယ်ယှက်ထားသော အကိုင်းအခက်တို့မှာလည်း ညသန်းခေါင်တွင် ချောက်ချားဖွယ်ကောင်းနေသည်။ နှုတ်ခမ်းကို ကိုက်ရင်း ခြေလှမ်းကိုသွက်တော့ တစ်ကိုယ်လုံးမှာ ကြက်သီးတို့ ဖြိုးဖြိုးဖျင်းဖျင်း။

စေတီခြေကိုရောက်တော့ ဖိနပ်ကိုချွတ်ကာ လက်မှကိုင်သည်။ အပေါ်ကို ဓာတ်မီးထိုးကြည့်တော့ ရွှေရောင်ဝင်းဝင်းစေတီငယ်ကို မြင်ရ၏။ လှေကားမှ သွက်သွက်လှမ်းတက်လိုက်သည်။ စေတီစောင့်တစ်ဦးတစ်ယောက် ရှိနေပါချေ။

“စေတီရဲ့ တောင်ဘက်မုခ်မှာ ခေါင်းလောင်းတစ်လုံးရှိတယ်”

ပြောလိုက်သောစကားသံက နားထဲတွင် ပြန်လည်ကြားယောင်လာသည်။ တောင်ဘက်မုခ်သည် ဘယ်ဘက်မှာလဲ သူမ မဝေခွဲနိုင်။ ကြောက်စိတ်ဖြင့် တုန်လှုပ်လျက်ရှိနေရကာ စေတီရင်ပြင်အနှံ့ ဓာတ်မီးထိုး ရှာဖွေမိလိုက်သည်။

တွေ့ပါပြီ . . .

ရင်ပြင်တော်၏ ထောင့်တစ်ထောင့်တွင် စိုက်ထူချိတ်ဆွဲထားသော ခေါင်းလောင်းငယ်လေးတစ်လုံး။

“ခေါင်းလောင်းရဲ့ အတွင်းဘက်ကို လက်နှိုက်ကြည့်ရင် တွေ့လိမ့်မယ်”



မှာကြားထားသည့်အတိုင်း ခေါင်းလောင်းဆီသွားကာ အတွင်းကို လက်နှိုက်ကြည့်တော့ ခိုးလိုးခုလု အရာလေးတစ်ခုကို စမ်းမိ၏။ ဆွဲခွာလိုက်တော့ လက်တွင်းကို ခက်ခက်ခဲခဲပါလာသည်။ သံဘူးဝိုင်းလေးတစ်ခု။

သံဘူးထဲတွင် မည်သည့်အရေးကြီးပစ္စည်းရှိနေလဲ သူမ မသိ။ သူမနှင့်လည်း မသက်ဆိုင်။ သူမ အလုပ်သည် ထိုသံဘူးလေးအား တစ်နေရာမှ သွားယူ၍ နောက်တစ်နေရာသို့ ပို့ပေးဖို့ပင် မဟုတ်ပါလား။

ပစ္စည်းရပြီဖြစ်၍ စေတီရင်ပြင်တော်ပေါ်မှာ သွက်သွက်ပြန်ဆင်းသည်။ ညောင်ပင်အောက်မှဖြတ်စဉ် လာတုန်းကလောက် ကြောက်စိတ်မဖြစ်မိတော့။ လာလမ်းအတိုင်း လျှောက်လာခဲ့ရာ တဖြည်းဖြည်းနဲ့ လူနေရပ်ဝန်းဆီသို့ ပြန်ရောက်လာသည်။

အိမ်များ၊ အဆောင်များကို တွေ့လာရသည်။ စိတ်တွင်း၌ လုံခြုံသလိုလိုကို ပြန်လည်ခံစားလိုက်ရ၏။ ဒါပေမဲ့ သူမတာဝန် မပြီးဆုံးသေးပါ။ လက်တွင်းမှ သံဘူးဝိုင်းလေးကို ကျောင်းဘူတာရုံသို့ သွားပို့ပေးရဦးမည်ဖြစ်သည်။

သရဖီဆောင်မရောက်ခင် လမ်းဆုံမှကွေ့ပြီး ကျောင်းရှေ့ကို ဦးတည်သည်။

ဘူတာရုံက ကျောင်း၏ ဘယ်ဘက်ခြမ်းတွင် ရှိပါသည်။ ကျောင်းရှေ့မှ သွားလို့ရ၍ တော်သေး၏။ ကျောင်းတွင်းမှသာ သွားရလျှင် အစဉ်မပြေနိုင်ပါ။ ကျောင်းဝန်းကိုကျော်ပြီး ဘယ်ဘက်ခြမ်းကို တွေ့ဆင်းတော့ ခပ်လှမ်းလှမ်းတွင် မှုန်ကုပ်ကုပ်ဘူတာရုံတစ်ခုကို မြင်ရသည်။

ကျောင်းသား/ကျောင်းသူများ သွားလာရလွယ်ကူရန် လုပ်ထားသော်လည်း အချိန်ကြာလွန်းသည်ကြောင့် သိပ်မစီးကြ။ ညနေနှင့် ညဦးပိုင်းတွင်တော့ ဤအနီးဝန်းကျင်မှာ စုံတွဲတချို့ရှိတတ်သည်။ ယခုတော့ . . .

www.burmeseclassic.com

ဇလီဖားတုံးများကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်ရင်း ဘူတာတွင်း ရောက်စဉ်မှာ . . .

"ချွတ် . . ."

သစ်ရွက်ခြောက်နင်းသံလို၊ ပစ္စည်းရွှေ့သံလို အသံတစ်ခုကြောင့် သူမ တစ်ကိုယ်လုံး တုန်သွားသည်။ အတွင်းမှာ လူတစ်ယောက်မှမရှိ။ ဒါပေမဲ့ . . .

ဓာတ်မီးဖြင့် ဟိုဟိုဒီဒီ ထိုးကြည့်ပေမဲ့ ဗလာကျင်းထားသော ထိုင်ခုံများသာ ရှိပါသည်။ နီးစပ်ရာ ခုံတစ်လုံးဆီသွားပြီး လက်ထဲမှအရာကို တင်လိုက်သည်။ ထို့နောက်မှာတော့ သူမအတွက် လုပ်စရာတစ်ခုသည်က ဘူတာတွင်းမှ ပြေးထွက်လိုက်ခြင်းပင်။

• • •

တရွေ့ရွေ့ဝေးကွာသွားသော မီးရောင်လေး ပျောက်ကွယ်သွားတော့ မျိုးအောင် မှောင်ရိပ်တွင်းမှ ထွက်လိုက်ပါသည်။ ဒုတိယ ထွက်လာသူက တက်လူ၊ နောက်ဆုံးထွက်လာသူက နိုင်ဦး။

"မဆိုးဘူးပဲကွ"

"အေး . . . မိန်းကလေးတစ်ယောက်အနေနဲ့ အခုလို လုပ်ရဲတာတော့ ချီးကျူးစရာပဲ"

မျိုးအောင် ထိုင်ခုံများရှိရာကို လျှောက်သွားရင်း မေဖြူဖြူ တင်ထားပေးခဲ့သော သံဘူးလေးကိုယူကာ နိုင်ဦးထံ လှမ်းပစ်ပေးသည်။

"သူ ဖွင့်ကြည့်မထားဘူးမလား"

နိုင်ဦးက အမှောင်ထဲမှပင် သံဘူးကို လှည့်ပတ်ကြည့်ရှုကာ ခေါင်းရမ်းသည်။



"ဒါဆိုရင်တော့ အမှတ်ပြည့် ပေးရမှာပဲ။ ညကြီးသန်းခေါင် လူသူမနီးနေရာကို တစ်ယောက်တည်းသွားပြီး ပစ္စည်းယူပေးရဲသော အဆောင်က ခိုးထွက်ရဲတာရယ်က မေဖြူဖြူလို မိန်းကလေးတစ်ယောက် အနေနဲ့ တော်ရုံစွန့်စားမှုတော့ မဟုတ်ဘူးနော်။ ဒေါ်အေးမိသိရင် အဆောင်က သေချာပေါက် အထုတ်ခံရမှာ"

"အေးကွ . . . ခိုင်းတဲ့အတိုင်း မဖြစ်ဖြစ်အောင် လုပ်ပေးတယ်ဆိုတော့ သိန်းဌေးကို တော်တော်ချစ်မယ့်ပုံပဲ"

တက်လူစကားအား နိုင်ဦးက မကျေလည်သလို ဝင်ပြောသည်။

"ဒါကတော့ ဒီကောင်က အဖွဲ့ထဲကို လူသစ်သွင်းချင်တာကိုး။ ဒီလောက်တော့ ငါတို့လည်း စမ်းသပ်ရမှာပေါ့"

"ဘယ်လိုပဲဖြစ်ဖြစ် မဆိုးပါဘူးကွာ။ ဒီလောက် လုပ်ရဲကိုင်ရဲရင်ပဲ ငါတို့အတွက် အဆင်ပြေပါတယ်။ ရှေ့လျှောက် ဟိုလူဆီက ပိုက်ဆံယူဖို့ သူ့ကို ခိုင်းလို့ရပြီ"

တက်လူက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ထိုင်ခုံတစ်လုံးမှာ ဝင်ထိုင်သည်။ ဒီနေ့ သောက်မထားသည့်ကြောင့် ပြောရဆိုရ ကောင်းနေသည်။

"ဒါနဲ့ . . . မင်းနဲ့ရော အဆင်ပြေပါ့မလား . . . နိုင်ဦး"

"ဘာလို့လဲ"

"ငါတို့အဖွဲ့ထဲ သိန်းဌေးရဲ့ချစ်သူအနေနဲ့ မေဖြူဖြူ ရောက်လာမှာကို"

"အဆင်ပြေပါတယ်။ ငါ့ဘက်က အေးဆေးပါပဲ။ ငါနဲ့သိန်းဌေးလည်း အရင်ထဲက နားလည်မှု ယူပြီးသားပဲဥစ္စာကွာ။ ဒီကိစ္စလောက်နဲ့ ငါတို့ကြားမှာ ဘာစိတ်အနှောင့်အယှက်မှ ဖြစ်စရာမရှိဘူး။ အခု မေဖြူဖြူလာတော့လည်း တို့အဖွဲ့ အင်အားပိုတောင့်သွားတာပေါ့ကွာ"

တက်လူ ခေါင်းညိတ်၏။ မျိုးအောင်ကတော့ တစ်စုံတစ်ဦးကို စောင့်မျှော်ကာ ငြိမ်သက်လျက်ရှိနေသည်။ စောင့်မျှော်နေသူက သိန်းဌေး



www.burmeseclassic.com

www.burmeseclassic.com

သူ၏ အသစ်စက်စက်ချစ်သူလေးကို စိတ်မချနိုင်စွာ နောက်မှ လိုက်ကြည့်နေခြင်းဖြစ်သည်။ မကြာလိုက် . . .

သူတို့ စောင့်မျှော်နေသူမှာ အမောတကောဖြင့် ရောက်လာ၏။

"ဟော့ကောင်တွေ . . . ဘယ်လိုလဲ၊ အဆင်ပြေရဲ့လား"

"စာမေးပွဲအောင်တယ် . . . မင်းကောင်မလေး မဆိုးဘူး"

မျိုးအောင် စကားဆုံးတော့ . . .

"ဒါဆို . . ."

"လာမယ့်တနင်္လာနေ့မနက် ငါတို့ဆုံနေကျနေရာကို ခေါ်ခဲ့လိုက်ပါ။ မေဖြူဖြူကို ငါတို့သုံးယောက်လုံး လက်ခံပါတယ်"

သိန်းဌေး၏ ဝမ်းသာသွားသော မျက်နှာကို မှောင်ထဲမှပင် မြင်လိုက်ရသည်။

ထိုင်နေသော တက်လူက မတ်တတ်ထရပ်၍ . . .

"ဒါဆိုလည်း ပြန်ကြမယ်လေကွာ၊ ဒီနေရာက အကြာကြီးနေလို့ မကောင်းဘူး"

ပြန်ရန်ပြင်ကြတော့မှ သိန်းဌေး တစ်စုံတစ်ခုကို သတိရကာ မျိုးအောင်ကို လှမ်းမေးသည်။

"ဒါနဲ့ မင်းတို့ ဟိုလူ့ဆီက ပိုက်ဆံယူပြီးသွားပြီလား"

"ဟာ . . . အေး"

မျိုးအောင်တို့သုံးဦး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြကာ နိုင်ဦးက ဘူတာရုံထောင့်ကို ပြေး၏။ ဘူတာရုံထောင့်၌ သုံးပေခန့်အမြင့်ရှိသည့် အမှိုက်ပုံးတစ်ပုံး ရှိနေပါသည်။ အဖုံးကိုဖွင့်ကာ အတွင်းနှိုက်ကြည့်တော့ အိတ်အမည်းဖြင့် ပတ်ထားသော အထုပ်တစ်ထုပ် နိုင်ဦးလက်တွင်းမှာ ပါလာသည်။

"တော်သေးတာပေါ့ကွာ . . . မင်း သတိပေးပေလို့။ မဟုတ်ရင် အဆောင်ရောက်မှ တစ်ခေါက်ပြန်လာရမှာ"



အိတ်ကိုဖွင့်ကြည့်ရင်း သိန်းဌေးအား ကျေးဇူးတင်သလို ပြောသည်။

"ဟော့ကောင် . . . အိုကေလား"

မျိုးအောင်၏ အမေး . . .

"အိုကေတယ်"

ခပ်သွက်သွက်ဖြေရင်း သိန်းဌေးဆီ အရာတစ်ခု ပစ်ပေးလိုက်၏။ မေဖြူဖြူ ယူလာပေးသော သံဘူးခွံလေး၊

"ဒါက ဘာလုပ်ဖို့လဲ"

"မင်းသုံးဖို့ . . . အထဲမှာ ဟိုလူပေးတဲ့ ပိုက်ဆံပါတယ်"

တက်လူက ခပ်နောက်နောက် ဝင်ပြောတော့ . . .

"ဟုတ်လား . . . တော်ပါပြီကွာ၊ မင်းတို့ပဲ သုံးလိုက်ပါတော့"

ရှုတ်တွတ်တွတ်ပြောရင်း တက်လူထံ လှမ်းပစ်ပေးသည်။ သံဘူးလေးမှာ ရထားသံလမ်းပေါ် ကျပြီး အဖုံးပွင့်သွားပါသည်။

အတွင်းမှာက ဗလာရောင် ဝတ်ရုံတစ်ထည်။

ကောင်းကင်မျက်နှာကြက်ကို မော့ကြည့်တော့ ဟင်းလင်းပွင့်နေသော နေရာလွတ်များကို မြင်ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## XXVI

ဆရာထွက်ထွက်ချင်း နိုင်ဦးထိုင်ရာမှထကာ ရှေ့ဆုံးတန်းကို သွားသည်။

"ဟော့ကောင် . . . ထူးပိုင်၊ ဆရာကန်တော့ပွဲကြေး"

သူ့အသံကြားတော့ ထူးပိုင်မှာ နေ့ခင်းကြောင်တောင် သရဲခြောက်ခံရသလို လန့်ဖျန့်သွားပါ၏။

"ဟာ . . . နိုင်ဦး၊ နောက်နေ့မှပေးလို့ မရဘူးလားကွာ။ ငါ့မှာ ပိုက်ဆံလက်ကျန် သိပ်မရှိတော့လို့ပါ။ လတုန်လို့ အိမ်ကပို့ပေးရင် . ."

"မရဘူး . . . ဟော့ကောင်၊ နောက်နေ့ နောက်နေ့နဲ့ နောက်နေ့ပေါင်း မင်းရွှေ့တာ များနေပြီ။ အခု မင်းမှာ ဘယ်လောက်ပါလဲ"

ထူးပိုင်က ဖျက်ခနဲ အိတ်ကပ်ကို လက်ဖြင့်အုပ်သည်။ သို့သော် အကျႌဖြူဝတ်ထားသည်မို့ အတွင်းမှ ပိုက်ဆံကို မြင်ရ၏။

"မင်းအိတ်ထဲက ထောင်တန်မြင်နေရတယ်။ ဟော့ကောင် . . . ထုတ်၊ အဲ့လောက်ထည့်လည်း ရတယ်"

ထူးပိုင်မှာ နိုင်ဦးကိုကြည့်ပြီး မတုန်မလှုပ် အိတ်ကပ်ကို လက်ဖြင့်အုပ်ထားဆဲ။ နိုင်ဦး တင်းသွားရကာ . . .



"ဟော့ကောင် . . . ငါတို့က မင်းဆီက ပိုက်ဆံတောင်းတာဟာ အရက်သောက်ပစ်မှာ မဟုတ်ဘူး၊ ဖဲရိုက်ပစ်မှာ မဟုတ်ဘူး၊ ဆရာတွေကို ကန်တော့မှာ။ ဆရာဆိုတာ အနန္တောအနန္တငါးပါးမှာ တစ်ပါးဝင်တယ်။ ကန်တော့ကောင်းတယ်၊ ကောင်မလေးအတွက်ကျတော့ ဟိုဟာဝယ်ပေးရ၊ ဒီဟာဝယ်ပေးရနဲ့။ ဆရာကန်တော့ဖို့ကျတော့ နှမျောနေတယ် . . . ဟုတ်လား"

နိုင်ဦးအသံမှာ အနည်းငယ် ကျယ်သွားသည်ကြောင့် ထူးပိုင် ဟိုဟိုဒီဒီ ကြည့်သည်။ ခုံချင်းနီးသော ကျောင်းသူအချို့က သူတို့နှစ်ဦးအား စိတ်ဝင်စားသလို ကြည့်နေသည်။ ထူးပိုင် ကျောမလုံသလိုဖြင့် နိုင်ဦးအား အသနားခံသလို ကြည့်ပြီး . . .

"အေးပါကွာ . . . ထည့်ဆိုလည်း ထည့်ပါ့မယ်။ အော်တော့ မအော်ပါနဲ့"

အိတ်ထဲမှ ပိုက်ဆံတစ်ထောင်ကို တုန်တုန်ယင်ယင် ထုတ်ပေးသည်။ နိုင်ဦး လွယ်အိတ်တွင်းမှ စာရင်းစာအုပ်ကိုထုတ်ကာ နာမည်နှင့်ပိုက်ဆံကို ရေးမှတ်သည်။ ကျောင်းမှာ သာကြေး၊ နာကြေး ပိုက်ဆံကောက်ရခြင်းသည် လွယ်ကူသော ကိစ္စတစ်ခုတော့မဟုတ်။ ထူးပိုင်လိုကောင်တွေက တစ်ခန်းမှာ ကိုးဆယ်လောက်ရှိသည်။

ပိုက်ဆံမရှိလို့လည်း မဟုတ်၊ မထည့်ချင်လို့လည်းမဟုတ်။ တမင်တကာ (E.C)ကို ကပ်ခြင်း၊ သူတို့ မျက်နှာကျောမတည့်သည့် (E.C)ဆိုလျှင် ပိုဆိုးသည်။ ကိုယ်က (E.C)မဟုတ်သည်ကြောင့် ပိုလို့မလွယ်။

ထိုစဉ်မှာပဲ အခန်းဝမှ အော်သံတစ်ခု ထွက်လာ၏။

"နိုင်ဦး . . . မင်းကို ဆရာဦးသက်ဆွေက သူ့ရုံးခန်း ခေါ်လာခဲ့ပါဦးတဲ့"

အန္တရာယ်အငွေ့သက်လိုလိုကို ခံစားလိုက်ရသည်။ အကြောင်းမရှိဘဲနှင့်တော့ ခေါ်တွေ့မည်မဟုတ်။ တစ်ခုခုတော့ ဖြစ်နေလေပြီ။ စိုး



www.burmeseclassic.com

www.burmeseclassic.com

တထိတ်ထိတ် စိတ်ဓာတ်တွေနဲ့ ဦးသက်ဆွေ ရုံးခန်းရှိရာကို သွားလိုက်တော့ . . .

"ဟာ . . ."

တံခါးဖွင့်ဖွင့်ချင်း မြင်လိုက်ရသော မြင်ကွင်းကြောင့် နိုင်ဦး ခေါင်းနပန်း ကြီးသွားရပါ၏။ ဘယ်လိုတွေ ဖြစ်ကုန်ပြီနည်း။ အခန်း ထဲမှာက သူ့အရင် ကြိုက်ရောက်နှင့်သူနှစ်ဦး။ မျိုးအောင်နှင့် သိန်းဌေး။ တက်လှတော့ မပါပါချေ။ မျိုးအောင်တို့နှစ်ဦးက ဆရာဦးသက်ဆွေရှေ့ တွင် ရပ်နေသည်။ နိုင်ဦး လှုပ်ရှားသွားသောစိတ်ကို အနိုင်နိုင်ထိန်းရင်း သိန်းဌေးဘေးတွင် ဝင်ရပ်တော့ . . .

ဆရာဦးသက်ဆွေက ခြေဆုံးခေါင်းဆုံး ကြည့်ပြီး . . .

"မင်းတို့သုံးယောက်က သူငယ်ချင်းတွေလား"

သူတို့သုံးဦး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ မျိုးအောင်က . . .

"ခင်တော့ ခင်ကြပါတယ်၊ သူငယ်ချင်းအရင်းကြီးတော့ မဟုတ်ပါဘူး"

"ဘယ်မှာနေကြတာလဲ"

"ကျွန်တော်က ကေသရာဇာဆောင်မှာပါ"

"ကျွန်တော်က ဓနုဖြူ"

"ကျွန်တော်က ရွှေဘို"

သူတို့သုံးဦး၏ စကားနှင့် ပြောဟန်ဆိုဟန်ကို သေချာကြည့်ပြီး . . .

"ဒါဆို မင်းတို့သုံးယောက်လုံးက အဆောင်နေကျောင်းသားတွေပေါ့"

"ဟုတ်ပါတယ်"

"ခင်မင်ဖြစ်ခဲ့ပုံလေးကို ပြောပါဦး"



မျိုးအောင်က ဦးဆောင်ဖြေကြားသည်။

"ကျောင်းကအပြန် ဦးပြောင်ကြီးလက်ဖက်ရည်ဆိုင်မှာ ထိုင်ကြရင်းနဲ့ ခင်ဖြစ်သွားတာပါ"

"ဆိုတော့ မင်းတို့သုံးယောက်က အပြင်မှာလည်း ဆုံဖြစ်ကြတယ်ပေါ့"

မေးခွန်းတွေက တစ်ခုချင်းနှင့် တစ်ရစ်ချင်း ချည်လာသည် ထင်မိသည်။ အခုချိန်ထိ သူတို့သုံးဦးအား ခေါ်တွေ့ခြင်းကိစ္စကို အရိပ်အမြွက်မျှ မသိရသေး။ မျိုးအောင် သက်ပြင်းကိုချကာ . . .

"ဟုတ်ပါတယ်"

သည်းမခံနိုင်သော သိန်းဌေးက သွက်သွက်ဝင်မေးသည်။

"ကျွန်တော်တို့ကို ခေါ်တွေ့ရတဲ့အကြောင်းလေးကို သိလို့ရမလား ဆရာ"

သိန်းဌေးထံသို့ ပြင်းထန်သောအကြည့်တစ်ခု ရောက်လာသည်။ ပြီးတော့ ခေါင်းကို တစ်ချက်ညိတ်ရင်း ဆရာဦးသက်ဆွေထံမှ ခပ်ပြတ်ပြတ်စကားတစ်ခု ထွက်လာ၏။

"မင်းတို့ ပိုက်ဆံလိုက်ကောက်နေကြတယ်ဆို"

"ဟုတ်ပါတယ်"

"ဘာအတွက် ကောက်တာလဲ"

"ဆရာတို့ကို ကန်တော့ဖို့ ဆရာကန်တော့ပွဲကြေး လိုက်ကောက်တာပါ"

ဦးသက်ဆွေ မျက်မှောင်ကြုတ်သွားပါ၏။

"ဘယ်သူက ကောက်ခိုင်းတာလဲ"

"ဘယ်သူမှ မကောက်ခိုင်းပါဘူး။ ကျွန်တော်တို့ဘာသာ ဆရာတွေကန်တော့ချင်လို့ သုံးယောက်တိုင်ပင်ပြီး ကောက်ကြတာပါ။ အရှေ့



www.burmeseclassic.com

www.burmeseclassic.com

တိုင်း လိုက်ကောက်တာလည်း မဟုတ်ပါဘူး။ ကိုယ့်မေဂျာမှာပဲ ကိုယ်ကောက်ကြတာပါ"

မျိုးအောင်စကားကို နားထောင်ပြီး ဦးသက်ဆွေ ငြိမ်ကာ စဉ်းစားသွား၏။ အတော်ကြီးကြာအောင် ငြိမ်သွားပြီးကာမှ . . .

"အဲဒီရည်ရွယ်ချက် တစ်ခုတည်းလားကွ။ တခြားရည်ရွယ်ချက်တွေ မပါတော့ဘူးလား"

သုံးယောက်လုံး ခေါင်းယမ်းကာ အဖြေပေးမိသည်။

"မပါပါဘူး"

ဦးသက်ဆွေ မျက်နှာမဲ့သွားကာ . . .

"မင်းတို့ . . . ကြီးလေးကြီးအဖွဲ့ကို ထောက်ပံ့ဖို့ ကောက်နေတာတော့ မဟုတ်ပါဘူးနော်"

မျိုးအောင် မျက်နှာကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းရင်း ပြန်ဖြေလိုက်သည်။

"အဲဒါတော့ လုံးဝမဟုတ်ပါဘူး။ ဆရာတွေ ကန်တော့ဖို့လို့ နာမည်တပ်၊ ပိုက်ဆံကောက်ပြီး တခြားနေရာမှာ သုံးရအောင်ထိ ကျွန်တော်တို့စိတ်ဓာတ်တွေ မနိမ့်ကျပါဘူး"

မျိုးအောင်က လွယ်အိတ်တွင်းမှ မှတ်စုစာအုပ်နှင့် ကောက်ထားသော ပိုက်ဆံတွေကိုထုတ်ပြီး ဦးသက်ဆွေစားပွဲပေါ် တင်ပေးသည်။

"ဒါ ကျွန်တော်ကောက်ထားတဲ့ ပိုက်ဆံတွေပါ။ အလှူငွေထည့်ထားတဲ့ လူစာရင်းလည်း ပါပါတယ်"

သိန်းဌေးနှင့် နိုင်ဦးကလည်း သူတို့ကောက်ထားသော ပိုက်ဆံနှင့် လူစာရင်းများကို မျိုးအောင်နည်းတူ ဆရာဦးသက်ဆွေစားပွဲပေါ် တင်ပေးသည်။ ထို့နောက် မျိုးအောင်က . . .

"ကျွန်တော်တို့ကို သင်္ကာမကင်းဖြစ်ရင် ဒီပိုက်ဆံတွေ သိမ်းထားလို့ရပါတယ် ဆရာ"



ဦးသက်ဆွေ မျက်နှာပျက်သွားရကာ . . .

"မဟုတ်ပါဘူး . . . မဟုတ်ပါဘူး။ ငါ အဲ့လိုသဘောနဲ့ ပြောတာ မဟုတ်ပါဘူး။ မင်းတို့ ကြီးလေးကြီးအဖွဲ့ကို ထောက်ပံ့မိနေမှာစိုးလို့ပါ။

နိုင်ဦး အနည်းငယ်တော့ စိတ်အေးသွား၏။ ဦးသက်ဆွေ သူတို့အား ခေါ်တွေ့ခြင်းသည် 'ကြီးလေးကြီး'အဖွဲ့မှန်း သံသယရှိ၍မဟုတ်၊ 'ကြီးလေးကြီး' အဖွဲ့ကို ငွေထောက်ပံ့မှု ပြု၊ မပြုသာ သံသယရှိနေခြင်း၊ ထို့ကြောင့် . . .

"အဲ့လိုတော့ မဖြစ်နိုင်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ ကြီးလေးကြီးအဖွဲ့ဝင်တွေကို ဘယ်သူတွေမှန်းမှ ကျွန်တော်တို့မသိဘဲဆရာ။ ကျွန်တော်တို့လည်း တစ်ကျောင်းလုံးနည်းတူပဲ 'ကြီးလေးကြီး' အဖွဲ့ဝင်တွေကို သိချင်နေတာပါ"

ဦးသက်ဆွေ သိန်းဌေးအား သေချာကြည့်နေ၏။ ပြီးတော့ . .

"အေးပေါ့ကွာ . . . အဲဒါကတော့ စောင့်ကြည့်ရဦးမှာပေါ့"

ခံထားရပြီးပြီမို့ ဦးသက်ဆွေကလည်း လွယ်လွယ် လက်မခံတော့။

"ဒါပေမဲ့ . . . မင်းတို့ကို တစ်ခုတော့ သတိပေးထားမယ်နော်။ ကြီးလေးကြီးဆိုတာ ငါတို့ကျောင်းရဲ့ ဂုဏ်သိက္ခာကို ချနေတဲ့အဖွဲ့။ ကျောင်းအုပ်ကြီးကိုယ်တိုင် အဲဒီအဖွဲ့ကို တော်တော်ဒေါသထွက်နေတယ်။ အဲတော့ မင်းတို့အသိမိတ်ဆွေတွေထဲမှာ ထောက်ပံ့ဖို့ လုပ်နေတဲ့လူတွေရှိရင်လည်း ပြောထား။ မိလို့ကတော့ လုံးဝမလွယ်ဘူး"

"ဟုတ်ကဲ့"

သုံးဦးသား ပြိုင်တူ ခေါင်းညိတ်မိကြပါသည်။ အသည်းသော်လည်း တုန်လှုပ်သွားသည်။

www.burmeseclassic.com

မကြာလိုက်။ သူတို့သုံးဦး အခန်းတွင်းမှ ခပ်တည်တည် ထွက်ခဲ့ကြပါ၏။ စင်္ကြံကိုဖြတ်၍ လှေခါးမှ ဆင်းစဉ်မှာပဲ . . .

"ကလင် . . . ကလင် . . . ကလင် . . ."

မျိုးအောင် လွယ်အိတ်တွင်းမှဖုန်းမှာ ထမြည်လာသည်။ ပထမတော့ သုံးဦးသားအနည်းငယ် ကြောင်အမ်းသွားကြ၏။ ပြီးမှ သတိရကာ ဖုန်းကိုထုတ်ပြီး အလျင်စလို ပိတ်သည်။ ထို့နောက်တော့ သူတို့တွေ ကျောင်းခန်းနဲ့ဝေးသော အရပ်တစ်ခုဆီ ထွက်ခဲ့ကြပါသည်။

လူရှင်းသောနေရာရောက်မှ မျိုးအောင် ဖုန်းပြန်ခေါ်သည်။ ခဏချင်းပင် ဖုန်းမှာ ဝင်သွား၏။ သို့သော် ထူးသံမကြားရ။ စိတ်မရှည်နိုင်စွာ မျိုးအောင် လှမ်းခေါ်လိုက်သည်။

"ဟော့လို . . ."

သူ့အသံ ကြားတော့မှ . . .

"မျိုးအောင်လား"

"ဟုတ်တယ်"

"ဘယ်လိုလဲ . . . ညက ပိုက်ဆံရလား။ မင်းတို့ပို့ခိုင်းတဲ့ နေရာကို ပို့ပေးလိုက်တယ်"

"ရတယ်"

"ဒါဆို နောက်စာအုပ်အတွက် မင်းတို့ လုံးပန်းနေကြပြီပေါ့"

"အင်း . . . ဒါပေမဲ့ ကျွန်တော်တို့ အရင်လောက် လုပ်နိုင်မှာ မဟုတ်တော့ဘူး"

"ဘာဖြစ်လို့လဲ"

"ကျောင်းမှာ ကျွန်တော်တို့ ပြဿနာတက်နေတယ်"

"ဟေ . . ."

ဖြစ်ပျက်သမျှ အလုံးစုံအား မျိုးအောင်စိတ်ရှည်ရှည်ထားကာ ရှင်းပြလိုက်ပါသည်။ ထို့နောက် . . .



"အရင်ကလည်း အခန်းထဲမှာ သာရေး၊ နာရေးကိစ္စတွေ ပိုက်ဆံကောက်နေကြတာပဲ။ အခုလိုမျိုး မဖြစ်ပါဘူး။ ကျွန်တော်တို့ကောက်မှပဲ ဖြစ်တယ်ဆိုတော့ စဉ်းစားလို့တောင် မရဘူး"

စကားဆုံးတော့ တစ်ဖက်မှ ခြောက်ကပ်ကပ်ရယ်ကာ . . .

"သူတို့စောင့်ကြည့်တဲ့ ကာလမှာမှ မင်းတို့က ပိုက်ဆံသွားကောက်တာကိုးကွ၊ ဖြစ်မှာပေါ့ . . ."

"ဘယ်လို . . ."

"မင်းတို့စာအုပ် ပြန်ကောင်းလာတာနဲ့ ပတ်သက်ပြီး ရန်ပုံငွေရှာတဲ့လူတွေကို သူတို့ စိတ်ဝင်စားနေကြတယ်ကွ။ အဲဒီအချိန်မှာ မင်းတို့အဖွဲ့က ပိုက်ဆံသွားကောက်တော့ ခေါ်တွေ့ပြီပေါ့"

ထိုစဉ်မှာ သိန်းဌေးက မျိုးအောင် လက်တွင်းမှဖုန်းကို ဆတ်ခနဲဆွဲယူကာ ထင်မှတ်မထားသောစကားကို ဆိုလိုက်သည်။

"ဟော့လို . . . ခင်ဗျားကို ကျွန်တော် မယုံတော့ဘူး"

သိန်းဌေးစကားကြောင့် အံ့သြသွားတာလား၊ နားလည်ရ ခက်သွားတာလား မသိ။ တစ်ဖက်မှ အသံထွက်မလာ။

"ခင်ဗျားက ကျောင်းကကိစ္စတွေနဲ့ ပတ်သက်ပြီး တော်တော်များများကို သိနေပါလား။ ခင်ဗျား ဘယ်သူလဲ။ အဲဒါတွေ ဘယ်လိုလုပ် သိနေတာလဲ"

"ဘာတွေသိတာလဲ"

"**တစ်အချက်** – ခင်ဗျား ကျွန်တော်တို့လေးယောက်လုံးကို သိနေတယ်။ ကျွန်တော်တို့ ဘယ်မှာနေတယ်၊ ဘာလုပ်တယ်ဆိုတာက အစ၊ **နှစ်အချက်** – ကျွန်တော်တို့နဲ့အပြိုင် ကဗျာစာအုပ် နောက်တစ်အုပ်ထွက်လာမယ် ပြောတယ်။ တကယ်ပဲ ထွက်လာတယ်။ အခု **သုံးအချက်** – ဆရာတွေ ဘာကိုစောင့်ကြည့်နေတယ်ဆိုတာကအစ ခင်ဗျား သိနေတယ်။ အဲတော့ ခင်ဗျားဟာ အရမ်းသတိထားရမယ့် လူတစ်ယောက် ဖြစ်သွားပြီ။ ခင်ဗျားကို ကျွန်တော် မယုံတော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com

နိုင်ဦးကပါ ထောက်ခံသလို ခေါင်းညိတ်၏။

"ခင်ဗျား ဘာသဘောနဲ့ ကျွန်တော်တို့ကို ကူညီနေတာလဲ"

"ပြောပြီးပါပြီကော . . . မင်းတို့ လုပ်ရပ်တွေကို သဘောကျလို့ ကူညီတာ"

"ဒါဖြင့် Double Three က ဘယ်သူတွေထုတ်တဲ့ စာအုပ်လဲ။ သူတို့က ဘယ်သူတွေလဲ။ ခင်ဗျား ဒီလောက်သိနေရင် သူတို့ ဘယ်သူတွေလဲဆိုတာ သိရမယ်"

"အဲဒါတော့ ငါ မသိဘူး"

"မဖြစ်နိုင်ဘူး"

"ငါ တကယ်မသိတာ"

"ခင်ဗျား လိမ်နေတာ"

ထိုစကားနောက်မှာတော့ တစ်ဖက်လူစကားများ မာထန်ကာသွားပါ၏။

"ဒီမှာ . . . ဟောကောင်၊ အခုချိန်ထိ မင်းတို့အဖွဲ့အပေါ် ငါ မလိမ်ဖူးဘူး။ ငါကြားသိသမျှကို အမှန်အတိုင်း ပြောပြတယ်။ စေတနာသန့်သန့်နဲ့ ကူညီတယ်။ မင်းတို့လုပ်ရပ်တွေကို သဘောကျလို့၊ အားပေးလို့ အခုလို ကူညီပေးနေတာ။ ဘယ်သူ့မှ တာဝန်မပေးပေမဲ့ ငါထမ်းရမယ့် တာဝန်တစ်ရပ်အနေနဲ့ တစ်တပ်တစ်အား ပါဝင်ပေးနေတာ။ ငါ့မှာ မင်းတို့အဖွဲ့ကို ဒုက္ခရောက်စေချင်တဲ့ ဆန္ဒလုံးဝမရှိဘူး"

ဒီတစ်ခါတော့ သိန်းဋ္ဌေးလက်တွင်းမှ ဖုန်းကို နိုင်ဦးက ဆွဲယူသည်။

"စေတနာသန့်သန့် . . . ဟုတ်လား၊ တစ်တပ်တစ်အား ပါဝင်တယ် . . . ဟုတ်လား။ ဒါဆို ဘာလို့ နောက်ကွယ်မှာ နေတာလဲဗျ။ ကျွန်တော်တို့လို ရှေ့ထွက်ပါလား။ ကျွန်တော်တို့က ရှေ့ထွက်ပြီး တိုက်နေတယ်။ ခင်ဗျားကတော့ နောက်ကွယ်မှာနေတယ်။ အခုချိန်ထိလည်း ခင်ဗျားဘယ်သူဆိုတာ ကျွန်တော်တို့မသိရသေးဘူး။ ဒီလိုလူတစ်ယောက်ကို ကျွန်တော်တို့က ဘယ်လိုယုံရမှာလဲ"

တစ်ခါမှဝင်မပြောသော နိုင်ဦးပင် ပေါက်ကွဲကုန်လေပြီ။ နိုင်ဦးပြောစကားများမှာ ဟုတ်နေသည်မို့ တစ်ဖက်မှ အသံထွက်မလာတော့။ နိုင်ဦး အံကိုကြိတ်ကာ မျိုးအောင်ကို လှမ်းကြည့်သည်။ ပြီးတော့ . . . သိန်းဋ္ဌေးကို ကြည့်သည်။ နိုင်ဦး ဘာလုပ်မည်မှန်း နားလည်သလို သိန်းဋ္ဌေးက ခေါင်းညိတ်ပြ၏။

ထိုအခါမှာတော့ . . .

"အခုအချိန်ကစပြီး ခင်ဗျားအကူအညီကို ကျွန်တော်တို့ မယူတော့ဘူး။ ဒါ ကျွန်တော်တို့တစ်ဖွဲ့လုံးရဲ့ သဘောထားပဲ"

သိန်းဋ္ဌေးကတော့ ထူးထူးခြားခြား ကျေးဇူးတင်စကားဆိုသည်။

"ကျွန်တော်တို့ လမ်းမှန်ပေါ်ရောက်အောင်ပြောပေးတဲ့ စကားတစ်ခွန်းအတွက်တော့ ကျေးဇူးတင်ပါတယ်"

ထို့နောက် ဖုန်းကို မျိုးအောင်ထံ ပစ်ပေးလိုက်ပါသည်။ ဖုန်းကိုကိုင်ပြီး မျိုးအောင် ခဏတာ ငြိမ်သက်သွား၏။ ထို့နောက် . . .

"အခုချိန်ကစပြီး ကေသရာဇာ အမျိုးသားဆောင်မှာ ကျွန်တော်ရှိနေပါတယ်။ ဟောဒီ ခင်ဗျားဖုန်းကို အချိန်မရွေး လာယူနိုင်တယ်"

ဖုန်းချမည် ပြင်စဉ်မှာပဲ ထင်မှတ်မထားသော စကားတစ်ခွန်းက . . .

"မင်းတို့ မနက်ဖြန်အားလား"

"ဘာလုပ်ဖို့လဲ"

"ငါနဲ့ လာတွေ့ဖို့"





www.burmeseclassic.com

www.burmeseclassic.com

# XXVII

ဆိတ်ငြိမ်ရပ်ကွက်တစ်ခုပေမို့ မြင်တွေ့ရသမျှက သူတို့အတွက် သူစိမ်းဆန်ကာနေသည်။ တိုက်တာအဆောက်အဦကြီးများ၊ ခြံဝန်းကျယ်ကြီးများက လူတန်းစားတစ်ခု၏ ပြယုဂ်ကို ကောင်းစွာ ဖော်ပြပေးထားပါ၏။ ဖုန်းထဲမှပုဂ္ဂိုလ်က သူတို့အား ဤအိမ်ရာထဲသို့ ချိန်းလိုက်ခြင်းဖြစ်သည်။

အိမ်နံပါတ် (၄၅)

ခြံဝန်းတိုင်း၏ မျက်နှာစာတွင် ချိတ်ဆွဲထားသော ကြေးပြားနံပါတ်လေးများကို ကြည့်ရင်း သူတို့လေးဦး လျှောက်လာကြသည်။ သိပ်အကြာကြီး မလျှောက်လိုက်ရပါချေ။ နဝင်းပြည့်သော အိမ်နံပါတ်တစ်ခုက ထင်ရှားစွာ ရှိနေသည်။ ခြံရှေ့တွင်ရပ်တော့ . . .

"ဟော . . . ရောက်လာကြပြီလား၊ ခင်ဗျားတို့ ရောက်လာမယ်ဆိုလို့ တံခါးဖွင့်ပေးရအောင် စောင့်နေတာဗျ။ လာ . . . လာ . . . အထဲဝင်"

အစောင့်ဟု ထင်ရသူက တရင်းတနှီးပင် ပြောဆိုနှုတ်ဆက်ရင်း သူတို့ကို တံခါးဖွင့်ပေးသည်။ ခြံဝန်းကျယ်ကြီးတစ်ခုဖြစ်၏။ အိမ်ဖြူဖြူကြီးက ဝန်းခြံတံခါးနှင့် ခပ်လှမ်းလှမ်းတွင်ရှိနေသည်။



အစောင့်က တံခါးကိုပြန်ပိတ်ရင်း သူတို့ကို အိမ်ကြီးဆီ ဦးဆောင်ခေါ်သွားပါသည်။ အဝရောက်တော့ ဖိနပ်ချွတ်ကာ အတွင်းဝင်ကြသည်။ အတွင်းရောက်မှ အိမ်ကြီး၏ခမ်းနားမှုကို မျက်ဝါးထင်ထင် မြင်တွေ့လိုက်ရတော့၏။ ဧည့်ခန်းနံရံအနှံ့ ချိတ်ဆွဲထားသော တန်ဖိုးကြီး ပန်းချီကားများ၊ စားပွဲပေါ်မှ ကျောက်စိမ်းပန်းအိုး၊ ကျွန်းရောင်တလက်လက်ထနေသည့် ဆက်တီခုံကြီးများ။

စတာတွေကြည့်ပြီး အကြောက်အလန့်မရှိသော သူတို့တွေဝင် အနည်းငယ် ရှိန်သွားရသည်။

"ထိုင်ကြပါဦး . . . ခင်ဗျ၊ ကျွန်တော် ဆရာကြီးကို သွားအကြောင်း ကြားပေးပါ့မယ်"

သူတို့ကို ထိုင်ခိုင်းပြီး အစောင့်မှာ ဧည့်ခန်းတွင်းမှ ထွက်သွားသည်။ တိတ်ဆိတ်ငြိမ်သက်ကာနေသော အိမ်ကြီး၏အငွေ့အသက်ကို ခံစားကာ သူတို့တွေ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်မိကြ၏။ ထိုစဉ်မှာပဲ တက်လူက သူနှင့် မျက်နှာချင်းဆိုင်အရပ်ဆီကို လက်ညှိုးထိုးပြပြီး . . .

"ဟာ . . . ဟောကောင်တွေ . . . ဟိုမှာ . . ."

တက်လူ၏ အထိတ်တလန့်ပုံစံကြောင့် ညွှန်ပြရာဆီ သုံးဦးသားလှည့်ကြည့်မိစဉ် . . .

"ဟာ . . ."

ထင်မှတ်မထားသော ဓာတ်ပုံတစ်ပုံ။ ထိုဓာတ်ပုံက လေးယောက်လုံးအား ပါးစပ်ဟောင်းလောင်း ပွင့်သွားစေပါတော့သည်။ ထိုခဏ၌ . . .

"အံ့သြသွားကြတာလား"

နောက်ဖက်မှ ထွက်ပေါ်လာသောအသံ၊ အားလုံး၏ ဦးခေါင်းများ အသံကြားရာဆီ အထိတ်တလန့် လှည့်သွားမိကြစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဆရာ"

ဝုန်းခနဲ ပြိုင်တူ ထရပ်မိလိုက်ကြသည်။ လုံးဝ ထင်မှတ်မထားသော လူတစ်ဦး။ သူက ဆရာ ဦးကိုကိုနိုင်။ ဦးကိုကိုနိုင်က သူတို့လေးဦးအား ပြုံးလျက် ခါးထောက်ရပ်ကြည့်နေသည်။

"ဆရာ . . . ဆရာက ဘယ်လိုလုပ် . . ."

သိန်းဌေး၏စကား မဆုံးလိုက်။ ဆရာက ကြည်လင်စွာပြုံးရင်း သူတို့အလယ်မှဖြတ်ကာ ထိပ်ဆုံးစားပွဲတွင် ဝင်ထိုင်သည်။ မျိုးအောင်တို့လေးဦးမှာတော့ အာဆေးမိသွားသလို ဆရာ့လှုပ်ရှားပုံများကို အကြောင်သား ငေးသွားကြ၏။ ကြောင်အနေသော သူတို့အား ဆရာက ပြုံးစေ့စေ့ကြည့်ရင်း . . .

"ဘယ်လိုလဲကွ . . . ငါ့ကို ဖုန်းပြန်လာပေးတာတော မဟုတ်ဘူးမလား"

ဆရာ့စကားကြောင့် အားလုံးမှာ မျက်လုံးအပြူးသား။

"ဒါဆို ဖုန်းထဲက . . . "

"ငါပေါ့ကွာ"

ပြီးလေပြီ။ ဘာပြောလို့ ပြောရမှန်းပင် မသိတော့။ ဘယ်လိုနားလည်ရမှန်းလည်း မစဉ်းစားတတ်တော့။ ကြောင်တောင်ရပ်ကြည့်နေရာမှ အရင်ဆုံး သတိဝင်လာသူက မျိုးအောင်။

"ဟာ . . . တောင်းပန်ပါတယ် ဆရာ။ ဆရာမှန်းမသိလို့ ပြောမိတာပါ။ ကျွန်တော်တို့ ပြောဆိုမိတာတွေအတွက် တောင်းပန်ပါတယ်"

"ဟုတ်ပါတယ် . . . ဆရာ၊ ကျွန်တော်လည်း တောင်းပန်ပါတယ်"

မတ်တတ်ရပ်နေရာမှ လက်အုပ်ချီကာ ဒူးထောက်ထိုင်ချမည်ပြုတော့ . . .



"ရပါတယ်ကွာ၊ မသိလို့ ပြောမိတာပဲ ခွင့်လွှတ်ပါတယ်"

ထိုင်ရာကထပြီး ဒူးထောက်ထိုင်ရန် ပြင်နေသော သူတို့ကို မတ်တတ်ရပ်စေသည်။

"ခုံမှာထိုင်ကြ . . . ခုံမှာထိုင်ကြ။ ရတယ် . . . ဆရာ ခွင့်လွှတ်တယ်"

ခွင့်လွှတ်တယ်ဆိုသော်လည်း သူတို့ မဝံ့ရဲတော့ပါပေ။ ငရဲအိုးကိုတော့ ဇောက်ထိုးမြင်ရချေပြီ။ ဒီလို ဆရာတစ်ယောက်ကို ပြစ်မှားမိသော အပြစ်သည်ကား . . .

လေးယောက်သား ခုံတွင် မရဲတရဲ ဝင်ထိုင်ပြီးတော့ . . .

"ဘယ်လိုလဲ . . . ငါ ရှေ့ထွက်လို့မရတဲ့အကြောင်းကို သိကြပြီလား"

မျိုးအောင် ခေါင်းငုံ့မိလိုက်၏။ ပြောထားမိသူ နိုင်ဦးနှင့်သိန်းဌေးမှာလည်း မျက်နှာ ဘယ်နားထားရမှန်းမသိ။

"အခုရော . . . ငါ့ကို ယုံပြီလား"

ခေါင်းလည်း မညိတ်၊ ခေါင်းလည်း မခါမိကြပါ။ သူတို့ကို နောက်ကွယ်မှ ထောက်ပံ့သူသည် ဦးကိုကိုနိုင်ဖြစ်သည်ဟူသော အချက်က စဉ်းစားလို့မရသောအကြောင်းတစ်ခု ဖြစ်နေသည်မဟုတ်ပါလား။

"မင်းတို့ သံသယဖြစ်လည်း ဖြစ်ချင်စရာပါပဲ။ Double Three မှာ ဘယ်သူတွေပါလဲ ငါတကယ်ကိုမသိတာ။ သူတို့အဖွဲ့ခေါင်းဆောင်က ဘယ်သူလဲ၊ သူတို့ ဘယ်သူ့လက်အောက်မှာ ရှိနေလဲ၊ ဘယ်သူ့စေခိုင်းမှုနဲ့ လှုပ်ရှားနေကြတာလဲ စုံစမ်းလို့မရဘူး"

တည်ကြည်သောမျက်နှာနှင့် ဖြေဆိုမှုကို အခုတော့ သူတို့ယုံရလေပြီ။ ထိန်ချန်ထားခြင်း မဖြစ်နိုင်တော့။ ဒါပေမဲ့ ကြာကြာသည်းခံတတ်သော သိန်းဌေးက နားမလည်တာတစ်ခုကို ဝင်မေးသည်။



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ . . . ကျောင်းကဆရာတစ်ယောက်အနေနဲ့ ကျွန်တော်တို့ကို ကူညီတာကိုတော့ နားမလည်နိုင်ဘူးဖြစ်နေတယ် ဆရာ"

"အဲဒါက ရှင်းရှင်းလေးပါကွာ။ ငါကိုယ်တိုင် ဒီစနစ်ထဲမှာ ကျင်လည်နေရပေမဲ့ ဒီစနစ်ကြီးကို သဘောမကျဘူး။ ဒါပဲ . . ."

ဆရာ့ကို ဝိုင်းကြည့်မိကြ၏။ ရှင်းလေပြီ။ ဒီထက်ရှင်းသော စကားမရှိတော့။

"အဲဒီအချိန်မှာ မင်းတို့အဖွဲ့ပေါ်လာတယ်။ မင်းတို့စာအုပ်ထဲက ကဗျာတော်တော်များများကို ငါသဘောကျတယ်။ အဲဒါကြောင့် ငါလုပ်ပေးရမယ့်တာဝန်တစ်ရပ်လို့ သဘောထားပြီး ငါတတ်နိုင်တဲ့ဘက်က ကူညီပေးတာ"

တစ်ချိန်လုံး ငြိမ်နေသော တက်လူက . . .

"ကျွန်တော်တို့ကတော့ အရင်ကထက် ဆရာ့ကို ပိုလေးစားသွားပြီ"

"ငါ့ကိုမှ မဟုတ်ပါဘူး၊ ဆရာတွေအကုန်လုံးကို လေးစားရမှာပါ။ ဒီစနစ်ဆိုးကြောင့် တချို့တွေရဲ့ အပေါ်ယံစိတ်ဓာတ် အဆောက်အအုံတွေ ပွန်းပဲ့ခဲ့ရပေမဲ့ ဟိုအတွင်းဘက် နက်နက်ထဲမှာတော့ တကယ်ပြည့်ဝတဲ့ စေတနာ၊ မေတ္တာနဲ့ စိတ်ဓာတ်တွေ ရှိနေပါတယ်။ ဒါဟာ သူတို့အပြစ် မဟုတ်ပါဘူး။ ဒီစနစ်ရဲ့ အပြစ်ပါ"

မျိုးအောင်က သွက်သွက်ဝင်ရှင်းသည်။

"ကျွန်တော်တို့ နားလည်ပါတယ် . . . ဆရာ၊ အဓိကက ဘယ်အရာလဲ ကျွန်တော်တို့ သဘောပေါက်ပါတယ်။ ဆရာတွေကို ဆန့်ကျင်လိုတဲ့ဆန္ဒလည်း ကျွန်တော်တို့မှာ မရှိပါဘူး။ အဲဒီအတွက်လည်း စဉ်းစားထားတာ ရှိပါတယ်"

ဦးကိုကိုနိုင် ခေါင်းညိတ်ပါ၏။ ပြီးမှ တစ်စုံတစ်ခုကို သတိရသွားသလို . . .



"အဲလိုဆို . . . မင်းတို့က စောင့်ကြည့်စာရင်းထဲ ပါသွားပြီပေါ့"

"ကျွန်တော်တို့ သုံးယောက်ပါ"

မျိုးအောင်က နိုင်ဦးနှင့် သိန်းဌေးကိုပါ ညွှန်ပြရင်း ဆိုသည်။ ဦးကိုကိုနိုင် သက်ပြင်းချပါ၏။

"အချိန်က သိပ်မကျန်တော့ဘူး၊ အစကတော့ မင်းတို့နဲ့ မျှော်ထားဦးမလို့ပဲ။ အခု မင်းတို့က စောင့်ကြည့်စာရင်းထဲ ပါသွားပြီဆိုတော့ အရင်လောက် လှုပ်ရှားလို့လွယ်မှာ မဟုတ်တော့ဘူး"

"ဟုတ်တယ် . . . ဆရာ၊ ကျွန်တော်တို့လည်း အဲဒါပဲ စဉ်းစားနေတာ"

"မပူပါနဲ့။ အဲဒီအတွက် ငါလုပ်ထားတာတွေ ရှိပါတယ်။ လာမယ့် တနင်္လာနေ့ဆိုရင်ပဲ အကောင်ထည်ပေါ်ပါပြီ"

"ဘာလဲ . . . ဆရာ"

"ငါတို့ကျောင်းကြီးအတွက် ကြီးမားသော အပြောင်းအလဲတစ်ခုပေါ့"

ဘာမှန်း မသိကြ။ ပြောစကားနှင့် ဟန်ပန်အရတော့ ကြီးကြီးမားမားတစ်ခုခုဆိုတာ သေချာ၏။ မေးလို့မကောင်းသည်ကြောင့် သူတို့ဆက်မမေးဖြစ်ကြ။

ထို့နောက်တော့ ရောက်တတ်ရာရာစကားများကို ဆရာနှင့်သူတို့လေးဦး ပြောဆိုဖြစ်ကြပါသည်။ ပြန်ခါနီးတွင် နားမလည်သေးသော အရာတစ်ခုကို သိန်းဌေးက မေးပြန်သည်။ သိန်းဌေးမေးသည်ဆိုသော်လည်း သူတို့လေးဦးလုံး သိချင်နေသော အဖြေတစ်ခုပါပင်။

"ကျွန်တော်သိချင်တာ တစ်ခုရှိနေသေးပါတယ် . . . ဆရာ၊ အပန်းမကြီးရင် ဖြေပေးပါလား"

"ဘာလဲကွ"

"ကြီးလေးကြီးအဖွဲ့က ကျွန်တော်တို့လေးယောက်မှန်း ဆရာ ဘယ်လိုလုပ် သိနေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

မေးခွန်းအား သဘောကျသလို ပြုံးပါ၏။ ပြီးတော့မှ တစ်ခွန်းချင်း ဖြေသည်။

"မင်းတို့ ညနေတိုင်း ထိုင်နေတဲ့ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ပြောင်ကြီးက ငါ့သူငယ်ချင်း အရင်းကြီးပေါ့ကွ။ နောက်တစ်ခါ သတိထားကြ၊ အရေးကြီးစကားတွေ လက်ဖက်ရည်ဆိုင်မှာ မပြောမိစေနဲ့"

"ဩော် . . . "

• • •

ထိုနေ့က ပျော်ခဲ့သောအပျော်များမှာ နောက်တစ်နေ့ထိပင် ကုန်မသွားခဲ့။ စနေ၊ တနင်္ဂနွေမို့ ကျောင်းလည်း တက်စရာမရှိ။ ဒီတော့ အဆောင်မှာသာ ထိုနှစ်ရက်ကို ကုန်လွန်ရင်း လာမယ့်ကျောင်းဖွင့်ရက်အတွက် ရင်ခုန်နေမိသည်။

သူတို့အလုပ်သည်လည်း မပျက်ခဲ့ပါ။ 'ကြီးလေးကြီး' No.7 အတွက် အဆင်သင့် ဖြစ်နေပါပြီ။ ညနေတွင် အပ်ထားသောစာအုပ်များကို ဆိုင်မှယူ၍ ဆုံနေကျနေရာကို ပို့ပေးရမည်။ အင်္ဂါနေ့အတွက် ကျောင်းထဲသွင်းဖို့ကိစ္စမှာ အစီအစဉ်ပြောင်းထားသည်မို့ စာအုပ် စောစောရထားမှ အဆင်ပြေပါမည်။

ဆုံနေကျနေရာသို့ စာအုပ်ပို့ပေးရမည့်တာဝန်ကို ယူထားသူက မျိုးအောင်။ တနင်္ဂနွေနေ့ညနေတွင် မျိုးအောင် ထိုတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့၏။

ဒါပေမဲ့ အဆောင်ပြန်ရာလမ်း၌ . . .

ထင်မှတ်မထားသော မြင်ကွင်းတစ်ခုကို မျိုးအောင် တအံ့တသြ မြင်တွေ့လိုက်ရလေသည်။



# XXVIII

မိုးလင်းပြီးကာစပင် ရှိသေးသည်မို့ ရပ်ကွက်လေးတစ်ခုက ရှင်းလင်းလျက် ရှိနေပါ၏။ မြေပြောင်ပြောင်လမ်းပေါ်၌ ချစ်သူနှစ်ဦး တစ်ယောက်လက်တစ်ယောက်တွဲကာ လျှောက်နေကြသည်။ မနက်စောစောလမ်းလျှောက်ထွက်ခြင်းတော့မဟုတ်။ တစ်နေရာကို ဦးတည်သွားနေကြခြင်း။

ဒီနေ့သည် ကျောင်းဖွင့်ရက် တနင်္လာနေ့၊ ချစ်သူလက်ကို ကိုင်၍ လျှောက်နေသော ခရီးလမ်းက အရင်လိုမဟုတ်ဘဲ အားအင်တွေ ပြည့်ကာနေသည်။ အရင်က ဒီလမ်းပေါ် ညအချိန်တွေသာ လျှောက်ဖူးခဲ့သည်။ အခုတော့ . . .

"မေဖြူတို့ . . . ဘယ်သွားနေကြတာလဲ ဟင်၊ ဒါက ဘယ်နေရာလဲ"

လမ်းဘေးဝဲယာကို ကြည့်ရင်း မေးလာသော ချစ်သူ့မျက်နှာလေးအား တစိုက်မတ်မတ် ကြည့်မိ၏။ ဒီနေ့မနက်တွင်မှ ထူးခြားခြား



www.burmeseclassic.com

www.burmeseclassic.com

လှလို့နေပါသည်။ သနပ်ခါးရေပါးနှင့် လက်နှစ်ဆစ်စာ ပါးကွက်လေးက ဖြူလွလွအသားအရေပေါ်မှာ ဝါဝင်းကာနေသည်။ ဆံပင်ရှည်ကို ကျစ်ဆံမြီးကျစ်ကာ တစ်ချောင်းတည်း နောက်မှာချထား၏။ အစိမ်းခံပေါ်တွင် အဖြူနှင့် ငွေရောင်ပန်းပွင့်လေးတွေပါသော ဝတ်စုံကိုဝတ်ကာ ပုံစံက နန်းဆန်နေသယောင်။

ကျောင်းတန်းသွားရမည်မို့ အမွေးပွလွယ်အိတ်လေးကိုပါ လွယ်ထားသေး၏။ ချစ်သူရဲ့ အမေးစကားကို သိန်းငွေး စိတ်ရှည်လက်ရှည် ရှင်းပြဖြစ်သည်။ ယခုရောက်နေသော အရပ်သည် တက္ကသိုလ်ဆောင်များ နောက်ဖက်ခြမ်းရှိ ရပ်ကွက်ငယ်တစ်ခုဖြစ်ကြောင်း၊ သူတို့သွားနေတာသည် ရပ်ကွက်စွန်းမှ အိမ်တစ်လုံးဆီသို့ဖြစ်ကြောင်း ပြောပြတော့ -

"ကိုတို့သူငယ်ချင်းတွေ ချိန်းထားတာ အဲဒီအိမ်မှာလား"

"ဟုတ်တယ်လေ"

မေဖြူဖြူက လျှောက်လာခဲ့ရာ လမ်းလေးကို နောက်ပြန်လှည့်ကြည့်ရင်း . . .

"ဒါ ဘာလမ်းလဲ ဟင်"

"နှင်းဆီလမ်း"

"အဝေးကြီးပဲနော်"

"သိပ်မဝေးတော့ပါဘူး။ ရှေ့လမ်းချိုးဆို ရောက်ပါပြီ"

မေဖြူဖြူက ကိုင်ထားသော သူ့လက်ကို အနည်းငယ် ဖျစ်ညှစ်၍ . . .

"ဒါဖြင့် ကိုနိုင်ဦးနဲ့ တွေ့ရဦးမှာပေါ့နော်"

ပြုးဝင့်ဝင့်ကြည့်ကာ ခေါင်းညိတ်ပြတော့ . . .

"အားနာစရာကြီး . . ."

"ရပါတယ်၊ ဘာမှမဖြစ်ပါဘူး။ ဒီကောင်က အေးအေးပါ"

နှုတ်ခမ်းချင်း ဖိကိုက်လိုက်သည်ကို မြင်ရ၏။

"ကိုနိုင်ဦးရယ် . . . ပြီးတော့ ဘယ်သူတွေ ပါသေးလဲ"

"မျိုးအောင်ရယ်၊ တက်လူရယ်၊ နိုင်ဦးရယ်ပါပဲ။ စိတ်ချပါနဲ့ မေဖြူ အစဉ်ပြေမှာပါ။ ကိုယ်တို့တစ်ဖွဲ့လုံးက မေဖြူကို လက်ခံပြီးသားပဲ ဥစ္စာ"

အားပေးစကားဆိုသော်လည်း မေဖြူဖြူမျက်နှာမှာ ကြောက်ရွံ့ဟန်များ အနည်းငယ် စွန်းထင်းနေပါ၏။ မြေလမ်းအတိုင်း သွားနေရာမှ ကျောက်ခဲခင်းထားသော လမ်းချိုးလေးသို့ ကွေ့ဝင်တော့ (လမ်းသွယ် -၅)ဟု ရေးထားသော ဆိုင်းဘုတ်လေးကို မြင်ရပါသည်။

လမ်းသွယ်လေးထဲမှာတော့ အိမ်လေးတွေက သီးသန့်ဆန်ကာနေသည်။ နှစ်ဦးသား လျှောက်လာကြရင်း ဘက်ဘက်ခြမ်းမှ တိုက်အိမ်လေးတစ်လုံးရှေ့ကို ရောက်တော့ . . .

"ဒီအိမ်ပဲ"

ခြံတံခါးမှာ ဖွင့်ထား၏။ အတွင်းမှာကား ဆေးရောင်ပြယ်လွင့်နေသော တိုက်ပုလေးတစ်လုံး ရှိနေသည်။ ချုံနွယ်ပိတ်ပေါင်းများ တရစ်ရစ် နွယ်တက်နေကာ ပုံစံက လူမနေသော အိမ်ဟောင်းတစ်လုံးလိုမျိုး။

"ဒီအိမ်က . . ."

"ဒါ တက်လူရဲ့ သောက်ဖော်သောက်ဖက်ကြီး ကိုဘိုစွန်ရဲ့အိမ်။ သူ့အိမ်မှာ ကိုယ်တို့က စခန်းချထားတာ"

ရယ်ကျဲကျဲဆိုရင်း ဖွင့်ထားသော ခြံတံခါးမှ အတွင်းဝင်လိုက်သည်။ အိမ်တံခါးမှာ စေ့ရုံစေ့ထားသည်မို့ . . .

"ဟိုကောင်တွေ . . . ရောက်နေကြပြီလား မသိဘူး"

သိန်းငွေး တံခါးကိုတွန်းကာ အတွင်းဝင်လိုက်ပါသည်။ မေဖြူဖြူမှာလည်း သူဆွဲခေါ်ရာနောက် တုံ့နှေးနှေးပါလာ၏။ အထဲမှာက

www.burmeseclassic.com

www.burmeseclassic.com

ခုံတစ်လုံးတွင် ထိုင်ငိုက်နေသော နိုင်ဦးတစ်ယောက်သာ ရှိနေသည်။ ကျန်လူများကို မတွေ့ရ။

"ဟော့ကောင် . . . ရောက်နေတာ ကြာပြီလား"

"မကြာသေးဘူး"

မေဖြူဖြူ ပါလာသည်ကိုမြင်တော့ လျှော့ရဲရဲ ထိုင်နေရာမှ ပုံစံပြောင်းထိုင်သည်။ သိန်းဌေး နီးစပ်ရာ ထိုင်ခုံတစ်လုံး၌ မေဖြူဖြူကို ထိုင်စေကာ . . .

"ဟိုနှစ်ယောက် မရောက်သေးဘူးပေါ့"

"တက်လူတော့ ရှိတယ်။ ညက ဒီကောင် အဆောင်ပြန်မအိပ်ဘူး ထင်တာပဲ။ မျိုးအောင်တော့ မရောက်သေးဘူး"

နိုင်ဦးကတော့ အေးဆေးပါပင်။ မေဖြူဖြူနှင့်ပတ်သက်ပြီး ဘာမှ ခေါင်းထဲမရှိတော့သလိုမျိုး ပုံမှန်ပင် ပြောဆိုလျက်ရှိသည်။ မေဖြူဖြူမှာသာ မနေတတ်၊ မထိုင်တတ်ဖြစ်ပြီး ခေါင်းငုံ့ထားပါ၏။ ထိုအခြေအနေကို သိန်းဌေးက သဘောပေါက်စွာ . . .

"စာအုပ်ရောက်နေပြီလား"

"ရောက်နေပြီ။ ဟိုဖက်ခန်းထဲမှာ . . . မနေ့ညတည်းက မျိုးအောင် လာပို့ထားတာထင်တယ်"

"ကြည့်ပြီးသွားပြီလား"

"မကြည့်ရသေးဘူး"

"ဒါဆို လုပ်လေ . . . ကြည့်ရအောင်။ မေဖြူကိုလည်း ပြရတာပေါ့။ ငါတို့အဖွဲ့နဲ့ ပတ်သက်ပြီး သူ့ကို ဘာမှမပြောထားရသေးဘူး"

နိုင်ဦး တအံ့တသြဖြစ်ကာ . . .



"ဟုတ်လား . . . ဩော် . . . ငါက ပြောထားပြီးသွားပြီအောင် ထင်နေတာ"

နိုင်ဦးက ဦးဆောင်ထသွားသည်။ သိန်းဌေးလက်ကိုဆွဲထား သူမ နောက်မှ လိုက်သွားမိပါသည်။ ဘာကြောင့်မှန်းမသိ သူမ ရင်ထွေးခုန်နေသည်။ ကပ်လျက်အခန်းတွင်းကိုရောက်တော့ အလယ်မှာရှိနေသော စားပွဲကြီးတစ်လုံးနှင့် ထိုအပေါ်မှာ တင်ထားသော အထုပ်တစ်ထုပ်ကို တွေ့ရပါသည်။ စက္ကူဝါများဖြင့်ပတ်ထားသော အထုပ်ဖြစ်သည်ကြောင့် အတွင်းမှာ ဘာရှိလဲဆိုတာ မသိရသေး။

နိုင်ဦးက ချည်ထားသော ကြိုးကိုဖြေပါ၏။ ပြီးတော့ ပတ်ထားသော စက္ကူများကို ခွာသည်။ ထို့နောက်မှာ အတွင်းမှပေါ်လာသော အရာများသည်ကား . . .

"ဟင် . . . "

မျက်လုံးပြူးသွားစဉ်မှာပဲ သိန်းဌေးက စာအုပ်စည်းထဲမှ တစ်အုပ်ထုတ်ပြီး သူမကို ပေးသည်။ လက်တွင်ရောက်လာသော စာအုပ်ကို ကြည့်မိတော့ . . .

"အို့ . . ."

တုန်လှုပ်ခဲ့ချေပြီ။ လုံးဝ ထင်မှတ်မထားသော အံ့ရာတစ်ခု။ စာအုပ်မျက်နှာဖုံးမှာကား 'ကြိုးလေးကြိုး No.7' ဟု ရေးထားသည်။

"ဒီ . . . ဒီစာအုပ်က . . ."

တုန်ယင်စွာ မေးလိုက်သော အမေးစကားကို သိန်းဌေးက ပေါ့ပေါ့ပါးပါးပင် ပြန်ဖြေသည်။

"ကိုယ်တို့ထုတ်တဲ့ စာအုပ်လေ။ ကြိုးလေးကြိုးဆိုတာ ကိုယ်တို့လေးယောက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com

"ဟင် . . . "

ပြူးကျယ်သော မျက်လုံးအစုံဖြင့် စာအုပ်ကိုတစ်လှည့်၊ သိန်းဌေးကိုတစ်လှည့် ကြည့်မိတော့ . . .

"တအောင့်နေ မျိုးအောင် လာလိမ့်မယ်။ လူစုံတာနဲ့ မနက်ဖြန် စာအုပ်ဖြန့်ဖို့ကိစ္စ တိုင်ပင်ကြမှာ"

နီးစပ်ရာခုံတစ်လုံးပေါ် မေဖြူဖြူ ဖင်ထိုင်ကျသွားမိ၏။ သူတို့ဘာလုပ်လဲ သိချင်၍ ညကြီးအချိန်မတော် သူမ စွန့်စားခဲ့ရဖူးသည်။ ချစ်သူကို တတ်နိုင်သလောက် ကူညီပေးနိုင်ရန် စမ်းသပ်သမျှ ဖြေဆိုခဲ့ရဖူးသည်။ ယခုတော့ သိလေပြီ။

သိန်းဌေးက တုန်လှုပ်အံ့သြနေသော သူမကိုကြည့်ကာ မချိမချဉ် ဆိုသည်။

"ဘယ်လိုလဲ . . ဖတ်ကြည့်ပါဦး၊ ကိုယ်တို့လက်ရာလေးတွေ"

တစ်ရွက်နှစ်ရွက် လှန်ကြည့်မိသော်လည်း အာရုံသို့ ဝင်မလာပါ။ ဒါပေမဲ့ . . .

"ကို . . . Tiolet ဘယ်နားမှာ ရှိလဲဟင်။ မေဖြူ Tiolet ခဏဝင်ချင်လို့"

သူမ တောင်းဆိုမှုကို ချစ်သူက ကြည်ဖြူစွာ ဖြည့်ဆည်းပေးပါသည်။ အခန်းမှ ထွက်ကာ Tiolet ရှိရာကို လိုက်ပို့ပေး၏။

"စောင့်မနေနဲ့လေ။ ရှေ့မှာပဲ သွားနေပါ။ တော်ကြာ သူများတွေ တစ်မျိုးထင်နေဦးမယ်"

မေဖြူစကားကြောင့် ရပ်စောင့်မည်ပြင်နေရာမှ သိန်းဌေး ပြုံး၍ ထွက်ခဲ့သည်။ ထို့နောက် စာအုပ်တစ်အုပ်ကိုယူကာ ကိုယ့်ကဗျာကိုယ် အရင်ဆုံး လှန်ဖတ်မိပါ၏။ မဖတ်ဖူး၍တော့ မဟုတ်။ အမှား ရှာကြည့်ခြင်း။



**ချစ်သောညီမလေး**

ချစ်သောညီမလေး . . .
တို့အတွက် အချိန်က နည်းလွန်းလှတယ်၊
ပညာကိုသာ သင်ပါကွယ်၊

ချစ်သောညီမလေး . . .
တို့အတွက် သင်ယူစရာတွေ များလွန်းလှတယ်၊
သတိနဲ့ မေတ္တာတရားကို မဖြစ်မနေ သင်ယူပါကွယ်၊

ချစ်သောညီမလေး . . .
တို့ကိုစောင့်ကြည့်နေတဲ့အရာတွေ များလွန်းလှတယ်၊
အရှက်နဲ့ ကိုယ်ကျင့်တရားကို မပြတ်ထိန်းပါကွယ်၊

ချစ်သောညီမလေး . . .
တို့ကို မိဘနဲ့ နိုင်ငံတော်က ဂုဏ်ယူနေတယ်၊
မြန်မာပီသပါစေကွယ်၊

ကြောင်ကြီး

နောက်တစ်ရွက်လှန်တော့ မျိုးအောင် ကဗျာဖြစ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်ပိုင်ဓာတ်ချုပ်ခွင့်

- ဘယ်သွားမလို့လဲ မောင်ရေခဲ
  ဝန်ကြီးဆီကို ကားနဲ့ဆို၊

- ဘာတွေတွေ့လဲ မောင်ရေခဲ
  မှုလတန်းတွေ ထိုင်လို့နေ၊

- ဘာတွေပြောလဲ မောင်ရေခဲ
  နားမလည်၊ ပါးမလည် နိုင်းလိုက်တယ်၊

- ဘယ်လိုလုပ်မလဲ မောင်ရေခဲ
  ....................

- မှန်ကန်ရဲ့လား မောင်ရေခဲ
  ....................

- ဟင်း....
  မြကျွန်းညိုကို လွမ်းလှတယ်၊

အောင်ကြီး

မဆိုး။ စာစီသူများ အမှားယွင်းရှိမနေပါ။ သူတို့လိုချင်သော ပုံစံလည်း ရသည်။ နောက်တစ်ပုဒ် ထပ်တွေ့ရသည်ကား 'တက်လှ'၏ လက်စွမ်းပြ လက်ရာတစ်ခု။ ကဗျာနာမည်က 'ဘယ်လိုပါလိမ့်'



## ဘယ်လိုပါလိမ့်

- ကျောင်းလည်း မတက်
  စာလည်း မကျက်
  Honest ဝင်သူတစ်ယောက်ရှိ၏။
  [မှတ်ချက်။ ။ ကျူတိုရီယယ်တော့ လာဖြေသည်]

- အပြင်မှာ မစား
  ကန်တင်းတွင် စား
  ဈေးကနှစ်ဆ ကြီးသေး၏။
  [မှတ်ချက်။ ။ ဆိုင်တိုင်းမဟုတ်ပါ]

- အိမ်တွင် မသင်
  ကျောင်းမှာ သင်
  ဆရာကြီးမြင်လျှင် ပြေးရ၏။
  [မှတ်ချက်။ ။ အခန်းလွတ်များတွင် ကြိတ်သင်
  လေ့ရှိသော ကျောင်းကျူရှင်များ] ။

- မှန်ဖို့မလို
  ဖြေဖို့လိုသည်
  လိုက်ကန်တော့လျှင် အောင်ပါသည်၊
  [မှတ်ချက်မရှိ]

ဘကြီး

www.burmeseclassic.com

တက်လူ ကဗျာ မဆုံးလိုက်။ နောက်ဖက်မှ ထွက်လာသော မေဖြူဖြူ အော်သံတစ်ခုသည်ကား . . .

"အား . . ."

သိန်းဌေး ထိုင်ရာမှ 'ဝုန်း'ခနဲထကာ အသံကြားရာဆီ ပြေးသွားလိုက်သည်။ ထိုစဉ်မှာပဲ နောက်ဆက်တွဲ ထွက်ပေါ်လာသည့် အသံတစ်ခု။

"လာခဲ့စမ်း . . . ကောင်မ၊ နင်က ငါတို့ကို လာသတ်တာပေါ့ ဟုတ်လား"

မြင်ရသော မြင်ကွင်းက သိန်းဌေးပင်မဟုတ်။ နောက်ဖက်မှ အပြေးရောက်လာသည့် နိုင်ဦးကိုပါ ထိတ်လန့်သွားစေသည်။ တက်လူမှာ မေဖြူဖြူအား ဒေါသတကြီး ဆွဲခေါ်လာ၏။ ရိုးရိုးဆွဲခေါ်လာခြင်း မဟုတ်။ ဆံပင်မှ ဆွဲလာခြင်း။

"ဟာ . . . တက်လူ"

"ဟေ့ကောင် . . . ဘာလုပ်တာလဲ"

သိန်းဌေးအသံက စိုးရိမ်မှုဒေါသတွေနဲ့ ကျယ်လောင်သွားတော့ . . .

"ဘာလုပ်တာလဲ . . . ဟုတ်လား။ သိချင် မင်းကောင်မကို မင်း မေးကြည့်လိုက်။ တောက် . . . တော်သေးတာပေါ့ကွာ။ ငါ အနိုးမြန်နေလို့"

ဆွဲထားသောဆံပင်မှ မေဖြူဖြူကို သုံးယောက်အလယ်သို့ တွန်းလွှတ်သည်။ မေဖြူဖြူမှာ ဒယိမ်းဒယိုင်ဖြင့် ခွေလဲကျသွားတော့ သိန်းဌေး ကပျာကယာ ကောက်ပွေ့လိုက်ရ၏။

"မင်းကောင်မ . . . ငါတို့နာမည်တွေနဲ့ အခု ငါတို့ရှိတဲ့နေရာကို တစ်ယောက်ယောက်ကို အကြောင်းကြားနေတယ်။ ရော့ . . . ဒီမှာ . ."

အံကြိတ်သံဖြင့် ပြောရင်း လက်ထဲမှဖုန်းတစ်လုံးကို နိုင်ဦးထံ ပစ်ပေးသည်။ ဖုန်းကို အလျင်စလိုဖွင့်ကြည့်တော့ လက်ငင်းခေါ်ဆိုထား



သော ဖုန်းနံပါတ်တစ်ခုကို တွေ့ရပါ၏။ ဘယ်သူ့ဖုန်းမှန်းတော့ မသိရ။

"တောက် . . . နင် ဘယ်သူ့ကို သတင်းပေးတာလဲ . . . ပြောစမ်း"

ဟိန်းထွက်သွားသော တက်လူအော်သံနောက်မှာ . . .

"ဟေ့ကောင် . . . မင်း ဘာတွေလျှောက်ပြောနေတာလဲ"

သိန်းဌေး၏ တန့်ပြန်အော်သံအဆုံး . . .

"တက်လူပြောတာ မှန်တယ်"

တံခါးဝမှပေါ်လာသော အသံနဲ့အတူ မျိုးအောင် အိမ်တွင်းသို့ တစ်လှမ်းချင်း လျှောက်ဝင်လာသည်။ အားလုံးက သူ့အား ကြောင်ကြည့်သွားကြစဉ် . . .

"ငါ အချိန်မီ သတင်းပေးဖို့ လာတာပဲ။ အခုတော့ နောက်ကျသွားပြီ"

မေဖြူဖြူရှေ့တွင် ရပ်ကာ လက်မှကိုင်လာသော အရာများကို ပစ်ချပေး၏။ ကြမ်းပေါ် ပြုတ်ကျလာသည်များကား . . .

Double Three ကဗျာစာအုပ် နှစ်အုပ်။

မှတ်စုစာအုပ် တစ်အုပ်။

ပြီးတော့ ရေးလက်စ စာရွက်ကြမ်းနှင့် ကဗျာများ။

"ငါ အခုပဲ သရဖီက ပြန်လာခဲ့တာ။ အသိတစ်ယောက်ကို အကူအညီတောင်းပြီး သူ့အခန်းကို ဝင်ရှာခိုင်းတော့ ဒါတွေ တွေ့ရတာပဲ။ တကယ်တော့ သူက Double Three အဖွဲ့ဝင်တစ်ယောက်။ ငါတို့ တကယ့်မြွေပွေးကိုမှ ခါးပိုက်ပိုက်မိသွားတာ"

"ဟာ . . ."

"တောက် . . ."

နိုင်ဦး ပါးစပ်ဟောင်းလောင်း ပွင့်သွားပြီး တက်လူကတော့ ဘယ်နကြိမ်မြောက်မှန်းမသိ တောက်ခတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

“မင်းတို့ကရော ဘယ်လိုသိတာလဲ”

“ငါ ဟိုနောက်ခန်းထဲမှာ အိပ်နေတာ။ အိပ်ရာနိုးလို့ အိမ်သာဝင်မယ်လုပ်တော့ အိမ်သာထဲက ဖုန်းဆက်သတင်းပေးနေတဲ့ သူ့အသံကို ကြားရတာပဲ”

“ဒီမှာ သူ့ဖုန်း”

မျိုးအောင်လက်တွင်းသို့ ဖုန်းတစ်လုံး ရောက်လာသည်။ နံပါတ်ကိုဖော်ကြည့်ပြီး မျိုးအောင် မျက်နှာပျက်သွားသည်။

“ငါတို့တော့ ဘဝပျက်ပြီ။ ဒါ ပါချုပ်ဖုန်းပဲ”

“ဘာ . . .”

နိုင်ဦး၏ အထိတ်တလန့်အသံ။ ထိုအသံနောက်မှာ မေဖြူဖြူ၏ ငိုရှိုက်သံက အကျယ်တဝင့် ထွက်လာပါတော့၏။ မျက်နှာကိုအုပ်ပြီး ရှိုက်ကြီးတငင် ငိုလေပြီ။

“ဟာကွာ . . .”

တက်လူက အံကိုကြိတ်ရင်း လက်သီးဆုပ်သည်။ သိန်းဌေးမှာတော့ . . .

“မေဖြူ . . . ဟုတ်လား . . . သူတို့ပြောတာတွေက တကယ်ပဲလား . . . မေဖြူ ကိုယ့်ကို ပြောစမ်းပါ”

မေဖြူဖြူ မဖြေ။ ငို၍သာနေသည်ကြောင့် သိန်းဌေးမျက်လုံးတွေက မျိုးအောင်ထံ ရောက်လာသည်။ မျိုးအောင်ကတော့ . . .

“မင်းမယုံရင် သူရေးထားတဲ့ လက်ရေးမူနဲ့ စာအုပ်ထဲက ကဗျာကို တိုက်ကြည့်လိုက်လေ။ အဲဒါမှ မယုံသေးရင် ဒီဖုန်းက ပါချုပ်ဖုန်းဟုတ်မဟုတ် မင်းခေါ်ကြည့်လိုက်”

ယောက်ျားတန်မဲ့ သိန်းဌေးမျက်ရည်တို့ ဝဲတက်လာပါသည်။

“အဲဒါမှ မလုံလောက်သေးရင် ဒီထက်သေချာတာ တစ်ခုကို ငါ ပြောပြမယ်။ မင်းကောင်မလေးက ပါချုပ်အိမ်ကို ညနေတိုင်းသွား



ပြီး စာသင်ပေးရတဲ့ ပါချုပ် သား/သမီးနှစ်ဦးရဲ့ အချိန်ပိုင်းဆရာမ တစ်ယောက်ပဲ။ အဲဒါကို မင်းသိလား”

မျက်လုံးအကြောင်သားဖြင့် မျိုးအောင်ပြောသမျှကို ငေးသွားသည်။ ပြီးတော့ တအိအိ ရှိုက်ငိုနေသည့် မေဖြူဖြူကို ကြည့်သည်။

“မနေ့ည ဒီအိမ်က ငါပြန်တော့ လမ်းမှာ ပါချုပ်ကားပေါ်က ဆင်းလာတဲ့ သူ့ကို တွေ့လိုက်ရတယ်။ အဲဒီမှာ ငါ မသင်္ကာလို့ စုံစမ်းတော့ အနုကိစ္စတွေအားလုံးကို သိရတာပဲ။ ဒါပေမဲ့ ငါတို့ နောက်ကျသွားပြီ။ ဘာမှလုပ်လို့ မရတော့ဘူး”

တက်လူက အိမ်နံရံကို လက်သီးဖြင့် ထိုးသည်။ နိုင်ဦးက အံကိုကြိတ်ပြီး ငူငူကြီးထိုင်နေသည်။ သူ တစ်ချိန်ကချစ်ခဲ့သော မိန်းကလေးတစ်ဦးမှ ဟုတ်ပါလေတော့စ။ တကယ့်ကို ကြောက်စရာအတိပြီးနေသော မိန်းကလေးတစ်ဦးပါလား။

“ဘာလို့ လုပ်ရတာလဲ . . . မေဖြူရာ၊ ဘာလို့ အဲလိုလုပ်ရတာလဲ”

ငိုသံတစ်ဝက်ရောသော သိန်းဌေးစကားတို့ ထွက်လာတော့ . .

“ဟေ့ကောင် . . . အခုမှ ငိုမနေနဲ့။ အစထဲက မင်းကိုကြိုက်လို့ အဖြေပေးတာလား၊ မင်းကို ကြိုးကိုင်ချင်လို့ အဖြေပေးတာလား ရိပ်မိခဲ့ဖို့ ကောင်းတယ်။ အခုတော့ ဘာမှလုပ်မရတော့ဘူး။ ငါတို့အကုန်လုံး . . . သွားပြီ”

တက်လူစကားကြောင့် ငိုရမည့်သိန်းဌေးပင် ဘာလုပ်ရမှန်း မသိတော့ပါ။

“ငါတို့ကတော့ သွားပြီပေါ့ကွာ။ ဒါပေမဲ့ ငါတို့ ရည်မှန်းချက်တော့ မသွားသေးပါဘူး။ ဒီမှာကြည့် . . .”

မျိုးအောင်က လွယ်အိတ်ထဲမှ ဂျာနယ်နှစ်စောင်ကို ထုတ်ကာ တက်လူနှင့်နိုင်ဦးထံ ပစ်ပေးသည်။ ဂျာနယ်မျက်နှာဖုံးအား ကြည့်ပြီး နောက်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . ဒါ . . . ဒါတွေက . . ."

တက်လူနှင့် နိုင်ဦး ကပ္ပာကရာပင် ဂျာနယ်အတွင်းစာမျက်နှာများကို လှန်ကြည့်လိုက်ကြသည်။ အထဲမှာ ရေးထားသည်က သူတို့ တက္ကသိုလ်ကြီးနှင့် ပတ်သက်သော သတင်းတစ်ပုဒ်။ အဓိကက သူတို့ ကြီးလေးကြီးအဖွဲ့၏ ကဗျာစာအုပ်ပါ အကြောင်းအရာများ၊ ကျောင်းသားများ၏ ထောက်ခံမှုများ၊ ကြီးလေးကြီးအား ရှာဖွေဖော်ထုတ်ရန် ကြိုးစားနေမှုများ စတာတွေကို အချက်အလက် တိတိကျကျဖြင့် ရေးသားတင်ပြထားသည်။

နောက်တစ်စောင်က ပိုလို့ပင် ပြည့်စုံသည်။ ကျောင်းသား/သူတို့၏ ကြီးလေးကြီးနှင့် ပတ်သက်သော ရင်တွင်းစကားတို့ပါ ပါဝင်သည်။ ချက်ချင်းပဲ သူတို့နားတွင်းမှာ စကားသံအချို့ ပြန်လည် ကြားယောင်လာ၏။

"လာမယ့်တနင်္လာနေ့ဆို အကောင်ထည် ပေါ်ပါပြီ"

"ငါတို့ကျောင်းကြီးအတွက် ကြီးမားသော အပြောင်းလဲတစ်ခုပေါ့"

သေချာပေပြီ။ ဒါသည် ဦးကိုကိုနိုင်မှလွဲပြီး အခြားသူမဖြစ်နိုင်တော့။ ထိုစဉ်မှာပဲ တုံးတိတိ ထွက်ပေါ်လာသော မျိုးအောင်၏အမေး။

"ငါတို့ ဘာဆက်လုပ်ကြမှာလဲ"

တိုင်ပင်ထားစရာမလို။ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ နိုင်ဦးက ဖြေသည်။

"လုပ်စရာရှိတာ ဆက်လုပ်ရမှာပေါ့"

မျိုးအောင်က နာရီကို တစ်ချက်ပင့်ကြည့်ကာ . . .

"ဒါဆို သွားကြစို့ . . . အချိန်မရှိတော့ဘူး"

နှစ်ဦးသား ခေါင်းညိတ်သည်။ တက်လူက . . .

"သူ့ကို ဘယ်လိုလုပ်မှာလဲ"



မျိုးအောင် သက်ပြင်းကိုချ၍ မေဖြူဖြူရှေ့တွင် ဒူးထောက်ထိုင်ချလိုက်ပါသည်။ ကိုင်ထားသောဖုန်းကို မေဖြူဖြူ့လက်တွင်း ပြန်ထည့်ပေးရင်း . . .

"ဒီမှာ . . . ညီမလေး၊ တာဝန်ဆိုတာကတော့ လူတိုင်းမှာရှိကြတာပဲ။ ဒါပေမဲ့ ကိုယ်ထမ်းရမဲ့ တာဝန်သည် မှန်တဲ့တာဝန်လား၊ မှားတဲ့တာဝန်လားဆိုတာကို အရင်ဆုံး သိအောင်လုပ်ပါ။ ပြီးမှ ထမ်းဆောင်ပါ။ ငါတို့ကို အမှန် /အမှား ခွဲတတ်တဲ့ ဦးနှောက်တွေ အမေတိုင်းက ထည့်ပေးထားတာပဲ။ အဲတော့ . . မင်းဟာမင်း ဆုံးဖြတ်။ မင်းအမေရှေ့ ခြေစုံရပ်ပြီး 'အမေ . . . ကျွန်မတော့ မှန်တာလုပ်ခဲ့တယ်လို့ ပြောနိုင်ရင် ယူထားတဲ့တာဝန်ကို ဆက်ထမ်းဆောင်လိုက်ပေါ့ . . . မဟုတ်ဘူးလား"

မျိုးအောင် မတ်တတ်ထရပ်တော့ သိန်းဌေး မော့ကြည့်သည်။

"ငါတို့ ကျောင်းထဲသွားတော့မယ်"

မျိုးအောင်တို့သုံးဦး အိမ်တွင်းမှ တစ်လှမ်းချင်း ထွက်သွားလိုက်သည်။ ရှေ့ဆက်ရမည့်လုပ်ငန်းစဉ်ကို ပြောပြီးသွားပြီမို့ သူတို့တာဝန်ကျေပါပြီ။ လိုက်တာ မလိုက်တာသည် သူတို့နှင့် မဆိုင်တော့။ ခြံဝရောက်တော့ အပြင်မှပြန်လာသည့် ဘိုစွန်နှင့်ဆုံသည်။ တက်လူက . .

"ဘိုစွန် . . . ကျွန်တော်တို့ကဗျာစာအုပ်တွေ ဖျောက်ပြီး ခင်ဗျားလည်း ဒီနေရာက အမြန်ဆုံးပြေးတော့"

ထို့နောက်မှာတော့ သူတို့ရဲ့ ခြေလှမ်းတွေသည်ကား . . .

ဒါပေမဲ့ . . .

လမ်းကြားမှမထွက်ခင် နောက်ဖက်မှ ပြေးလိုက်လာသော ခြေသံ တစ်စုံကို ကြားလိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# XXIV

"ဟာ . . . လုပ်ကြဦး၊ လုပ်ကြဦး . . . ဟိုမှာ ကျောင်းသား တွေ အုပ်လိုက်ကြီး ချီလာကြပြီ"

"ဟေ . . ."

"ဘာဖြစ်တယ်"

"ဘယ်မှာလဲ"

အစည်းဝေးခန်းထဲမှ ဆရာများ တုန်လှုပ်ကာ သွားပါ၏။ သူတို့ရှေ့မှာ ယနေ့ထုတ်ဂျာနယ်နှစ်စောင် ရှိနေသည်။ ထိုကိစ္စနဲ့ ပတ်သက်ပြီး အရေးပေါ် အစည်းအဝေးခေါ်ကာ ဆွေးနွေးနေကြခြင်းဖြစ်သည်။ ဆွေးနွေးလို့မှ မဆုံးသေး၊ ပြဿနာတစ်ရပ် ဖြစ်ထွန်းလာချေပြီ။ အကုန်လုံး အခန်းထဲမှထွက်ကာ ဝရန်တာမှ ရပ်ကြည့်တော့ . . .

ဟုတ်ပါ၏။ အနည်းဆုံး လူနှစ်ရာခန့်ရှိပေမည်။ တစ်စုတစ်ဝေးတည်း ချီတက်လာနေသည်ကား သူတို့ရှိရာ အဆောင်သို့။

"ဟာ . . . ဒါ ဘာလုပ်ကြတာလဲ"

"ဆန္ဒပြကြတာလား"

တစ်ယောက်တစ်ပေါက် စကားတွေ ဆူညံပြီးနောက်မှာ ဆရာအချို့ အောက်ပြေးဆင်းသွားကြ၏။ ကျောင်းသားအုပ်ကြီးကား တရွေ့ရွေ့ ချီတက်လာနေဆဲ။ ရှေ့ဆုံးမှ ဦးဆောင်လာသူတွေက မျိုးအောင်၊ နိုင်ဦး၊ တက်လူ၊ သိန်းဌေး။ သူတို့နောက်တွင်ကား ကျောင်းသားတွေရော၊ ကျောင်းသူတွေရော။

အဆောင်တွင်းမှ အရင်ဆုံး ပြေးထွက်လာသူက ဦးသက်ဆွေ။ သူ့နောက်မှာ ကျောင်း၏ တာဝန်ရှိပုဂ္ဂိုလ်ကြီးများ၊ ဘာလုပ်ကြမှာလဲ၊ ဘာသဘောလဲစသော မေးခွန်းတွေက ဆရာများမျက်နှာမှာ အစီအရီ။

ဆရာများကို တွေ့ပြီးနောက် သူတို့ကျောင်းသားတွေ၏ ခြေလှမ်းများ ပိုပြီး သွက်လာကြသည်။ မကြာလိုက်၊ ထိုအုပ်စုနှစ်ခုသည်ကား အဆောင်ရှေ့တစ်နေရာတွင် ရင်ဆိုင်တွေ့ကြလေပြီ။ ဦးသက်ဆွေ ခြေလှမ်းကို ရပ်ရင်း မင်သက်ကာ သွားပါ၏။

အကြောင်းကား . . .

သူတို့နှင့် ပေနှစ်ဆယ်အကွာလောက်တွင် ကျောင်းသားအုပ်ကြီး ရပ်တံ့သွားသည်။ ပြီးတော့ စီးတန်းလျှောက်လာရာမှ ဘေးခွဲနေရာယူသည်။

"ဟော့ကောင်တွေ . . . မင်းတို့ . . . ဘာ . . ."

ဦးသက်ဆွေ ဟန့်တားမှု မဆုံးလိုက်။

မျိုးအောင်၏ လက်ခုပ်သံ သုံးချက်နောက်တွင် ထင်မှတ်မထားသော အရာတစ်ခုသည်ကား . . .

တစ်ညီတစ်ညာတည်း ထွက်လာသော အော်သံကြီးတစ်ခု။

ဆန္ဒပြသံလား . . . မဟုတ်။

မကျေမနပ် တောင်းဆိုသံလား . . . မဟုတ်။

မထေမဲ့မြင်သော ပြုလုပ်မှုတစ်ခုလား . . .

လုံးဝ မဟုတ်ခဲ့ပါ။ အားလုံး၏နှုတ်မှ တစ်ညီတညာတည်း ထွက်လာသည်ကား 'မြတ်ဆရာ' သီချင်း။

'ဆရာများနေ့' မှာ ဆရာတွေကို ဂုဏ်ပြုသောသီချင်း။

www.burmeseclassic.com

www.burmeseclassic.com

ဆရာတွေ၏ဂုဏ်ရည်ကို တီတီပပ ဖော်ကျူးပေးထားသော သီချင်း။

"အနန္တငါးဖြာ၊ ရတနာမြတ်ငါးပါးမှာ . . . တစ်ပါးအဝင်ပါ၊ သနားကြင်နာ မေတ္တာစမ်းချောင်းလေးနဲ့ လမ်းကြောင်းပေးတဲ့ မြတ်သောဆရာ"

အကုန်လုံး မျက်လုံးပြူးလေပြီ။ သူတို့ထင်သလို တစ်ခုမှမဟုတ်ခဲ့ပါ။ လက်ခုပ်သံပြိုင်တီးလို့၊ ကြည်လင်ပြုံးရွှင်လို့ . . .

"အာစရိယ သခင်ဆရာ

မမေ့အပ်၊ မမေ့ကြောင်း မမေ့သင့်ကြောင်းပါ။ ကြည်ညိုရိုကျိုး ရှိခိုးပူဇော်ကာ . . . ကျေးဇူးကြီးတဲ့ မြတ်သောဆရာ -- ဆရာမရှိဘဲ တတ်သည့်ပညာ ဤလူ့ ဤရွာ ဤကမ္ဘာမြေကြီးထဲမှာ ဘယ်အခါမှလည်း မရှိပါ။ ဘယ်ခါမှလည်း မရှိပါ . . . ဝါသနာ၊ စေတနာ ရင်မှာပျိုးကာ မြတ်နိုးရသော အာစရိယဆရာ၊ မေတ္တာရှင် မြတ်သောဆရာ . . . ကရုဏာရှင် မြတ်သောဆရာ"

သံပြိုင်သီဆိုနေသော တပည့်များကို ကြည့်ရင်း ဦးသက်ဆွေ ရင်မှာ ဘာမှန်းမသိ ခံစားမိသည်။ ထို့အတူ ရပ်နေသော ဆရာများအားလုံးသည်လည်း၊ ဝရန်တာမှ ကြည့်နေသော ဆရာမများအားလုံးသည်လည်း . . .

ရင်မှာ . . .

သူတို့ရဲ့ ရင်ထဲမှာ . . .

သီချင်းဆုံးတော့ ကျောင်းသားနှစ်ဦးက ဘယ်တုန်းက ယူလိုက်မှန်းမသိသော စားပွဲတစ်လုံးကို သူတို့ရှေ့ မ,လာသည်။ ထိုစားပွဲပေါ်သို့ မျိုးအောင်နှင့်နိုင်ဦးက ယူလာသောအရာများကို တင်သည်။

ပါဆယ်တစ်ထုပ်နှင့် ပန်းချီကားလိပ်တစ်လိပ်။ ပါဆယ်ထုပ်ကာ သူတို့စုကောက်ထားသော ပိုက်ဆံဖြစ်ပြီး ပန်းချီကားလိပ်မှာတော့ . . . ဆရာများ ဘာလုပ်ရမှန်းမသိ ကြောင်ငေးရပ်တဲ့နေစဉ်မှာပဲ ခုန သီချင်းဆိုခဲ့သော ကျောင်းသားအုပ်ကြီးသည်ကား မြေပေါ် ဒူးထောက်လျက် ကန်တော့ကြလေတော့သည်။

အားလုံးမှာ ပုဆစ်တုပ်လျက် ရိုရိုကျိုးကျိုး။

ပြီးတော့ ရိုသေသော၊ လေးစားသော၊ တောင်းပန်ရှိခိုးသော လက်အုပ်တွေဖြင့် ဦးသုံးကြိမ်တိုင်တိုင် . . .

ထိုစဉ်မှာပဲ ကျောင်းအုပ်ကြီးက စားပွဲပေါ်တင်ထားသော ပန်းချီကားလိပ်ကို ဆွဲဖွင့်ကြည့်လိုက်သည်။

အတွင်းမှ ထွက်ပေါ်လာသည်ကား . . .

"အမျိုးသားပညာဝန်ဦးဖိုးကျား၏ ပုံတူပန်းချီကား"

"ဆရာတို့အပေါ်မှာ ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားကျူးလွန်မိတာရှိရင် ကျွန်တော်တို့ကို ခွင့်လွှတ်ပါ . . . ဆရာ"

ငိုသံရောသော မျိုးအောင်၏ စကားဆုံးစဉ်မှာ အားလုံးသော ဦးခေါင်းတို့သည်ကား နောက်တစ်ကြိမ် ရှိခိုးဝန်ချလျက် . . .

မည်သူ မျက်ရည်ဆည်နိုင်တော့မည်နည်း။

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့မှာပဲ Media များတွင် ဖော်ပြခံရမှုနဲ့ပတ်သက်ပြီး ကျောင်းမှ သတင်းစာရှင်းလင်းပွဲလုပ်ကာ ဖြေရှင်းလိုက်ပါသည်။ 'ကြီးလေးကြီး' အဖွဲ့ကို ဖော်ထုတ်ဖမ်းမိခဲ့ပြီးဖြစ်ကြောင်း၊ မှားယွင်းသော သတင်းအချက်အလက်များဖြင့် ကဗျာရေးသားခြင်းကို ဝန်ခံကြောင်း၊ ထိုအဖွဲ့အား ထိုက်သင့်သော ပြစ်ဒဏ်ပေးလိုက်ပြီဖြစ်ကြောင်း . . .

Media များတွင် ဝေဝေဆာဆာ ပြန်လည်ရေးသားခဲ့၏။



ဒါပေမဲ့ ကြီးလေးကြီးအဖွဲ့ဝင်လေးယောက်ကိုတော့ ကျောင်းဝင်း၏ နေရာအနှံ့အပြားမှာ ဟိုမှသည်မှ မြင်တွေ့နေရပါသည်။ ကျောင်းတက်ဆဲဖြစ်သလို အရင်လို ပျော်ရွှင်နေကြဆဲပင်ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ဒဏ်ပေးခြင်း ခံရသည်၊ မခံရသည်ကို တော့ သူတို့ကလွဲပြီး မည်သူမျှ သိလိမ့်မည်မဟုတ် ပါချေ။

ဒါပေမဲ့ ကြီးလေးကြီး ကဗျာစာအုပ်မှာတော့ နောက်ထပ် ထွက်မလာတော့ပါ။

ပြောင်းလဲမှု အသီးအပွင့်ချိုချိုတွေကို သူတို့ စတင်စားသုံးနေရပြီ မဟုတ်ပါလား။



အနာဂတ်သမိုင်းပေါင်းများစွာကို ဖော်ဆောင်မည်ဖြစ်သော၊ အနာဂတ်ရဲ့ ခေါင်းဆောင်တွေကို စဉ်ဆက်မပြတ် မွေးထုတ်ပေးမည် ဖြစ်သော၊ အမိတက္ကသိုလ်ကြီးရှေ့၌ ခြေစုံရပ်ပြီး . . .

လူတစ်ယောက် . . .

ဝမ်းနည်းဖွယ်စကားကို ဆိုနေသည်။

ပုဆိုးနှင့် တိုက်ပုံကို ခန့်ညားစွာ ဝတ်ထား၏။ ရင်ဘတ်တွင် ပညာရေးတံဆိပ် ထိုးထား၏။

သူ့အား တပည့်များက အရိုက်ကြမ်းသောဆရာဟု အမည် ပေးသည်။ အဖမ်းအဆီး ရက်ရောသည်ဟု ကင်ပွန်းတပ်သည်။

သူဆိုနေသည်ကား . . .

"ခြော် . . . စနစ်၊ စနစ် . . . ဒီစနစ်ဆိုးတာ ငါတို့နဲ့ ငါတို့ ရင်သွေးတွေကို သွေးများ ခွဲနေရှာသလားဟယ်"

**သိုးဆောင်း**

မြန်မာစံတော်ချိန် ညရှစ်နာရီပြည့်

ငါးဆယ့်လေးမိနစ် ရှိပါပြီခင်ဗျာ။



www.burmeseclassic.com